မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ သောကြာနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၂၈]

မေတ္တာသည် အတ္တမဟုတ်

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်းဆောင်ရွက်

(စာမျက်နှာ » ၇)

အမျိုးသားလွှတ်တော်အစည်းအဝေး

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

(စာမျက်နှာ » ၇)

နှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ် BOT စနစ်ဖြင့်အဆင့်မြှင့်တင်ဆောင်ရွက်တော့မည့် မန္တလေး-ပြင်ဦးလွင်-ကျောက်မဲလမ်းပိုင်းမှ ဂုတ်ထိပ်ကားလမ်းကြေးကို တွေ့ရစဉ်။

သတင်း-ခရမ်းစိုးမြင့်
ဓာတ်ပုံ-ကျော်မိုးလွင်

မန္တလေး ဖေဖော်ဝါရီ ၄

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကားလမ်းများသည် ယခင်က နိုင်ငံတစ်ဝန်းလုံး၌လမ်းပေါင်း ၁၁ လမ်းနှင့် လမ်းမိုင်ပေါင်း ၂၄၅၂ မိုင်သာရှိခဲ့ရာမှ ယခုအခါ အရှေ့အနောက်၊ တောင်မြောက်လမ်းပေါင်း ၇၉၄ လမ်းနှင့် လမ်းမိုင်ပေါင်း၂၄၃၆၇ မိုင်နှင့် ခြောက်ဖာလုံအထိရှိနေပြီဟု ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းတံတားများ အခြေအနေနှင့်အနာဂတ်စီမံကိန်းများ စာတမ်းအရ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ *

ယနေ့ ပတ်စရာ

အလက်ပိုမြို့ကို အရှိန်မြှင့်တိုက်ခိုက်နေသဖြင့် ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲရပ်ဆိုင်း

စာ » ၄

မြေလျှင်ဘေးအန္တရာယ်လျှော့ပါးရေး

ဆောင်းပါး

စာ » ၆

မော်လမြိုင်မြို့နှင့် အမေရိကန်နိုင်ငံရှိ ဗိုဒင်နီးမြို့တို့အကြား ညီအစ်မမြို့တော် တည်ထောင်မည်

စာ » ၁၁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဒီမိုကရေစီနှင့် စည်းကမ်း

လွန်ခဲ့သည့်နှစ်အတွင်း မြန်မာနိုင်ငံ၏ အချက်အချာကျရာ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် နေရာအနှံ့အပြား၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကွန်ကရစ်လမ်းများခင်းပေးခဲ့ပါသည်။ အဓိကလမ်းမကြီးများသာမက ရပ်ကွက်လမ်းများအထိ နေရာတိုင်းနီးပါး ကွန်ကရစ်လမ်းများ ခင်းပေးခဲ့ပါသည်။ ကွန်ကရစ်လမ်းသစ်များကြောင့် ရပ်ကွက်များ သန့်ရှင်းလာပါသည်။ သွားရေးလာရေး အဆင်ပြေလာပါသည်။ လမ်းသစ်များပေါ်ထွန်းလာမှုကြောင့် ရပ်ကွက်အတွင်းရှိ အိမ်ဈေးမြေဈေးများပင် ကောင်းလာခဲ့ပါသည်။

ထိုအခြေအနေကို အခွင့်ကောင်းယူပြီး အချို့သောသူများက လမ်းပေါ်တွင် စက်ဘီးဆိုင်ကယ်မှအစ ကားများအဆုံး ဘေးတစ်ဖက်တစ်ချက်စီတွင် စည်းကမ်းမဲ့စွာ ရပ်နားထားခြင်းတို့ကြောင့် လမ်းများပိတ်ဆို့လျက်ရှိပါသည်။ အချို့သောသူများမှာ လမ်းပေါ်တွင် ဘောလုံးကစားခြင်း၊ ရေချိုးခြင်းနှင့် တိရစ္ဆာန်အစာကျွေးခြင်း၊ ထမင်းကျန်ဟင်းကျန်များ မြောင်းများအတွင်း စွန့်ပစ်ခြင်း၊ အမှိုက်သရိုက်များ စည်းကမ်းမဲ့စွာ ပစ်ခြင်းတို့ကြောင့် လမ်း၏အင်္ဂါရပ်နှင့်မညီညွတ်ဘဲ တွေ့ရှိနေရပါသည်။ ထို့အပြင် လမ်းပေါ်တွင် ဈေးတက်ရောင်းသူများလည်း ရှိပါသေးသည်။ လမ်းကို အိမ်လုပ်နေသလားဟု ထင်ရလောက်အောင် လမ်းနယ်များကို ကျူးကျော်ထားကြပါသည်။

အချို့သောသူများမှာ ကားသာရှိပြီး ကားထားရန်နေရာမရှိ၍ လမ်းမဘေးကို ခွလျက်ရပ်ထားသဖြင့် ပုံမှန်သွားလာနေသူများကို အနှောင့်အယှက်ပြုနေသလိုဖြစ်နေပါသည်။ ဤဖြစ်စဉ်များကို ထောက်ရှုလျက် ကျွန်ုပ်တို့အနေဖြင့် စည်းကမ်းရှိဖို့ လိုအပ်လာပြီဖြစ်ပါသည်။ ဒီမိုကရေစီခေတ်တွင် စည်းကမ်းသည် အရေးကြီးပါသည်။ စည်းကမ်းသည်လူ၏တန်ဖိုးဖြစ်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဟသ်ာတသို့ရောက်ရှိစဉ် လမ်းများပေါ်တွင် လွတ်လပ်ရေးရပြီဆိုကာ စည်းကမ်းမဲ့စွာ ဆေးရွက်ကြီးလှန်းထားသည်များကို တွေ့ရကြောင်း မိန့်ခွန်းတစ်ရပ်တွင် ပြောကြားခဲ့ဖူးပါသည်။ ယခုတစ်ဖန် ရန်ကုန်မြို့ ရပ်ကွက်လမ်းအချို့၌ စည်းကမ်းမဲ့လုပ်ရပ်များကို တွေ့မြင်နေရပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ထိုဖြစ်စဉ်များအပေါ် စည်းကမ်းတကျဖြစ်အောင် တုံ့ပြန်ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။ ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသာယာလှပသော မြို့တော်ကြီးဖြစ်အောင် ဆောင်ရွက်လျက်ရှိရာ လူတိုင်းလူတိုင်း ဒီမိုကရေစီစနစ်နှင့်အညီ စည်းကမ်းတကျရှိမှသာလျှင် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်း၍ခေတ်မီသော မြို့တော်ကြီးအဖြစ်သို့ တက်လှမ်းနိုင်မည် ဖြစ်ပါကြောင်း။ ။

စာပေမြင့်မှ လူမျိုးတင့်မည်

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)
ကြော်ငြာ	-	၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ	-	၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

ရွှေတိဂုံစေတီတော်တွင် ထမနဲလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ မြန်မာ့ရိုးရာဆယ့်နှစ်လရာသီ ပွဲတော်များအနက် တပို့တွဲလရာသီရောက်တိုင်း ကျင်းပမြဲဖြစ်သော ထမနဲလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၂ ရက်မှစတင်ကာ ကျင်းပသွားမည်ဖြစ်သည်။

တပို့တွဲလဆန်း ၁၄ ရက် (အဖိတ်နေ့) ညနေပိုင်းတွင် စေတီတော်အရှေ့ဘက်အောက်ပစ္စယံ ထန်းပင်ကုန်းကွင်း၌ ဘာသာရေးအသင်းအဖွဲ့များအပါအဝင် စုစုပေါင်းအသင်းအဖွဲ့ ၃၆ ဖွဲ့တို့က ထမနဲထိုးယှဉ်ပြိုင်လုပ်အားဒါနပြုကြမည်ဖြစ်ကြောင်း သိရသည်။

ကိုချစ်

ညောင်ဦးမြို့နယ်ရှိ ကျေးရွာများ ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်

ညောင်ဦး ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ကျေးလက်နေပြည်သူများ ဆိုလာစနစ်ဖြင့် မီးလင်းခွင့်အသုံးပြုနိုင်ရေးအတွက် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ADB ဘဏ်တို့ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် စန်းကန်ကျေးရွာသို့ သွားရောက်ပြီး ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံကာ ပြည့်ဖြိုးမြစွမ်းအင်ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆွေးနွေးစဉ် စန်းကန်ကျေးရွာတွင် ပြန်လည်ပြည့်ဖြိုးမြစွမ်းအင်ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ရာတွင် ကုန်ကျစရိတ်အတွက် ဒေသခံပြည်သူများက ၂၀ ရာခိုင်နှုန်းကျခံရမည် ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ADBဘဏ်တို့က ဇမ္ဗူရစ်ပုလဲကုမ္ပဏီနှင့်ပူးပေါင်း၍ လိုအပ်သည့်နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့်ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းကို ယခုနှစ် မေလကုန်တွင် အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်နိုင်ရေး အသိပညာပေး

ကော့သောင်း ဖေဖော်ဝါရီ ၄

သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်နိုင်ရေးအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကော့သောင်းမြို့ ရွာသာရွာကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တာဝန်ခံဦးစီးမှူး မြို့နယ်မီးသတ်ဦးစီးမှူးတို့က သဘာဝဘေးအန္တရာယ်မဖြစ်ပွားမီ၊ ဖြစ်ပွားချိန်နှင့်ဖြစ်ပွားပြီးအချိန်အပိုင်းအခြားအလိုက် ပြည်သူများ ကြိုတင်ကာကွယ်မှုနှင့်ဆောင်ရွက်ရမည့် သိသင့်သိထိုက်သည်များ၊ မီးဘေးအန္တရာယ်ကျရောက်ပါက ဆောင်ရွက်ရမည့်အစီအစဉ်များကို ကျေးရွာပြည်သူများသို့ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ကျော်စိုး(ပြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၂-၂၀၁၆

ရွှေဈေးနှုန်း(အောင်သပြေ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၆၈၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၂၂၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၆၈၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

ဒီဇယ်	၄၇၀/၄၈၀ ကျပ်
အောက်တိန်း ၉၂	၅၂၀/၅၅၀ ကျပ်
အောက်တိန်း ၉၅	၆၃၀/၆၆၀ ကျပ်
ပရီမီယံဒီဇယ်	၅၁၀/၅၂၀ ကျပ်

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

မန္တလေး

ဒီဇယ်	၅၄၀/၅၆၀ ကျပ်
အောက်တိန်း ၉၂	၆၀၀/၆၂၀ ကျပ်
အောက်တိန်း ၉၅	၇၁၀/၇၅၀ ကျပ်
ပရီမီယံဒီဇယ်	၅၇၀/၆၂၀ ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀	- ၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀	- ၅၀၀၀
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀	- ၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀	- ၁၂၀၀၀
၅။ ပုဇွန် (ကျော့)	တစ်ပိဿာ	၇၀၀၀	- ၁၀၀၀၀
၆။ ပုဇွန်တုပ်	တစ်ပိဿာ	၁၀၀၀၀	- ၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀	- ၁၈၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀	- ၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀	- ၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀	- ၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀	- ၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀	- ၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၉၂
ဥရောပ	တစ်ယူရို	၁၄၀၈.၂
စင်ကာပူ	တစ်ဒေါ်လာ	၉၀၈.၃၂
ထိုင်း	တစ်ဘတ်	၃၆.၃၀
အိန္ဒိယ	တစ်ရူပီး	၁၉.၀၃
တရုတ်	တစ်ယွမ်	၁၉၆.၄၀
မလေးရှား	တစ်ရင်းဂစ်	၃၀၉.၄

ခင်ရတနာ-စုစည်းသည်။

ဇီကာ (Zika) ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဖေဖော်ဝါရီ ၄

ဇီကာ (Zika) ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်က ဇီကာရောဂါသည် ဇီကာဗိုင်းရပ်စ်ပိုး သယ်ဆောင်သော အေးဒိစ်ခြင်ကျားကိုက်ခြင်းမှတစ်ဆင့် လျင်မြန်စွာကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ကြောင်း၊ ဇီကာဗိုင်းရပ်စ်ရောဂါပိုးကို ၁၉၄၇ ခုနှစ်တွင် ယူဂန္ဓာနိုင်ငံမှ မျောက်တို့၌ စတင်စမ်းသပ်တွေ့ရှိခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ယူဂန္ဓာနှင့် တန်ဇန်းနီးယားနိုင်ငံတို့ရှိ လူများသို့ကူးစက်မှုရှိခဲ့ကြောင်း ၊ ၂၀၁၅ ခုနှစ်တွင် အမေရိကနှင့် အာဖရိကဒေသတို့၌ ကပ်ရောဂါအသွင်ဖြစ်ပွားခဲ့ကြောင်း၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ထိုင်းနိုင်ငံမှာလည်း ၂၀၁၂ ခုနှစ်ကတည်းက စတင်ဖြစ်ပွားခဲ့ပြီး ၂၀၁၄ ခုနှစ်အထိ ဖြစ်ပွားသူစုစုပေါင်း ခုနစ်ဦးရှိခဲ့ကြောင်း။

ဇီကာရောဂါလူနာများသည် ဖျားခြင်း၊ အနီအကွက်/အစက်များထွက်ခြင်း၊ မျက်စိနာခြင်း၊ ကြွက်သားနှင့် အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်းစသည့် ရောဂါလက္ခဏာများ ခံစားရသော်လည်း ရောဂါမပြင်းထန်ပါကြောင်း၊ သို့သော် လတ်တလောတွင် ဇီကာဗိုင်းရပ်စ်ရောဂါပိုးကူးစက်ဖြစ်ပွားနေသော ဘရာဇီးနိုင်ငံ၌ ရောဂါ၏ နောက်ဆက်တွဲအဖြစ် ရောဂါပိုးကူးစက်ခံရသော ကိုယ်ဝန်ဆောင် မိခင်များတွင် ဦးနှောက်သေးငယ်သော ကလေးငယ်များ မွေးဖွားလာခြင်းနှင့် ပတ်သက်ပြီး ဆက်စပ်မှု ရှိ/မရှိ သက်သေပြနိုင်ရန် ပညာရှင်များ ကြိုးစားလျက်ရှိကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဇီကာရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကမ္ဘာ့တအရေးပေါ် ဆောင်ရွက်ကြရန် ကြေညာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဇီကာရောဂါလူနာကို မတွေ့ရှိရသေးသော်လည်း ဇီကာဗိုင်းရပ်စ်ရောဂါပိုး သယ်ဆောင်သော အေးဒိစ်ခြင်များသည် မြန်မာနိုင်ငံအနှံ့ရှိနေသောကြောင့် ဇီကာရောဂါလူနာတစ်ဦး ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ဇီကာဗိုင်းရပ်စ်ရောဂါပိုးသည်လည်း တစ်နိုင်ငံလုံးကို ပျံ့နှံ့ရောက်ရှိသွားနိုင်ပါကြောင်း။

အဆိုပါ ဇီကာရောဂါ မြန်မာနိုင်ငံအတွင်း ကူးစက်ရောက်ရှိမလာစေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအားလုံး၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဇီကာရောဂါကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော နီးနွယ်ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးတွင် ဇီကာရောဂါပိုး ဖြစ်ပွားမှုနှင့်ပတ်သက်၍ ထောက်လှမ်း စောင့်ကြပ်ကြည့်ရှုသည့်စနစ်ကို အချိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ ခြင်ကျားလောက်လမ်းနှိမ်နင်းရေးကို လူထုလှုပ်ရှားမှုရက်သတ္တပတ်ပုံစံနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရန်၊ ဇီကာရောဂါဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲညီလာခံတစ်ရပ် အမြန်ကျင်းပပြီး ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကုသရေးဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ ပြုစုဖော်ထုတ်ရန်၊ ဇီကာရောဂါဆိုင်ရာ ဓာတ်ခွဲစမ်းသပ်အတည်ပြုနိုင်ရန်အတွက် လိုအပ်သောပစ္စည်းများကို အမြန်ရရှိရေးဆောင်ရွက်ရန်၊ နီးနွယ်ဆက်စပ်နေသောဌာနဆိုင်ရာအားလုံးနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးရောဂါကြိုတင်ကာကွယ်ရေးအတွက် ပါဝင်ဆောင်ရွက်ကြစေရေးအတွက် နိုးဆော်ဆောင်ရွက်ရန် စသည်တို့ကို သဘောတူညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ကိုကိုအား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) မောင်မယ်သစ်လွင်ကြိုဆို၊ ထူးချွန်ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၄

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပထမနှစ် ဘီဒီအက်စ် (၁၂/၂၀၁၅)သင်တန်း ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုခြင်းနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ယင်းတက္ကသိုလ်ရှိ ရွှေရတုခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပါမောက္ခချုပ်နှင့် ဌာနမှူးများက ထူးချွန်ကျောင်းသား ကျောင်းသူ ၁၂၅ ဦးတို့ကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

* ရှေ့ဖုံးမှ

ယခုအခါ တည်ရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လမ်းများမှာ ကချင်ပြည်နယ်တွင် လမ်းပေါင်း ၆၀၊ မိုင်ပေါင်း ၂၃၁၈ မိုင်နှစ်ဖာလုံ၊ ကယားပြည်နယ်တွင်လမ်းပေါင်း ၁၉ လမ်း၊ မိုင်ပေါင်း ၅၀၀၊ ကရင်ပြည်နယ်တွင် လမ်းပေါင်း ၄၈ လမ်း၊ မိုင်ပေါင်း ၁၁၂၅ မိုင် ငါးဖာလုံ၊ ချင်းပြည်နယ်တွင် လမ်းပေါင်း ၂၈ လမ်း၊ မိုင်ပေါင်း ၁၂၂၈ မိုင် လေးဖာလုံ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လမ်းပေါင်း ၇၉ လမ်း၊ မိုင်ပေါင်း ၂၆၈၆ မိုင် တစ်ဖာလုံ၊ တနင်္သာရီတိုင်းဒေသကြီးတွင် လမ်းပေါင်း ၂၂ လမ်း၊ မိုင်ပေါင်း ၈၇၃ မိုင် သုံးဖာလုံ၊ ပဲခူးတိုင်းဒေသကြီးတွင် လမ်းပေါင်း ၃၆ လမ်း၊ မိုင်ပေါင်း ၁၃၄၇ မိုင်၊ မကွေးတိုင်းဒေသကြီးတွင် လမ်းပေါင်း ၆၃ လမ်း၊ မိုင်ပေါင်း ၂၀၇၈ မိုင် တစ်ဖာလုံ၊ မန္တလေးတိုင်းဒေသကြီးတွင် လမ်းပေါင်း ၆၃ လမ်း၊ မိုင်ပေါင်း ၁၅၈၅ မိုင် ငါးဖာလုံ၊ မွန်ပြည်နယ်တွင် လမ်းပေါင်း ၂၆ လမ်း၊ မိုင်ပေါင်း ၄၅၆ မိုင်၊ ရခိုင်ပြည်နယ်တွင် လမ်းပေါင်း ၄၂ လမ်း၊ မိုင်ပေါင်း ၁၀၈၄ မိုင် သုံးဖာလုံ၊ ရန်ကုန်တိုင်းဒေသကြီးတွင် လမ်းပေါင်း ၅၀၊ မိုင်ပေါင်း ၆၀၉ မိုင် တစ်ဖာလုံ၊ ရှမ်းပြည်နယ်တွင် လမ်းပေါင်း ၁၈၀၊ မိုင်ပေါင်း ၆၈၇၂ မိုင် ခုနစ်ဖာလုံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် လမ်းပေါင်း ၆၇ လမ်း၊ မိုင်ပေါင်း ၁၆၀၂ မိုင် ခြောက်ဖာလုံရှိသည်။

အဆိုပါ လမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့နှင့် တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက စီမံခန့်ခွဲ၍ တစ်လမ်းသွားမှ နှစ်လမ်းသွား၊ နှစ်လမ်းသွားမှ လေးလမ်းသွား စသည်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုနေ့အကြို တံတားများဖွင့်

ရမ်းဗြဲ ဖေဖော်ဝါရီ ၄

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဦးဂ တံတား ပေ ၁၈၀ နှင့် ခွင့်ပြုရန်ပုံငွေကျပ် ၁၆၂ ဒသမ ၈ သန်း၊ ပုန်းဆိုးပြင် တံတား ပေ ၁၁၀ ခွင့်ပြုငွေကျပ် ၉၉ ဒသမ ၀ သန်း၊ ကန့်ကော်တံတား ပေ ၁၅၀ ခွင့်ပြုငွေကျပ် ၁၃၅ သန်းတို့အား (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇန်နဝါရီ ၃၁ ရက်က ရခိုင်ပြည်နယ် သစ်တောနှင့် သတ္တုဝန်ကြီး ဦးကျော်ခင်နှင့် တာဝန်ရှိသူတို့က တံတားများ ဖွင့်လှစ်ပေးခဲ့ပြီး ယင်းတံတားများ ဆောက်လုပ်ပေးမှုကြောင့် ကျေးရွာ အုပ်စု ခုနစ်စု၊ ကျေးရွာပေါင်း ၃၄ ရွာမှ အိမ်ခြေ ၂၂၇၅ လုံး၊ လူဦးရေ ၉၆၅၅ ဦးတို့ကို အကျိုးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(၁၅၇)**

ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း ၂၀၁၅ ခုနှစ် စာမူရှင်ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း ၂၀၁၅ ခုနှစ် စာမူရှင်ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပရာ ရန်ကုန်တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာအောင်ကျော်၊ ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းကော်မတီမှ တာဝန်ရှိသူများနှင့် စာမူရှင်များတက်ရောက်ကြသည်။ **(ယာပုံ)**

ဦးစွာ ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းကော်မတီ နာယက ဒေါက်တာ ဖိုးကောင်းက အမှာစကားပြောကြားပြီး ကော်မတီဥက္ကဋ္ဌ မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါက်တာအောင်မြင့်ဦးက ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်တို့က စာမူရှင်များအား စာမူခ ချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ စာမူရှင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အစဉ်အလာ ကြီးမားခဲ့သော ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းကို ၂၀၁၄ ခုနှစ်က ပြန်လည်စတင်ထုတ်နိုင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း ၂၀၁၅ ခုနှစ်တွင် ဆောင်းပါး ၂၉ ပုဒ်၊ ကဗျာ ၁၇ ပုဒ်၊ ဝတ္ထုတိုလေးပုဒ်၊ ကာတွန်းသုံးပုဒ်၊ အင်္ဂလိပ်စာကဗျာ ငါးပုဒ်နှင့် ဆောင်းပါး ၁၂ ပုဒ်တို့ကို ဖော်ပြထားသည်။

ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း ၂၀၁၆ ခုနှစ်အတွက် စာမူရှင်များသည် ၂၀၁၆ ခုနှစ် မတ် ၃၁ နောက်ဆုံးထားကာ ကာတွန်း၊ ကဗျာ၊ ဆောင်းပါး၊ စာညွှန်း၊ ရသစာတမ်း၊ ဝတ္ထုတိုတို့ကို ပေးပို့နိုင်ရန် တောင်ငူဆောင်၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၊ ဘွဲ့နှင်းသဘင်၊ ဝိဇ္ဇာခန်းမ၊ ကျောင်းသားရေးရာ၊ အပန်းဖြေ ရိပ်သာ (RC) တို့တွင် စာမူပုံးများ ထားရှိသည်။

စာမူပေးပို့ရာတွင် ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်းနှင့် အခြားမည်သည့်စာစောင်တွင်မျှ ပုံနှိပ်ဖော်ပြခြင်း မရှိကြောင်း ဝန်ခံချက်ပူးတွဲပေးပို့ရမည်ဖြစ်သည်။

ကျောင်းသားဖြစ်ပါက အမည်၊ ကလောင်အမည်၊ အတန်း၊ ခုံအမှတ်၊ အထူးပြုဘာသာရပ်၊ နိုင်ငံသားအမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ၊ ဝန်ထမ်းဖြစ်ပါက အမည်၊ ရာထူး၊ ဌာန၊ နိုင်ငံသားအမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

အလက်ပိုမြို့ကို အရှိန်မြှင့်တိုက်ခိုက်နေသဖြင့် ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲရပ်ဆိုင်း

ဆီးရီးယားကိုယ်စားပြုကုလသမဂ္ဂမှ ဓေ့စပ်ညှိနှိုင်းရေးပုဂ္ဂိုလ်စတက်ဖန်ဒီမစ်တူရာအား သတင်းစာရှင်းလင်းပွဲ၌ တွေ့ရစဉ်။

ဂျနီဗာ ဖေဖော်ဝါရီ ၄

သူပုန်ထိန်းချုပ်ရာ အလက်ပိုမြို့ မြောက်ပိုင်းကို ရုရှားက လေကြောင်းမှ တိုးမြှင့်တိုက်ခိုက်နေ၍ ဆီးရီးယား ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဗုဒ္ဓဟူး နေ့တွင် ကုလသမဂ္ဂသံတမန်က ၎င်း၏ကြိုးပမ်းမှုများကို ဆိုင်းငံ့ထား လိုက်သည်။

တူရကီမှ အလက်ပိုမြို့ရှိသူပုန်များကို အဓိကထောက်ပံ့ပေးရာ လမ်းကြောင်းကို ရုရှား၏လေကြောင်း အကူရယူကာ အစိုးရတပ်များက အရှိန်မြှင့်တင်တိုက်ခိုက်လျက်ရှိသည်။ ရုရှား၏ အရှိန်မြှင့်တင်တိုက်ခိုက်မှုသည် ယခု သီတင်းပတ်အစောပိုင်းတွင် စတင်ခဲ့ခြင်းဖြစ်ပြီး အနည်းငယ်သာ တိုးတက်မှုရသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အဟန့်အတားဖြစ်စေကြောင်း အခြားကုလသမဂ္ဂထိပ်တန်းသံတမန်က ပြောသည်။

နှစ်နှစ်အတွင်း ဆီးရီးယားစစ်ပွဲအဆုံးသတ်ရန် ပထမဆုံးကြိုးပမ်းမှုတစ်ရပ်အဖြစ် သုံးပတ်ကြာ ဂျနီဗာဆွေးနွေးပွဲကို စတက်ဖန်ဒီမစ်စတူရာက ကြေညာခဲ့သည်။

နိုင်ငံတကာ ကျောထောက်နောက်ခံများအနေဖြင့် နှစ်ဖက်ပြိုင်ဘက်များကို အရေးပေါ်အကူအညီပေးရန်လိုအပ်ကြောင်း၊ အဓိကအားဖြင့် အမေရိကန်နှင့် ရုရှားတို့က အကူအညီပေးရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

(ရိုက်တာ)

တိုက်ချင်းပစ်ဒုံးပစ်စင် မြောက်ကိုရီးယားကမ်းရိုးတန်းတွင် ဂျပန်တွေ့ရှိ

၂၀၁၄ ခုနှစ်က မြောက်ကိုရီးယားကမ်းရိုးတန်းမှ ဂျပန်နိုင်ငံကို ကျော်လွန်ပစ်လွှတ်ခဲ့သည့် ဒုံးပျံအမျိုးအစားကို တွေ့ရစဉ်။

တိုကျို ဖေဖော်ဝါရီ ၄

တိုက်ချင်းပစ်ဒုံးပျံ သယ်ဆောင်လာသော မိုဘိုင်းဒုံးပစ်စင်ကို မြောက်ကိုရီးယား အရှေ့ဘက်ကမ်းရိုးတန်းအနီး ရွှေ့ပြောင်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ အနောက်ဘက်ကမ်းရိုးတန်း၌လည်းတာဝေးပစ်ဒုံးပစ်စင်ကို တွေ့ရကြောင်း ဂျပန်ပြည်သူ့ရုပ်သံအင်န်အိတ်ချ်ကေက ကြာသပတေးနေ့တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားအနေဖြင့် စီစဉ်ထားသော ဒုံးပျံပစ်လွှတ်မှုကိုရင်ဆိုင်းရန် နိုင်ငံတကာကဖိအားပေးနေချိန် အခြားဒုံးကျည်စမ်းသပ်မှုတစ်ရပ်ပြုလုပ်ခဲ့သည်။ ပြုံယမ်းက ကုလသမဂ္ဂအေဂျင်စီများသို့ ယခုသီတင်းပတ်အတွင်း ကမ္ဘာမြေလှည့်လာရေးဂြိုဟ်တုလွှတ်တင်ရန် ပြောကြားပြီးကတည်းက စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။

ဂျပန်နိုင်ငံက ၎င်း၏ပိုင်နက်နယ်မြေအတွင်း ခြိမ်းခြောက်မှုရှိသော မည်သည့်ဒုံးကျည်မျှ ကျရောက်ခြင်းမရှိစေရန် ၎င်း၏တပ်ဖွဲ့များအား သတိပေးတပ်လှန့်မှုများ ပြုလုပ်လျက်ရှိသည်။

အဆိုပါရွှေ့နိုင်ပြောင်းနိုင်သော ဒုံးပစ်စင်သည် မြေအောက်ကဲ့သို့ အဆောက်အအုံနေရာများတွင်ထားရှိနိုင်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။ မြောက်ကိုရီးယားက ၂၀၁၄ ခုနှစ် မတ်လတွင် ယင်းဒုံးပစ်စင်ဖြင့် အရှေ့ဘက်ဂျပန်ကမ်းရိုးတန်းဆီသို့ ဒုံးကျည်နှစ်စင်းပစ်ခတ်ခဲ့သည်။

(ရိုက်တာ)

အာဖဂန်တောင်ပိုင်းတွင် တာလီဘန် ၂၅ ဦး လက်နက်ချအလင်းဝင်

ဖေဇာဘတ် ဖေဖော်ဝါရီ ၄

ကဘူးလ်မြို့တော်၏ အနောက်မြောက်ဘက် ၃၁၅ ကီလိုမီတာအကွာ ဖေဇာဘတ်မြောက်ပိုင်း ဘဒက်ရှန်ပြည်နယ်တွင် တာလီဘန်စစ်သွေးကြွ ၂၅ ဦးတို့သည် ရဲများထံ လက်နက်ချအညံ့ခံခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ပြည်နယ်အုပ်ချုပ်ရေးအရာရှိ အာမက်နော်ဖရိုတန်က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် နှစ်နှစ်ကျော်အကြာက တစ်ရှိုတန်ဒေသအတွင်း၌ လှုပ်ရှားနေကြသော ရှိမ်ဂျာမယ်လက်အောက်ရှိ တာလီဘန်တိုက်ခိုက်ရေးသမား ၂၅ ဦးတို့သည် လွန်ခဲ့သော နှစ်ရက်ကျော်က လက်နက်ချခဲ့ပြီး သာမန်အရပ်သားဘဝဖြင့် ဆက်လက်နေထိုင်လျက်ရှိသည်ဟု ဖရိုတန်က ဆင်ဟွာသို့ ပြောခဲ့သည်။

ဇန်နဝါရီလလယ်လောက်ကတည်းက စတင်ကာ တစ်ရှိုတန်နှင့် တာဂတ်ဒေသတို့တွင် နယ်မြေရှင်းလင်းမှုများ လုပ်ဆောင်နေဆဲဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

(ဆင်ဟွာ)

ယီမင်မြို့တော်တွင် ဒရုန်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွဟုသံသယရှိသူ ခြောက်ဦးသေဆုံး

ကိုင်ရို ဖေဖော်ဝါရီ ၄

ယီမင်နိုင်ငံအရှေ့ပိုင်းတွင် ညသန်းခေါင်ကျော်အချိန် ဒရုန်းလေယာဉ်တိုက်ခိုက်မှုကြောင့် အယ်လ်ခိုင်ဒါစစ်သွေးကြွဟုသံသယရှိသူ ခြောက်ဦးသေဆုံးခဲ့ကြောင်း ဒေသတွင်းသတင်းရင်းမြစ်များက ကြာသပတေးနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဒရုန်းလေယာဉ်မှလာသည်ဟု ယူဆရသည့် အဆိုပါတိုက်ခိုက်မှုသည် အယ်လ်ခိုင်ဒါစစ်သွေးကြွများ ထိန်းချုပ်ထားဟန်ရှိသော ကန္တာရဒေသဖြစ်သည့် ရှဘ်ဝါပြည်နယ် ရော်ဒါမြို့အတွင်း မောင်းနှင်နေသော ကားတစ်စီးကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ အဆိုပါပြည်နယ်သည် ယခုနှစ်အတွင်း ဒရုန်း တိုက်ခိုက်မှုများ၏ ပစ်မှတ်ထားခြင်းကို ခံနေရသည်။

ဟူသီသူပုန်အင်အားသစ်များနှင့် သမ္မတ အဗ္ဗဒူရာဘူမန်ဆောဟာဒီ၏ သစ္စာတော်ခံတပ်ဖွဲ့ဝင်အင်အားစုများအကြား ဖြစ်ပွားနေသည့် ပဋိပက္ခများကို အခွင့်ကောင်းယူကာ အာရေဘီယံကျွန်းဆွယ်ရှိ အယ်လ်ခိုင်ဒါအဖွဲ့ (AQAP)က နယ်မြေလုယူပြီး လူသိထင်ရှားထိန်းချုပ်နိုင်ရန် လုပ်ဆောင်ခဲ့သည်။

လုံခြုံစိတ်ချရသည့် အခြေအနေတစ်ခုကိုအသုံးချ၍ အယ်လ်ခိုင်ဒါစစ်သွေးကြွ ဒါဇင်ပေါင်းများစွာတို့က ရှဘ်ဝါပြည်နယ်ရှိ အာဇန်မြို့ကို တနင်္လာနေ့က ပြန်လည်ကျူးကျော်ခဲ့သည်ဟု မြို့ခံပြည်သူများက ပြောပြသည်။

အီရန်ကျောထောက်နောက်ခံပြုထားသော ဟူသီသူပုန်များ ဆုတ်ခွာသွားစေရန်နှင့် သမ္မတဟာဒီအား ပြန်လည်ခန့်အပ်နိုင်ရန် ပြီးခဲ့သည့်မတ်လက ဖြစ်ပွားခဲ့သည့် စစ်ပွဲအတွင်း ကြားဝင်ရောက်ရှိလာသည့် ဆော်ဒီဦးဆောင်အာရပ်ပင်လယ်ကွေ့ညွန့်ပေါင်းတပ်ဖွဲ့များက လေကြောင်းတိုက်ခိုက်မှုများ နေ့စဉ်နီးပါးပြုလုပ်နေချိန်တွင် အမေရိကန်ကလည်း အယ်လ်ခိုင်ဒါစစ်သွေးကြွများအား ဒရုန်းလေယာဉ်ဖြင့် ထပ်မံထိုးစစ်ဆင်လာခဲ့သည်။

ဇွန်လက ဟဲလ်ဖိုင်းယားဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည့် အဆိုပါတိုက်ခိုက်မှုများတွင် အယ်လ်ခိုင်ဒါအဖွဲ့၏ အကြီးအကဲဖြစ်သည့် နာဆာအယ်လ်ဝူဟေရှီအပါအဝင် အခြားသောထိပ်တန်းခေါင်းဆောင်အချို့ သေဆုံးခဲ့သည်။

(ရိုက်တာ)

ကြက်၊ ငှက်တုပ်ကွေးပိုးရပ် (H_7) မကာအိုဈေး၌ တွေ့ရှိ

မကာအို ဖေဖော်ဝါရီ ၄

မကာအိုရှိ လဟာပြင်ဈေးတွင် ရောင်းချသည့် မွေးမြူရေးကြက်များတွင် ကြက်၊ ငှက်တုပ်ကွေးပိုးရပ် (H_7) တွေ့ရှိရကြောင်း မကာအိုမြို့တော် မြူနီစီပယ်ရေးရာဗျူရိုအဖွဲ့ချုပ် (IACM)နှင့် ကျန်းမာရေးဗျူရို (SSM) က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ကွမ်တုံပြည်နယ်ရှိ ကြက်ကောင်ရေ ၁၅၀၀၀ တို့တွင် ဗိုင်းရပ်စ်တွေ့ရှိကြောင်း အာဏာပိုင်များက အတည်ပြုခဲ့ပြီး လက်ကားရောင်းချသည့် ကြက်မွေးမြူရေးခြံများမှ ကြက်ငှက်တုပ်ကွေးရှိနေသည့် ကြက်များကို သုတ်သင်ဖယ်ရှားခဲ့သည်။

ကြက်များမွေးမြူရောင်းချမှုကို သုံးရက်ကြာ ဆိုင်းငံ့ရပ်နားထားစေရန် အစိုးရက ဆုံးဖြတ်လိုက်သည်ဟု IACM က ပြောသည်။ မကာအိုဈေးရှိ မွေးမြူရေးအရောင်းဆိုင်များကို ပိုးသတ်ဆေးဖျန်းရှင်းလင်းရန် ဒေသဆိုင်ရာ အာဏာပိုင်များက မှာကြားခဲ့သည်။ သက်ဆိုင်ရာဌာနများအနေဖြင့်လည်း ကြက်၊ ငှက်တုပ်ကွေးဗိုင်းရပ်စ်၏ မူလဇာစ်မြစ်ကို အတူတကွရှာဖွေဖော်ထုတ်သွားကြရန် IACM က အကူအညီတောင်းဆိုခဲ့သည်။

မွေးမြူရေးကို ထိတွေ့လုပ်ကိုင်နေရသည့် လုပ်သားများအား ကျန်းမာရေးလေ့လာစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးအဖွဲ့က ဆိုသည်။

(ဆင်ဟွာ)

မကာအို၌ H_7ဗိုင်းရပ်စ်တွေ့ရှိမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများ သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ်။

မူကြိုကျောင်းဆောင်သစ်နှင့် မြတ်စေတနာဘိုးဘွားရိပ်သာဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၃၁ ရက်က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ (၇)ရပ်ကွက် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း ပင်မကျောင်းဆောင်သစ်နှင့် မူကြိုကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ **(အောက်ပုံ)**

ယင်းနောက် ဒေးဒရဲမြို့၌ ဦးအောင်ဇော်မြင့်-ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် သားသမီးများက ငွေကျပ်သိန်း ၁၀၀၀ ဖြင့်

ဆောက်လုပ်လှူဒါန်းသည့် မြတ်စေတနာ ဘိုးဘွားရိပ်သာဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကို နံ့သာရည်ပက်ဖျန်းပေးပြီး အဘိုး အဘွားများအား လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။ အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးမိသားစုက မတည်လှူဒါန်းငွေကျပ်သိန်း ၂၀ အပါအဝင် စေတနာရှင်အလှူရှင်များက စုစုပေါင်း ငွေကျပ် ၁၅၃ ဒသမ ၁ သိန်းကို မြတ်စေတနာဘိုးဘွားရိပ်သာ ငွေပဒေသာပင်စိုက်ထူရန် လှူဒါန်းကြပြီး သံဃာတော်အရှင်သူမြတ်များထံမှ ရေစက်ချတရားနာယူသည်။ ထို့နောက် ဝန်ကြီးဌာနက ငွေကျပ်သိန်း ၄၅၀ ဖြင့် ထောက်ပံ့သော ဒေးဒရဲမြို့ မူလတန်းကြိုကျောင်း တည်ဆောက်မည့်မြေနေရာတွင် မြေသန့်နှင့်ပန္နက်ရိုက်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ဖေဖော်ဝါရီ ၁ ရက်တွင် ဟသ်ာတမြို့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု သင်တန်းကျောင်းကြီး၌ကျင်းပသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၆)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျုံပျော်မြို့နယ် မန်းကြာမြောက်ကျေးရွာသို့ သွားရောက်၍ ဝန်ကြီးဌာနက ငွေကျပ်သိန်း ၅၀၀ ဖြင့် ဆောက်လုပ်လှူဒါန်းသည့် မူလတန်းကြိုကျောင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကို နံ့သာရည်ပက်ဖျန်းပေးပြီး အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖေဖော်ဝါရီ ၂ ရက်တွင် ပုသိမ်မြို့ ဘန့်ဘွေးကုန်းရပ် တိုင်းဒေသကြီး ကယ်ဆယ်ရေးဂိုဒေါင်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။ ထို့နောက် ပုသိမ်မြို့ မူလတန်းကြိုကျောင်းနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ သွားရောက်၍ လုပ်ငန်းများဆောင်ရွက်နေမှုကို စစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ကိုရီးယားနိုင်ငံက ချီးမြှင့်သည့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းဆု သနပ္ပင်ကျေးရွာရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၄

ကိုရီးယားနိုင်ငံအစိုးရနှင့် သမဝါယမဝန်ကြီးဌာနတို့ ပူးပေါင်း၍ သမဝါယမတက္ကသိုလ် (သန်လျင်)၏ ကြီးကြပ်မှုဖြင့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းများကို ၂၀၁၂ ခုနှစ်က စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သနပ္ပင်ကျေးရွာသည် ကိုရီးယားနိုင်ငံ Ministry of Interior က ပေးအပ်သည့် “Outstanding Saemaul Village Award for Asia in 2014” ဆုကို ရရှိခဲ့သည့်အတွက် သနပ္ပင်ကျေးရွာအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို သန်လျင်မြို့နယ် သနပ္ပင်ကျေးရွာ၌ ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် သမဝါယမတက္ကသိုလ်(သန်လျင်) ခေတ္တပါမောက္ခချုပ် ဒေါက်တာဌေးဌေးလွင်က သနပ္ပင်ကျေးရွာအတွင်း ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပုံနှင့် ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပရသည့်အကြောင်းရင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုရီးယားနိုင်ငံ Ministry of Government Administration and Home Affairs မှ Regional Community Division Director Mr. Hong-Seog Noh က သနပ္ပင်ကျေးရွာအနေဖြင့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းများအား စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပုံများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ကိုရီးယားနိုင်ငံ ဒယ်ဂူးမြို့တွင် ကျင်းပသော Global Saemaul Forum in 2015 ၌ ပြသသော ဗီဒီယိုဖိုင်များမှ တစ်ဆင့် ကြည့်ရှုခဲ့ရပြီး ယခုကိုယ်တိုင် လာရောက်ကြည့်ရှုသည့်အခါ ထင်မြင်ထားသည်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်ရသဖြင့် များစွာပမ်းသာကျေနပ်ရပါကြောင်းနှင့် ယခုကဲ့သို့ စီမံကိန်းများ အောင်မြင်အောင် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးရွာခေါင်းဆောင်၊ ရွာသူရွာသားများနှင့် သမဝါယမတက္ကသိုလ် (သန်လျင်)မှ တာဝန်ရှိသူများအား ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် သမဝါယမဦးစီးဌာန (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်က သနပ္ပင်ကျေးရွာ ကျေးရွာသစ်လှုပ်ရှားမှုအဖွဲ့ခေါင်းဆောင် ဦးစန်းကိုအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ပြီး ကျေးရွာ ဆဲမာအူးလ်ခေါင်းဆောင် ဦးစန်းကိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ကိုရီးယားနိုင်ငံ Ministry of Government Administration and Home Affairs အဖွဲ့မှ သနပ္ပင်ကျေးရွာ၏ ဝင်ငွေတိုးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ရန်နှင့် ကျေးရွာရန်ပုံငွေတိုးပွားစေရန်အတွက် ငွေစုငွေချေး (Microfinance) လုပ်ငန်းများ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများအကြောင်းကို မိတ်ဆက်ဟောပြောခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား News Channel အစီအစဉ်

၅-၂-၂၀၁၆ သောကြာနေ့

နံနက်ပိုင်း

- ၆ း ၁၀ - မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇ း ၃၅ - ပြည်သူတို့ရဲ့စကားသံများ
- ၉ း ၃၅ - အနုပညာသတင်း အစီအစဉ်
- ၁၀ း ၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၁း ၁၅ - Weekly Sports Info
- ၁၂ း ၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **တောင်းတဲ့ဆု** (အပိုင်း-၈၃)
- ၁၃ း ၂၀ - မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း **တစ်နိုင်လုံးရွှေအငြိမ့်** (အပိုင်း-၁)
- ၁၃ း ၄၅ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၄)
- ၁၄ း ၃၅ - မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (ကိုကိုအောင်နှင့် ခွန်းလင်းထက်)

ညပိုင်း

- ၁၆ း ၃၅ - Football မဂ္ဂဇင်း (ရတနာပုံယူနိုက်အသင်း)
- ၁၇ း ၃၅ - Hyper Sports
- ၁၈ း ၃၅ - The Farmer
- ၁၉ း ၁၅ - မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း **တစ်နိုင်လုံးရွှေအငြိမ့်** (အပိုင်း-၂)
- ၂၀ း ၀၀ - ပြည်တွင်းသတင်း။
- - နိုင်ငံခြားဇာတ်လမ်းတွဲ **တောင်းတဲ့ဆု** (အပိုင်း-၈၄)
- - သမိုင်းကိုဖော်ပြသောဝါကျများ **အုပ်စုံတီး** ပညာရှင် ဦးစိန်လှနှင့် **တွေ့ဆုံခြင်း**

မှတ်ချက် ။ ။ **နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

ဇီကာဗိုင်းရပ်စ်ရောဂါကာကွယ်ရေးနှိုးဆော်ချက်

ဇီကာဗိုင်းရပ်စ်ရောဂါဆိုသည်မှာ ရောဂါပိုးသယ်ဆောင်ထားသည့် အေးဒိစ်ခြင်ကျားကိုက်ခံရခြင်းမှ ကူးစက်ပျံ့နှံ့ဖြစ်ပွားတတ်သောရောဂါတစ်မျိုးဖြစ်ပါသည်။ အဆိုပါရောဂါပိုးကို ၁၉၄၇ ခုနှစ်ကတည်းက ယူဂန္ဓာနိုင်ငံရှိ မျောက်များတွင် စတင်တွေ့ရှိခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ယူဂန္ဓာဒါနိုင်ငံနှင့် တန်ဇန်းနီးယားနိုင်ငံတို့၌ လူသို့ကူးစက်မှုရှိခဲ့ပါသည်။ ထိုင်းနိုင်ငံ၌ ၂၀၁၂ ခုနှစ်က စတင်ဖြစ်ပွားခဲ့ပြီး ၂၀၁၄ ခုနှစ်အထိ ဖြစ်ပွားသူ စုစုပေါင်း ခုနစ်ဦးရှိကြောင်း သိရှိရသည်။

ဇီကာဗိုင်းရပ်စ်သယ်ဆောင်လာသော အေးဒိစ်ခြင်ကျားသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသည်။ ရေလှောင်ထားသော အိုး၊ ခွက်၊ တိုင်ကီ၊ ပန်းအိုး၊ ရေတင်ကျန်လျက်ရှိသောစွန့်ပစ်ပစ္စည်းများဖြစ်သည့် ကားတာယာ၊ ပလတ်စတစ်ခွက် စသည်တို့တွင် တွေ့ရသည်။ နေ့အချိန်တွင် လူကိုကိုက်ခြင်းမှတစ်ဆင့် ရောဂါကူးစက်ဖြစ်ပွားစေပါသည်။ ခြင်ကိုက်ခံရပြီး နှစ်ရက်မှ ခုနစ်ရက်အတွင်း ရောဂါလက္ခဏာများစတင်ဖြစ်ပေါ်လာနိုင်ပါသည်။ ရောဂါကူးစက်ခံရသူငါးဦးတွင် တစ်ဦး၌ ရောဂါလက္ခဏာ ပေါ်ပေါက်ကြောင်း သိရှိရသည်။

အဓိကလက္ခဏာများမှာ ဖျားခြင်း၊ အရေပြားပေါ်တွင်အနီစက်များထွက်ခြင်း၊ မျက်စိနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သား/ အဆစ်များ နာကျင်ခြင်းတို့ဖြစ်တတ်ပါသည်။ လတ်တလောတွင် ဘရာဇီးနိုင်ငံ၌ ဇီကာဗိုင်းရပ်စ်ရောဂါပိုးကူးစက်ဖြစ်ပွားခြင်း၏ နောက်ဆက်တွဲအဖြစ် ကိုယ်ဝန်ဆောင်မိခင်များတွင် ဦးနှောက်သေးငယ်သော ကလေးငယ်များ မွေးဖွားလာခြင်းအပေါ် ဆက်စပ်မှုရှိ မရှိ သက်သေပြနိုင်ရန် ပညာရှင်များအနေဖြင့် ကြိုးစားလျက်ရှိပါသည်။

ဇီကာရောဂါအတွက် ကာကွယ်ဆေးမရှိသေးပါ။ ရောဂါလက္ခဏာသက်သာရန်အတွက်သာ ကုသပေးနိုင်ပါသည်။ အနားယူခြင်း၊ ရေလုံလောက်စွာ သောက်သုံးခြင်း၊ ဆေးမြီးတိုများနှင့် အခြားအကိုက်အခဲပျောက်ဆေးများကို မသောက်ရန်၊ ပါရာစီတမော့ကိုသာ အညွှန်းအတိုင်း သောက်သုံးရန်နှင့် ဇီကာရောဂါလက္ခဏာများတွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာန၊ ဆေးရုံ/ ဆေးခန်းများသို့သွားရောက်ပြသ၍ စစ်ဆေးကုသမှုခံယူရန် လိုအပ်ပါသည်။

ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် အကောင်းဆုံးကာကွယ်နည်းမှာ ခြင်ကျားပိုးလောက်လမ်းနှိမ်နင်းရေးနှင့် ခြင်ကိုက်ခံရခြင်းမရှိအောင် နေထိုင်ရေးဖြစ်ပါသည်။ အိမ်တိုင်း၊ ကျောင်းတိုင်း၊ ရုံးဌာနတိုင်း၌ ခြင်ကျားလောက်လမ်းတစ်ကောင်မျှ မရှိစေရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်။

- ဖုံး - ရေလှောင်ထားသောအိုးခွက်များတွင် ခြင်များဝင်ရောက်မဥနိုင်ရန် လုံခြုံစွာဖုံးအုပ်ထားရန်၊
- သွန် - အိုးခွက်နံရံတွင်ကပ်နေသောခြင်ဥများသေစေရန် အိုးခွက်များ၏အတွင်းပိုင်းကို တိုက်ချွတ်ဆေးကြောရန်၊ ခြင်ကျားလောက်လမ်းတွေ့ရှိသောရေများကိုသွန်ပစ်ရန် သို့မဟုတ် အခြားအိုးထဲသို့ ရေစစ်ဖြင့်ပြောင်းထည့်ရန်၊
- လဲ - ပန်းအိုး၊ နတ်အိုးများ၏အတွင်းပိုင်းကို တိုက်ချွတ်ဆေးကြော၍ ရေများကို တစ်ပတ်နှစ်ကြိမ်လဲလှယ်ရန်၊
- စစ် - ခြင်ကျားလောက်လမ်းများမပါစေရန် ရေဖြည့်သည့်အခါ ရေစစ်ဖြင့်စစ်ထည့်ရန်၊
- လောင်း - ရေထည့်ထားသောကြောင်အိမ်အောက်ခံခွက်များနှင့် ရေမြောင်းများတွင် ဒီဇယ်ဆီနှင့် စက်ဆီဟောင်းများ လောင်းထည့်ရန်၊
- ထောင် - ဘယ်အချိန်အိပ်အိပ်၊ ဘယ်နေရာအိပ်အိပ် ခြင်ထောင်ထောင်အိပ်ရန်၊ တတ်နိုင်က ဆေးစိမ်ခြင်ထောင် အသုံးပြုရန်၊
- မြှုပ် - အသုံးမပြုတော့သော ရေတင်ကျန်နေသည့်စွန့်ပစ်ပစ္စည်းများကို မြေမြှုပ်ရန်၊
- ရှင်း - အိမ်အတွင်း၊ အပြင် ခြင်များမခိုအောင်းနိုင်ရန် သန့်ရှင်းစွာထားရန်၊ ခြုံများရှင်းရန်၊
- ဖွင့် - အလင်းရောင်ရရန် ပြတင်းပေါက်များကိုဖွင့်ထားရန်၊
- မှုတ် - လူနာရှိက ဆေးမှုတ်မည့်အဖွဲ့ကိုကူညီရန်။

ထို့အပြင် ခြင်ကိုက်မခံရစေရန် ခြင်ဆေးလိမ်းခြင်း၊ အကျီလက်ရှည်နှင့် ဘောင်းဘီရှည်များဝတ်ဆင်ခြင်း၊ နေအိမ်၌ ခြင်လုံဆန်ခါတပ်ခြင်းစသည်တို့ဆောင်ရွက်ရန် လိုအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် ခြင်ကျားလောက်လမ်းတစ်ကောင်မျှမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်စသည့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို လူတိုင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ဇီကာရောဂါအပါအဝင် သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုမရှိအောင် ကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြေငလျင်ဘေးအန္တရာယ် လျှော့ပါးရေး

ဒေါက်တာယဉ်မျိုးမင်းထွေး(မိုး/ဇလ)

မြန်မာနိုင်ငံသည် ဘူမိဗေဒ အထောက်အထားများအရ ငလျင်ဖြစ်ပေါ် ခံစားရသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပေသည်။ မြေငလျင်အန္တရာယ်သည် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပြီး လူနေမှုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြေငလျင်အန္တရာယ်ကို အထူးဂရုပြုကြရန် လိုအပ်ပါသည်။ မြေထုချပ် (Plate)ဟုခေါ်သော ကျောက်သားထုချပ်နှစ်ခုသည် တစ်ခုနှင့်တစ်ခု တွန်းတိုက်မိရာမှ တစ်ခုက အခြားတစ်ခုအောက်သို့ ငုံ့လျှိုးဝင်ရောက်ပြီး အပေါ်တစ်ခုသည် တွန်းတိုက်ခံရသည့်အတွက် တွန့်ခေါက်လာ၍ အဆိုပါတွန်းတိုက်သည့်နေရာတွင် အားများတဖြည်းဖြည်းစုစည်းမိလာကာ တစ်ချိန်တွင် စုစည်းမိသောအားများ ရုတ်တရက်ရှန်းကန်၍ အဘက်ဘက်သို့ ပျံ့ထွက်သွားပါသည်။ အဆိုပါအားများ (စွမ်းအင်များ) ဖြတ်သွားရာ လမ်းကြောင်းတစ်လျှောက်ရှိ ကြားခံအရာများအားလုံး တုန်ခါ၍သွားခြင်းကို မြေငလျင်လှုပ်သည်ဟု ခေါ်ဆိုကြပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာတွင်ဖြစ်ပေါ်သော မြေငလျင်၏ ၁၅ ရာခိုင်နှုန်းကို ခံစားရသော မြေထဲပင်လယ်-ဟိမဝန္တာဇုန်တွင် တည်ရှိနေသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ငလျင်များသည် နှောင်းဖြစ် ဘူမိအနေအထားတို့ကြောင့် ဖြစ်ပေါ်ခဲ့ရသည်။ အထူးသဖြင့် ပြတ်ရွေ့များရှိရာနေရာများ၌ ပေါ်ပေါက်ခဲ့ကြသည်။ မီးတောင်ပေါက်ကွဲခြင်း၊ မြေအောက် မိုင်းခွဲခြင်း၊ အာကာသမှ ဥက္ကာခဲကြီးများ ကမ္ဘာမြေပေါ်သို့ ကျခြင်းတို့ကြောင့်လည်း မြေငလျင်များလှုပ်ရှားတတ်ပါသည်။

မြေငလျင်သည် အချိန်ကာလသတ်မှတ်ချက်မရှိဘဲ အချိန်မရွေး လှုပ်ရှားနိုင်ပါသည်။ မြေငလျင်လှုပ်ရှားမှုကို မည်သည့်နိုင်ငံမျှ ကြိုတင်သတိပေးချက်ထုတ်ပြန်နိုင်ခြင်း မရှိသေးပါ။ အတိတ်ကာလက လှုပ်ရှားခဲ့သော မြေငလျင်များ၏ အချက်အလက်များနှင့် ကျောက်မီးသွေးများ၏ သက်တမ်းဖြစ်စဉ်များအား လေ့လာခန့်မှန်းသည့် Paleoseismology နည်းဖြင့်သာ မြေငလျင်လှုပ်ရှားမှုဖြစ်နိုင်ခြေကို ခန့်မှန်းနိုင်သော်လည်း ယနေ့အချိန်ထိ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံများတွင်မှ မြေငလျင်လှုပ်နိုင်မည့် အချိန်နှင့် ပြင်းအားပမာဏတို့ကို တိကျစွာ မခန့်မှန်းနိုင်သေးပေ။

သို့ဖြစ်ရာ မြေငလျင်လှုပ်ရှားနိုင်သည့်ဒေသ (သို့မဟုတ်) မြေငလျင်ကြောရှိရာဒေသများတွင် နေထိုင်ကြသူများအဖို့ မြေငလျင်သတိ အမြဲရှိနေကြရန်နှင့် မြေငလျင်လှုပ်ရှားမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ မရှိရစေရန် ကြိုတင်ပြင်ဆင်ထားမှုများ ပြုလုပ်ထားကြရမည်ဖြစ်၍ မြေငလျင် မလှုပ်မီ၊ မြေငလျင်လှုပ်စဉ်နှင့် မြေငလျင်လှုပ်ပြီးချိန်များတွင် ပြုလုပ်ကြရမည့် အစီအစဉ်များကို သိရှိထားရန် လိုအပ်ပါသည်။

မြေငလျင်ကြီးမလှုပ်မီ သဘာဝအလျောက်ကြိုတင်သိရှိနိုင်သည့်အခြေအနေများ

မြေငလျင်လှုပ်မည်ကို ကြိုတင်၍ တိကျစွာမခန့်မှန်းနိုင်သေးသော်လည်း သဘာဝအခြေအနေများဖြစ်သည့် တိရစ္ဆာန်များ ပုံမှန်မဟုတ်သော အပြုအမူဖြင့် အော်ဟစ်နေသည်ကို မြင်တွေ့ရခြင်း၊ ဆိုးရွားသောအနံ့များရခြင်း၊ ရေတွင်းများ ပုံမှန်မဟုတ်ဘဲ ရေခန်းသွားခြင်း၊ ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ အကြိုငလျင်ငယ်များလှုပ်ခြင်း၊ တော်လဲသံများ ကြားရခြင်းတို့မှ ကြိုတင်သိရှိနိုင်ပါသည်။

မြေငလျင်မလှုပ်မီ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ရမည့်အစီအစဉ်များ

မြေငလျင်မလှုပ်ရှားမီ သောက်ရေနှင့် စည်သွတ်ဘူးများ၊ ကြာရှည်ခံအစားအစာများကို သိုလှောင်ထားရှိခြင်း၊ လက်နှိပ်ဓာတ်မီးနှင့် အပိုဓာတ်ခဲများ ဆောင်ထားခြင်း၊ အဆင်ပြေမည့်နေရာများတွင် မီးသတ်ဆေးဘူးများထားရှိခြင်း၊ လျှပ်စစ်ဓာတ်အား၊ ဓာတ်ငွေ့နှင့် ရေများ ပိတ်ရမည့်နေရာများကို လေ့လာထားခြင်း၊ ရှေးဦးသူနာပြုလုပ်ထုံးလုပ်နည်းများကို သိရှိနားလည်အောင် လေ့လာထားပြီး အခြေခံရှေးဦးသူနာပြု ဆေးပစ္စည်းများကိုဆောင်ထားခြင်း၊ ကယ်ဆယ်ရေးဌာနများ၏ ဖုန်းနံပါတ်များ မှတ်သားထားခြင်း၊ လေးလံသော ပရိဘောဂများကို နံရံတွင် ကြိုးများနှင့် ချည်နှောင်ထားခြင်း၊ မီးလောင်လွယ်သော အရည်နှင့် အဆိပ်ရည်များကို လုံခြုံစိတ်ချရသည့် နေရာများတွင်ထားရှိခြင်း၊ အိပ်ရာခုတင်များကို ကြီးမားသော မှန်ပြတင်းပေါက်နားတွင် မထားရှိမိအောင် ဂရုပြုခြင်းစသည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီစဉ်ထားရပါမည်။

မြေငလျင်လှုပ်စဉ် လိုက်နာဆောင်ရွက်ရမည့် အစီအစဉ်များ

မြေငလျင် လှုပ်ရှားသည့်အခါ မြေကြီးသည် တိုတောင်းသောအချိန်အတွင်း သိသိသာသာ တုန်ခါပါလိမ့်မည်။ မြေငလျင်လှုပ်ရှားသည့် အချိန်သည် စက္ကန့်အနည်းငယ်သော်လည်းကောင်း၊ တစ်မိနစ်ခန့်သော်လည်းကောင်း ကြာမြင့်တတ်ပါသည်။ လှုပ်ရှားမှုသည် ထိတ်လန့်ကြောက်မက်ဖွယ်ရာကောင်းသော်လည်း ရွေးချယ်စရာလမ်းမရှိဘဲ ပြီးဆုံးသည်အထိ စောင့်ကြည့်ကြရပါသည်။ မိမိကိုယ်ကိုထိန်းသိမ်းပြီး ငြိမ်သက်စွာနေရန် အလွန်ပင်အရေးကြီးပါသည်။ တည်ငြိမ်အေးဆေးစွာ ပြုမူလုပ်ကိုင်ပါက အန္တရာယ်မှလွတ်ကင်းရန် အခွင့်အလမ်းများစွာရှိပါသည်။ ထို့အတူ မိမိနားတွင်ရှိသော အခြားသူများသည် မိမိပုံစံအတိုင်း လိုက်နာပြုမူစေသင့်ပါသည်။

သို့ပါ၍ မြေငလျင်လှုပ်စဉ်အချိန်တွင် ပြိုကျလာနိုင်သည့်ပစ္စည်းများ အန္တရာယ်မှ လွတ်ကင်းအောင် စာရေးခုံ (သို့မဟုတ်) အမာခံပစ္စည်းများအောက်တွင် ပုန်းလျှိုးနေခြင်း၊ ပြိုကျလာနိုင်သည့် ပစ္စည်းများကို သတိထားခြင်း၊ အပြင်ထွက်သော အပေါက်များမှ ဝေးဝေးနေခြင်း၊ အပြင်သို့ပြေးထွက်ခြင်းမှ ရှောင်ရှားခြင်း၊ လမ်းပေါ်သို့ရောက်နေပါက အဆောက်အအုံများ၊ လျှပ်စစ်ကြိုးများနှင့် ဝေးကွာသော ကွင်းပြင်သို့ရောက်ရှိအောင် ကြိုးပမ်းခြင်း၊ ကားအတွင်း၌ရှိနေလျှင် ကားကိုစက်သတ်ရပ်ထားပြီး ကားအတွင်း၌ပင်ဆက်နေခြင်း၊ မြေငလျင်ဗဟိုချက်သည် ပင်လယ်ကြမ်းပြင်အောက်ဖြစ်ပါက ဆူနာမီရေလှိုင်းကြီးများ ဝင်ရောက်လာနိုင်သဖြင့် ပင်လယ်ကမ်းခြေနှင့် မြစ်ကမ်းပါးတို့မှ ဝေးဝေးနေခြင်းတို့ကို လိုက်နာဆောင်ရွက်ရပါမည်။

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်ရှိ ကျောင်းတစ်ကျောင်းတွင် ကလေးများအား ငလျင်လှုပ်ချိန်တွင် အန္တရာယ်ကင်းအောင် နေထိုင်ရမည့်ပုံစံကို လေ့ကျင့်ပေးနေစဉ်။

မြေငလျင်လှုပ်ပြီးနောက် ဆောင်ရွက်ရမည့်အစီအစဉ်များ

ကုန်းတွင်းပိုင်း လူနေထူထပ်ရာ မြို့ပြဒေသများကို ဗဟိုပြု၍ မြေငလျင်လှုပ်ရှားပြီး မြေကြီးတုန်ခါမှုများ ရပ်စဲသွားသောအခါ လူများ ဒဏ်ရာအနာတရဖြစ်လျက် အပျက်အစီးများစွာ ရှိနိုင်ပါသည်။ လူတိုင်း တစ်ဦးကိုတစ်ဦး ပြုစုစောင့်ရှောက်မှုလုပ်ငန်းကို စတင်လျက် ငြိမ်သက်အေးဆေးစွာရှိရန်မှာ အထူးပင်အရေးကြီးသော အချိန်ဖြစ်ပါသည်။ ပထမလုပ်ငန်းမှာ ဒဏ်ရာအနာတရရသူများအား ပြုစုရန်ဖြစ်ပြီး ဒုတိယလုပ်ငန်းမှာ မီးလောင်မှုမဖြစ်ပွားရေးပင်ဖြစ်သည်။

မြေငလျင်လှုပ်ပြီးနောက်ပိုင်းတွင် ငြိမ်သက်စွာနေလျက် မိမိစိတ်အခြေအနေကို အချိန်ယူ၍ သုံးသပ်ခြင်း၊ ဒဏ်ရာရသူများအား ရှေးဦးသူနာပြုနည်းဖြင့် ရှေးဦးစွာပြုစုခြင်း၊ မီးလောင်မှုမဖြစ်ပွားအောင် တားဆီးကာကွယ်ခြင်း၊ ဓာတ်ငွေ့ယိုစိမ့်မှုများရှိပါက ဓာတ်ငွေ့အဆို့ရှင်များကို ပိတ်ပစ်ခြင်း၊ လျှပ်စစ်ကြိုးများပျက်စီးပါက ပိတ်ပစ်ခြင်း၊ ရေပိုက်များကျိုးပျက်မှုဖြစ်ပေါ်ပါက ပင်မရေပေးခလုတ်ကို ပိတ်ပစ်ခြင်း၊ ဆူနာမီရေလှိုင်းကြီးများ ရောက်ရှိနိုင်သည့် ပင်လယ်ကမ်းခြေသို့ သွားရောက်ခြင်းမှ ရှောင်ရှားခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်သော မြေငလျင်သတင်းအား နားထောင်ခြင်း၊ နောက်ဆက်တွဲ မြေငလျင်များ လှုပ်ရှားလာမှုကိုခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်း၊ ကောလာဟလသတင်းများကို မပျံ့စေခြင်း၊ အသက်ကယ်လုပ်ငန်းနှင့် ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဆေးတပ်ဖွဲ့များနှင့် ပူးပေါင်းခြင်းတို့ကို လုပ်ဆောင်ရမည် ဖြစ်ပါသည်။

မြေငလျင်လှုပ်ပြီး နောက်ဆက်တွဲဘေးအန္တရာယ်များ

မြေငလျင်လှုပ်ပြီးနောက် ဆက်လိုက်လာတတ်သည့် ဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်စေသဖြင့် အဆိုပါနောက်ဆက်တွဲဘေးအန္တရာယ်များဖြစ်သော နောက်ဆက်တွဲငလျင်များ၊ မီးဘေးအန္တရာယ်၊ ရေကာတာကြီးများ ကျိုးပျက်၍ ရေကြီးခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ ရှံ့မီးတောင်များ ပေါက်ကွဲခြင်း၊ ဆူနာမီလှိုင်းဖြစ်ပေါ်ရိုက်ခတ်ခြင်း၊ ကောလာဟလသတင်းလွှင့်ခြင်းတို့ကို သတိထားရန်လိုပါသည်။

မြေငလျင်ကြီးများ လှုပ်ရှားပြီးနောက် အင်အားအနည်းငယ်မှ အင်အားအသင့်အတင့်ရှိသော နောက်ဆက်တွဲမြေငလျင်များသည် မြေငလျင်၏ ဗဟိုချက်အနီးတွင် ထပ်မံလှုပ်ရှားတတ်ပါသည်။ တစ်ခါတစ်ရံ အင်အားပြင်းသည့်နောက်ဆက်တွဲငလျင်များလည်း လှုပ်ရှားနိုင်ပါသည်။ မြေငလျင်ကြီး လှုပ်ရှားမှုဒဏ်ကိုခံရသော်လည်း ပြိုကျမှုမရှိသေးသည့် အဆောက်အအုံများသည် နောက်ဆက်တွဲ မြေငလျင်များကြောင့် ပြိုကျနိုင်သဖြင့် အဆောက်အအုံများအတွင်း ဆက်လက်နေထိုင်ခြင်းမျိုး မပြုရန် အရေးကြီးပါသည်။

အလားတူပင် မြေငလျင်ကြီးလှုပ်ရှား၍ နေအိမ်မှ မီးကြွင်းမီးကျန်များကြောင့်လည်းကောင်း၊ ဓာတ်ငွေ့အိုးများ ပေါက်ကွဲခြင်းကြောင့်လည်းကောင်း၊ လျှပ်စစ်မီးကြိုးများကြောင့်လည်းကောင်း မီးလောင်မှုဖြစ်ပွားနိုင်ပေရာ မီးဘေးအန္တရာယ်ကိုလည်း အထူးဂရုပြုရမည် ဖြစ်ပါသည်။

မြေငလျင်ကြီး လှုပ်ရှားရာဒေသတွင် ရေကာတာကြီးများ တည်ရှိနေပါက ရေကာတာကြီးများ ကျိုးပေါက်ခြင်းကြောင့် ရုတ်တရက်ရေလွှမ်းမိုးခြင်းဘေးကို တွေ့ကြုံနိုင်သဖြင့် သတိပြုရှောင်ရှားကြရမည်ဖြစ်ပါသည်။ မြေငလျင်၏ ဗဟိုချက်အနီးတွင် တောင်ကုန်းတောင်တန်းများရှိပါက မြေပြိုခြင်း၊ တောင်ပြိုခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် တောင်ခြေတွင် နေထိုင်ကြသူများအဖို့ သတိထားရမည်ဖြစ်ပါသည်။ မြေငလျင်ကြီးကြောင့် ရွှံ့မီးတောင်များလည်း ပေါက်ကွဲပန်းထွက်တတ်သည်ဖြစ်ရာ ရွှံ့မီးတောင်များနှင့် လွတ်ကင်းရာသို့ ရှောင်ရှားရန် လိုအပ်ပါသည်။

အင်အားပြင်းမြေငလျင်များ၏ ဗဟိုချက်သည် ပင်လယ်ရေအောက်ကြမ်းပြင်တွင်ဖြစ်ပြီး အင်အားရစ်ချ်တာစကေး ၇ ဒသမ ၅ အထက်ရှိပါက ဆူနာမီလှိုင်းများဖြစ်ပေါ်လျက် ကမ်းခြေဒေသများသို့ ဝင်ရောက်ရိုက်ခတ်နိုင်ခြင်းကြောင့် ကမ်းခြေနေ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးနိုင်ပါသည်။ သို့ဖြစ်ရာ ကမ်းရိုးတန်းဒေသများ၌ နေထိုင်ကြသူများသည် မြေငလျင်ဘေးနှင့်အတူ ဆူနာမီဘေးကိုလည်း ကြုံတွေ့နိုင်သဖြင့် မြေငလျင်နှင့် ဆူနာမီဆိုင်ရာ အသိပညာများနှင့် ရှောင်ရှားနိုင်မည့်နည်းလမ်းများကို သိရှိနားလည်လျက် ကြိုတင်ပြင်ဆင်မှုများအား လေ့ကျင့်ထားရမည်ဖြစ်ပါသည်။

မြေငလျင်လှုပ်ရှားစဉ် မြေကြီးလှုပ်ရှားမှုကြောင့် တိုက်ရိုက်ထိခိုက်ဒဏ်ရာရရှိမှုသည် အလွန်ရှားပြီး အထက်မှကျသော အရာဝတ္ထုများနှင့် အဆောက်အအုံများ ပြိုကျမှုကြောင့် ထိခိုက်သေဆုံးမှုများ ဖြစ်လေ့ရှိပါသည်။ မြေငလျင်ကြီးလှုပ်ပြီး နောက်ဆက်တွဲ မြေငလျင်များသည် နာရီပေါင်းများစွာ၊ တစ်ခါတစ်ရံ ရက်ပေါင်းများစွာ ကြာသည်အထိ ဖြစ်ပေါ်တတ်ပါသည်။

မြေငလျင်ဘေးအန္တရာယ် ကြုံတွေ့နိုင်သောဒေသဖြစ်သည့် မြေငလျင်ကြောတည်ရှိရာ ဒေသအနီးတစ်ဝိုက်တွင် နေထိုင်ကြသူများ၊ မြေငလျင်ကြီးများလှုပ်ရှားခဲ့ဖူးသောဒေသတွင် နေထိုင်သူများသည် ကြိုတင်ပြင်ဆင်ကာကွယ်မှုများ လုပ်ဆောင်ထားရန် အထူးလိုအပ်ပါသည်။ မြေငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံမျိုးတွင်သာ နေထိုင်ကြရန်နှင့် မိမိ၏ မိသားစုအား မြေငလျင်ဘေးအန္တရာယ် လွတ်ကင်းနိုင်မည့်နည်းလမ်းများကို အသိပေးထားရန် လိုအပ်ပါသည်။ နည်းလမ်းများအနေဖြင့် မြေငလျင်မလှုပ်မီ၊ မြေငလျင်လှုပ်စဉ်နှင့် မြေငလျင်လှုပ်ပြီးနောက် ဆောင်ရွက်ရမည့် အစီအစဉ်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေး လုပ်ဆောင်ထားရမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

မြေငလျင်လှုပ်ရှားသည့်အချိန်သည် စက္ကန့်အနည်းငယ်သော်လည်းကောင်း၊ တစ်မိနစ်ခန့်သော်လည်းကောင်း ကြာမြင့်တတ်ပါသည်။ လှုပ်ရှားမှုသည် ထိတ်လန့်ကြောက်မက်ဖွယ်ရာကောင်းသော်လည်း ရွေးချယ်စရာလမ်းမရှိဘဲ ပြီးဆုံးသည်အထိ စောင့်ကြည့်ကြရပါသည်။ မိမိကိုယ်ကိုထိန်းသိမ်းပြီး ငြိမ်သက်စွာနေရန် အလွန်ပင်အရေးကြီးပါသည်။ တည်ငြိမ်အေးဆေးစွာပြုမူလုပ်ကိုင်ပါက အန္တရာယ်မှလွတ်ကင်းရန် အခွင့်အလမ်းများစွာရှိပါသည်။ ထို့အတူ မိမိနားတွင်ရှိသော အခြားသူများသည် မိမိပုံစံအတိုင်း လိုက်နာပြုမူစေသင့်ပါသည်. . .

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြခြင်း ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၄

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌတာဝန်ကို နောင်ချို မဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်နှင့် ကော်မတီအတွင်းရေးမှူးတာဝန်ကို ကျိုင်းတုံ မဲဆန္ဒနယ်မှ ဦးစတီဖန်တို့အား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်း ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌတာဝန်ကို ဇလွန် မဲဆန္ဒနယ်မှ ဦးအောင်မင်းနှင့် ကော်မတီအတွင်းရေးမှူး တာဝန်ကို တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်းတို့အား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့ကို ၁၅ ဦးစီဖြင့် ဖွဲ့စည်းရန်၊ ဥပဒေကြမ်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ အတွင်းရေးမှူးအဖြစ် ဦးစတီဖန်နှင့် ပြည်သူ့ငွေစာရင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးအောင်မင်း၊ အတွင်းရေးမှူးအဖြစ် ဦးခင်မောင်သန်းတို့ကို တာဝန်ပေးအပ်ရန် လွှတ်တော်သို့တင်ပြ။

အမျိုးသားလွှတ်တော်အစည်းအဝေး

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၄

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အောက်ယာပုံ)** ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်းက ဥပဒေကြမ်းကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ တာဝန်ကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းနှင့် ကော်မတီအတွင်းရေးမှူးတာဝန်ကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုးတို့အား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေက ပြည်သူ့ငွေစာရင်း ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌတာဝန်ကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွဋ်နှင့် ကော်မတီအတွင်းရေးမှူးတာဝန်ကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျော့ဆမ်တို့အား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့ကို ၁၅ ဦးစီဖြင့် ဖွဲ့စည်းရန်၊ ဥပဒေကြမ်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးဇော်မင်း၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာမြတ်ဉာဏစိုးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးစောသန်းထွဋ်၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာစိုင်းဆိုင်ကျော့ဆမ်တို့ကို တာဝန်ပေးအပ်ရန် လွှတ်တော်သို့တင်ပြ။

◆ *ကျောက်ဖုံးမှ*

နှစ်စဉ် ရေဘေးအန္တရာယ်နှင့် စိုးရိမ်နေရသော ညောင်တုန်းမြို့ ၈ လမ်းမှ ၄၁ လမ်းအထိ ရေကာတာအရှည်မှာ တစ်မိုင်ခန့်ရှိပြီး ရေဘေးအန္တရာယ်မကြုံရစေရေးအတွက် မြစ်ကမ်းပြို တာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ် ထပ်မံပြိုကျနိမ့်ဆင်းပျက်စီးသွားသော ၉ လမ်းမှ ၁၁ လမ်းအထိ ရေကာတာနှင့် မြစ်ကမ်းမှာ အထူးစိုးရိမ်ရသော နေရာဖြစ်သည့်အပြင် ၁၉၊ ၂၀၊ ၂၂၊ ၂၄၊ ၂၆ နှင့် ၃၁ လမ်း မြစ်ကမ်းများမှာလည်း စိုးရိမ်နေရသော နေရာများဖြစ်ကြောင်း သိရသည်။

ယခုအခါ ဆည်မြောင်းဦးစီးဌာနနှင့် ရေလမ်းထိန်းသိမ်းရေးဦးစီးဌာနတို့က ညောင်တုန်းမြို့ မြစ်ကမ်းကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို အရေးတကြီး ဆောင်ရွက်လျက်ရှိရာ တမ်းလျှောခြင်း၊ ရေနက်အိုးများတွင် သဲအိတ်ကြီးများချခြင်း၊ စက်ယန္တရားများဖြင့် ဘိုးပိုင်များရိုက်သွင်းခြင်း၊ ရေတိုက်စားမှုမှ ကာကွယ်ရန် Tetra Pot တုံးများကို ကရိန်းများဖြင့် ရေထဲသို့ချခြင်းနှင့် လိုအပ်သော မြစ်ကမ်းပြို တာကွယ်ထိန်းသိမ်းရေး၊ ရေကာတာ ပြုပြင်ရေးတို့ကို နည်းပညာစုံလင်စွာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုနေ့ဂုဏ်ပြု မေတ္တာပေါင်းကူးတံတားဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၄

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာနှင့် ဇေယျာသီရိမြို့နယ် ဝင်ပြန်ကျေးရွာကို ဆက်သွယ်ပေးသည့် ဝဲကြီး-ဝင်ပြန် မေတ္တာပေါင်းကူးတံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က တံတားမုခ်ဦး၌ ကျင်းပခဲ့သည်။

ယခုဖွင့်လှစ်သည့် မေတ္တာပေါင်းကူးတံတားသည် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးအုပ်စု၊ ဖြုတ်ခွဲအုပ်စု၊ ပုစွန်ဆိတ်အုပ်စု အစရှိသည့် ကျေးရွာအုပ်စု သုံးစုမှ ဒေသခံများအတွက်လည်းကောင်း၊ ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု ဝင်ပြန်ကျေးရွာအနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံများအတွက်လည်းကောင်း များစွာအကျိုးပြုသည့် တံတားဖြစ်သည်။

ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စုမှ အခြေခံပညာ ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုတံတား မတည်ဆောက်ခင်ကာလများက ဆင်သေချောင်းကို လှေဖြင့် ကူးခတ်သွားလာနေကြရကြောင်း သိရသည်။

မေတ္တာပေါင်းကူးတံတားသည် အရှည်ပေ ၃၆၀၊ အကျယ် ၁၀ ပေရှိ သံကူကွန်ကရစ်တိုင် သံမဏိသံပေါင်ရက်မနှင့် သစ်သားကြမ်းခင်းအမျိုးအစား တံတားဖြစ်ပြီး အဆိုပါတံတားကို လမ်း/တံတား အင်ဂျင်နီယာချုပ် ဦးလှသိန်းအောင်၊ ညွှန်ကြားရေးမှူး ဒေါ်တင်မိုးဖြင့်၊ တံတားတည်ဆောက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းနိုင်နှင့် ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်တို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ခေတ်နှင့်မညီသည့် ဥပဒေတွေကို ပထမဆုံးပြင်ပြီး တိုင်းပြည်ဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် ဥပဒေတွေကိုပြဋ္ဌာန်းမည်

တွေ့ဆုံမေးမြန်း
တင်မောင်လွင်၊ ဖုန်လိုင်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ - မောင်မွေး

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့နှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက သက်ဆိုင်ရာ လွှတ်တော်အဆောက်အအုံများ၌ တစ်ပြိုင်တည်းကျင်းပရာ ကော်မတီကြီးလေးရပ်အနက်မှ ဥပဒေကြမ်းကော်မတီဖွဲ့စည်းခြင်း၊ ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းခြင်း၊ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၏ အမည်စာရင်းများတင်ပြခြင်းနှင့် ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်

ဦးအောင်မင်း

ဦးမင်းဦး

ဦးရှေးရယ်ရှမောင်

ဦးစောမိုးမြင့်

ဒေါ်ကျိန်ငိုက်မန်

ဥပဒေကြမ်း ကော်မတီဖွဲ့စည်းခြင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းခြင်းတို့တွင် တစ်ဖွဲ့လျှင် ကော်မတီဝင် ၁၅ ဦးစီဖြင့် ပါဝင်ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်တွင် ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်းအား ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်းအား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်အား ဥပဒေကြမ်းကော်မတီ အဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်အားအတွင်းရေးမှူးအဖြစ်လည်းကောင်း ရွေးချယ်တင်ပြခဲ့ပြီး အမျိုးသားလွှတ်တော်တွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဇော်မင်းအား ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုးအား အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစောသန်းထွန်းအား ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျော်ဆမ်အား အတွင်းရေးမှူးအဖြစ်လည်းကောင်း ရွေးချယ်တင်ပြခဲ့ကြကြောင်း သိရသည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးနှင့် အမျိုးသားလွှတ်တော်အစည်းအဝေးတို့တွင် ဥပဒေကြမ်းကော်မတီဖွဲ့စည်းခြင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းခြင်းတို့အပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားနှင့် အမြင်များကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် နောင်ချိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ကျွန်တော့်ကို ဥပဒေကြမ်းကော်မတီဖွဲ့စည်းခြင်းမှာ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးလိုက်တဲ့အတွက် လုပ်ငန်းနဲ့ပတ်သက်တာတွေကို ပြန်ရောက်တာနဲ့ စပြီးလေ့လာမယ်။ ဥပဒေကြမ်းတွေကို ပြန်လည်ပြင်ဆင်မယ်ဆိုတဲ့အပိုင်းတွေမှာ တချို့တွေက ခေတ်နဲ့မညီတဲ့ ဥပဒေတွေရှိတယ်။ နောက်ပြီး တစ်ဖက်နဲ့ တစ်ဖက် Contrast ဖြစ်နေတာတွေရှိတယ်။ ဟိုဥပဒေက တစ်မျိုးပြောတယ်။ ဒီဥပဒေကတစ်မျိုးပြောတယ်။ အဲဒီလိုပြောနေတာတွေရှိတယ်။အဲဒါတွေကို တစ်သမတ်တည်း ဖြစ်နေအောင် ဆောင်ရွက်မယ်လို့ စဉ်းစားထားပါတယ်။ တာဝန်ထမ်းဆောင်ဖို့ထက် ပြီးခဲ့တဲ့ဥပဒေကြမ်းကော်မတီက ဘာတွေလုပ်သွားလဲဆိုတာတွေ ပြန်လည်လေ့လာဖို့၊ နောက်ပြီးတော့ သူတို့ဆီကနေ ပြန်လည်ပညာယူဖို့တွေက ပထမဆုံး လိုအပ်တဲ့အချက်လို့ထင်ပါတယ်။ ဥပဒေကြမ်းကော်မတီဆိုတာက အလုပ်များတဲ့နေရာလို့ ကျွန်တော်ထင်ပါတယ်။ ဒီနေရာမှာ ကော်မတီဝင် ၁၅ ဦးပဲရှိတာ။ ဒါနဲ့ပဲ ဥပဒေတွေကို ပြန်ပြီးလေ့လာရမှာပါ။ ပြန်လေ့လာရတဲ့အခါမှာလည်း အပိုင်းလိုက်၊ အပိုင်းလိုက် ပြန်လေ့လာရမယ်လို့ ထင်ပါတယ်။ လုပ်ငန်းနဲ့တော့ အံဝင်ခွင်ကျမတွေ့သေးပါဘူး။ ပြည်သူ့လွှတ်တော်ဆိုတာက ဥပဒေပြုရမယ့်ဌာနတစ်ခုဖြစ်တယ်။ ဒီဥပဒေပြုတဲ့ဌာနမှာ ငါဘာဥပဒေတွေကိုပြုမလဲ။ အဲဒီလိုဥပဒေတွေကို ပြုတဲ့အခါမှာ ခေတ်နဲ့မညီတဲ့ဥပဒေတွေကို ပထမဆုံးပြင်မယ်။ တိုင်းပြည်ဖွံ့ဖြိုးရေးနဲ့ပတ်သက်တဲ့ဥပဒေတွေကိုပြဋ္ဌာန်းမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဖို့ရှိတယ်။ အဲဒါတွေကို ဆောင်ရွက်မယ်။ တရားဥပဒေစိုးမိုးရေးကိုလည်း တတ်နိုင်သလောက် ထောက်ပံ့ပေးမယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ ရွေးကောက်ပွဲမတိုင်ခင် တာဝန်ယူတုန်းက အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဗဟိုဥပဒေအထောက်အကူမှာ တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ဖူးပါတယ်။

နောက်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ ပြင်ဆင်ဖို့ကိစ္စတွေမှာ ဆောင်ရွက်ဖူးပါတယ်။ ၄၃၆ လက်မှတ်ရေးထိုးပွဲမှာလည်း ဦးစီးပြီးဆောင်ရွက်ဖူးပါတယ်။ ပုဒ်မ ၅၉(စ)က ပြည်သူအများ စိတ်ဝင်စားတဲ့ကိစ္စဆိုတာ သိပါတယ်။ ကျွန်တော့်အနေနဲ့ ၅၉(စ) နဲ့ပတ်သက်ပြီး အဆိုတင်ခြင်း၊ မတင်ခြင်းကို ခုနေမှာ မပြောလိုသေးပါဘူး။ ပုဒ်မ ၅၉(စ) ကို ဆိုင်းငံ့ရ မရ ဆိုတာနဲ့ပတ်သက်ပြီး ၅၉(စ) ကို ဆိုင်းငံ့မယ်လို့ ပြောလို့ရှိရင် နိုင်ငံတကာမှာ ဒီလိုဆိုင်းငံ့တဲ့သာဓကတွေရှိခဲ့ဖူးပါတယ်။ ဒီလိုဆိုင်းငံ့တဲ့ သာဓကတွေ ရှိခဲ့ဖူးပါတယ်ဆိုတဲ့ အပေါ်မူတည်ပြီး တချို့ပညာရှင်တွေက ဆိုင်းငံ့လို့ရတယ်။ တချို့ပညာရှင်တွေက ဆိုင်းငံ့လို့မရဘူး ပြောတာတွေရှိတယ်။ တချို့ပညာရှင်တွေက ဒီလိုဆိုင်းငံ့လို့ရှိရင်ဒါဟာ အစဉ်အလာဖြစ်သွားပြီး ဥပဒေရဲ့ သဘောသဘာဝတွေ ပျက်သွားလိမ့်မယ်လို့ပြောနေကြတာတွေရှိပါတယ်။ ဒါတွေအားလုံးဟာ ယူဆချက်တွေ၊ ထင်မြင်ချက်တွေချည်းပါပဲ။ သူတို့တွေရဲ့ ထင်မြင်ချက်တွေ၊ ယူဆချက်တွေကို ကျွန်တော့်အနေနဲ့ဘာမှ မှတ်ချက်မပေးလိုပါဘူး။

ဦးအောင်မင်း ဇလွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

တာဝန်လွှဲပြောင်းမှုတွေက မယူရသေးပါဘူး။ ကော်မတီတစ်ခုနဲ့တစ်ခု တာဝန်လွှဲပြောင်းဖို့တွေလည်း မလုပ်ရသေးပါဘူး။ ခုလိုငွေစာရင်းမှာ ဥက္ကဋ္ဌခန့်လိုက်တယ်ဆိုတာ အခုဒီအစည်းအဝေးမှသိရတာပါ။ ပထမအကြိမ်ကနေ ဒုတိအကြိမ်အဖြစ် တာဝန်လွှဲပြောင်းယူတဲ့အခါမှာ ပိုကောင်းအောင်ဆိုတာထက် ပိုထိရောက်အောင် လုပ်တာပဲဖြစ်မှာပါ။ လက်တွေ့လုပ်ရတဲ့ အပေါ်မှာပဲမူတည်သွားမှာပါ။ ရှေ့ပိုင်းကော်မတီတွေအနေနဲ့လည်း အကောင်းဆုံးလုပ်ဆောင်သွားကြတာပါပဲ။ တာလက ရှေ့ငါးနှစ်နဲ့ နောက်ငါးနှစ်က အခြေအနေနဲ့ အဖြစ်အပျက်က တူချင်မှတူမှာလေ။ အဲဒီတော့ ပိုကောင်းခြင်းဆိုတာထက် ပိုထိရောက်အောင်နဲ့ တာဝန်ကျေအောင် လုပ်ဆောင်သွားမယ်လို့ပြောချင်ပါတယ်။ ကော်မတီအဖွဲ့ဝင်တွေ တစ်ဦးချင်းကို တာဝန်လွှဲပြောင်းဖို့က ဦးကတာဝန်တွေ တိတ်ကျကျ လွှဲပြောင်းရယူပြီးမှ ဘယ်အပိုင်းတွေကို ဘယ်လိုလုပ်ရမလဲ၊ ကိုယ့်အချင်းချင်း ဘယ်လိုခွဲဝေပြီး တာဝန်ထမ်းဆောင်ရမလဲဆိုတာကို တာဝန်တွေ လွှဲပြောင်းပြီးမှပဲ ပြောပြနိုင်မှာပါ။

တာဝန်လွှဲပြောင်းဖို့ဆောင်ရွက်မယ့် ကိစ္စတွေမှာက ဘယ်သူတွေနဲ့ တွေ့ရမလဲဆိုတာ မသိသေးပါဘူး။ ဦးထင်တာကတော့ ရှေ့ကော်မတီနဲ့ တာဝန်လွှဲပြောင်းဖို့ဆိုတာကတော့ ရှေ့ကော်မတီက ပြည်သူ့လွှတ်တော်မှာ ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌက ဦးမောင်တိုးလို့သိရပါတယ်။ သူနဲ့တွေ့ရလိမ့်မယ်လို့ထင်ပါတယ်။ တိတိကျကျတော့မသိရသေးပါဘူး။ လုပ်ငန်းတွေကို ခုမှတာဝန်ယူလွှဲပြောင်းရယူရမှာဆိုတော့ ကော်မတီမှာ ဘာတွေပြုပြင်ပြောင်းလဲရမလဲဆိုတာကို ပြောလို့မရသေးပါဘူး။ လုပ်ငန်းနဲ့ပတ်သက်ပြီး ထဲထဲဝင်ဝင်မသိရသေးဘူး။ ဦးအနေနဲ့ ရှေ့ကော်မတီက ဥက္ကဋ္ဌနဲ့ပြန်တွေ့မယ်။ သူတို့လုပ်ကိုင်ဆောင်ရွက်ခဲ့ပုံတွေ အဓိက ဦးသိတာကတော့ ဘတ်ဂျက်နဲ့ပတ်သက်တဲ့ ပြည်သူ့ငွေစာရင်းနဲ့ပတ်သက်ပြီးတော့ စိစစ်ဖြတ်တောက်ရတဲ့ကိစ္စတွေ၊ စိစစ်ထိန်းချုပ်ရတဲ့ကိစ္စတွေဆိုတာတော့ အကြမ်းဖျင်းသိပါတယ်။ တကယ်အသေးစိတ်လုပ်ပုံကိုင်ပုံတွေနဲ့ လုပ်ငန်းတာဝန်တွေကိုတော့ ယခင်ကော်မတီဥက္ကဋ္ဌနဲ့တွေ့ဆုံပြီး လွှဲပြောင်းတဲ့အခါမှာရယ်၊ လွှတ်တော်ဥက္ကဋ္ဌကနေ သတ်မှတ်ပေးတဲ့ တာဝန်တွေကို ထမ်းဆောင်ရမှာပါ။ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ မူလတာဝန်တွေရှိပါတယ်။ ဒီတာဝန်တွေကိုပဲ ထမ်းဆောင်ရမှာဖြစ်ပါတယ်။ အခုနေအသေးစိတ် ပြောပြဖို့ကတော့ ခက်ပါသေးတယ်။ ငွေစာရင်းနဲ့ပတ်သက်ပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှာ အောက်ခြေဝန်ထမ်းကစပြီး ရုံးအဖွဲ့မှူးအထိ တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ ဝန်ထမ်းဘဝမှာ ဘတ်ဂျက်ကိစ္စတွေ၊ Planningကိစ္စတွေမှာ စုစုပေါင်း လုပ်သက် ၂၈ နှစ်လောက်အထိ တာဝန်ယူ ဆောင်ရွက်ခဲ့ရပါတယ်။ ဦးဘဝ တစ်လျှောက်လုံးမှာလည်း စီမံကိန်းနဲ့ ဘတ်ဂျက်နဲ့ပဲအဓိကထားပြီး ဆောင်ရွက်ခဲ့ရတာဖြစ်တဲ့အတွက် ဒီအတွေ့အကြုံနဲ့ အခြေခံပြီး အသုံးချနိုင်မယ်လို့ယူဆပြီး ဒီတာဝန်ကို လွှဲပြောင်းပေးအပ်ခဲ့တယ်လို့ ယုံကြည်ပါတယ်။

ပြည်သူ့လွှတ်တော် အမတ်တစ်ယောက်အနေနဲ့ အမျိုးသားရင်ကြားစေ့ရေးနဲ့ပတ်သက်ပြီး ဦးတို့အဖွဲ့ချုပ်ရဲ့ အစိုးရဖွဲ့တဲ့အခါမှာ၊ စပြီးရွေးချယ်တာ၊ ရွေးကောက်ပွဲမှာ ကြေညာစာတမ်းက ခေါ်လိုက်ကတည်းက ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသားအရေးကိုထိပ်ဆုံးထားတာပါ။ အမျိုးသားရင်ကြားစေ့ရေးဆိုတာမှာ ဥက္ကဋ္ဌကလည်း တာဝန်ပေးအပ်တဲ့အချိန်မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌကို တာဝန်ပေးတဲ့အခါမှာ တိုင်းရင်းသားတွေ၊ အခြားပါတီတွေကို ဦးစားပေးပြီး ပါဝင်ထည့်သွင်းထားတာတွေ့ရပါတယ်။ အလားတူ ရှေ့လုပ်ငန်းစဉ်တွေမှာ တာဝန်ထမ်းဆောင်တဲ့ နေရာမှာလည်း ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ဘာသာစွဲမထားဘဲနဲ့ ဆက်လက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်လို့ ယုံကြည်ပါတယ်။ တက်လာမယ့်အစိုးရလက်ထက်မှာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကိစ္စကို ရာခိုင်နှုန်းပြည့်အောင်မြင်အောင်ကြိုးစားသွားမယ်၊ ဆောင်ရွက်သွားမယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် အောင်မြင်မှုဆိုတာ တစ်ဖက်တည်းလုပ်ယူလို့ဖြစ်တာမဟုတ်ဘူး။ အားလုံးက စိတ်သဘောထားမှန်မှန်ကန်ကန်နဲ့ ကိုယ့်ကျိုးစီးပွားကို ရှေ့တန်းမတင်ဘဲ ပြည်ထောင်စုရဲ့အကျိုးကို ဦးထိပ်ထားပြီး ဆောင်ရွက်မယ်ဆိုရင် အမြန်ဆုံး အောင်မြင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

အဓိကကတော့ ကျေးလက်တွေဖွံ့ဖြိုးဖို့ အဓိကလိုအပ်နေပါတယ်။ ကိုယ့်ရဲ့မဲဆန္ဒနယ်ကိုသေချာ ထဲထဲဝင်ဝင် ကွင်းဆင်းကြည့်တဲ့အခါမှာ ကျေးလက်ဒေသတွေက ဆင်းရဲနွမ်းပါးမှုကအများကြီးရှိနေတယ်။ ဒါကို အဓိကထားပြီးတော့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးတွေကို ရတဲ့အပိုင်းကနေ ဆောင်ရွက်သွားမှာပါ။

ဦးမင်းဦး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်

ကျွန်တော်တို့ လွှတ်တော်မှာ အမြဲတမ်းကော်မတီကြီးလေးရပ်ရှိပါတယ်။ ဒီနေ့အစည်းအဝေးပထမနေ့မှာတော့ ကော်မတီနှစ်ရပ်ကို သူ့ရဲ့ တာဝန်၊ လုပ်ပိုင်ခွင့် အခွင့်အရေးတွေကို ရှင်းလင်းတယ်။ အဲဒီကော်မတီ နှစ်ရပ်ရဲ့ အမည်စာရင်းကို ကျွန်တော်တို့က တင်ပြတယ်။ အဲဒါကို နောက် လွှတ်တော်အစည်းအဝေး ဒုတိယနေ့မှာ အတည်ပြုမယ်။ ဒုတိယနေ့မှာမှ ကျန်တဲ့ကော်မတီနှစ်ရပ်ရဲ့ အမည်စာရင်းကို ဒီနေ့လိုပုံစံမျိုးပဲ ဆက်လက်ပြီးဆောင်ရွက်ဖို့ရှိတယ်။

ထူးခြားတာက ကျွန်တော်တို့က ဘာပဲပြောပြော ကျွန်တော်တို့ ဒီကော်မတီတွေဖွဲ့တိုင်း အမြဲတမ်းကော်မတီတွေမှ မဟုတ်ဘူး။ တခြားရေးရာကော်မတီတွေဖွဲ့လည်း ကျွန်တော်တို့က ဒီလွှတ်တော်ဟာ ဒေသအစုံကနေပြီးတော့ အချိုးညီညီ တိုင်းဒေသကြီး၊ ပြည်နယ် ၁၂ ဦးကျစီ ပါဝင်တာဖြစ်တဲ့အတွက် ဒါလူ မျိုးစုလွှတ်တော်လို့ ပြောရင်လည်းရတယ်။ ဒီလို ကော်မတီတွေဖွဲ့တဲ့နေရာမှာ အတတ်နိုင်ဆုံး ဘာကိုစဉ်းစားလဲဆိုရင် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးမှာရှိတဲ့ ဒေသစုံကလွှတ်တော်ကိုယ်စားလှယ်တွေပါနိုင်အောင် စဉ်းစားတယ်။ နောက်တစ်ခါ ပါတီစုံက ကိုယ်စားလှယ်တွေ ပါနိုင်အောင် စဉ်းစားတယ်။ နောက်တစ်ခု သူ့ရဲ့ ဘာသာရပ်နယ်ပယ်နဲ့ ကိုက်ညီမယ့် ကိုယ်စားလှယ်တွေ စဉ်းစားတယ်။ နောက်တစ်ခု တပ်မတော်သားကိုယ်စားလှယ်တွေလည်းပါဖို့ စဉ်းစားတယ်။ ကျား/မ ခွဲခြားမှုမရှိအောင် အမျိုးသမီးအချိုးကိုလည်း ပါနိုင်အောင် စဉ်းစားပြီးတော့ ဖွဲ့စည်းထားတာဖြစ်တဲ့အတွက် အဲဒီအပေါ်မှာ အားလုံးအမြင်မတူတဲ့ သူတွေရော၊ နယ်ပယ်ဒေသကသူတွေပါ အားလုံးပေါင်းပြီးတော့ ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဒီလွှတ်တော် နောက်ပေါ်ပေါက်လာမယ့် အစိုးရရော အဓိကကမျှော်မှန်းတာကတော့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို သွားမယ်။ တရားဥပဒေစိုးမိုးရေးကို သွားမယ်။ နောက်အစိုးရနဲ့ လွှတ်တော်နဲ့ အပြန်အလှန်ထိန်းကျောင်းပြီးတော့ အဂတိကင်းစင်တဲ့ အစိုးရတစ်ရပ်ဖြစ်ဖို့အတွက် သွားဖို့မျှော်လင့်ပါတယ်။ ဒါကြောင့် လွှတ်တော်တွေကလည်း ပြည်သူ့အသံ လွှတ်တော်အသံဆို

စာမျက်နှာ ၉ ကော်လံ ၁ သို့

စာမျက်နှာ ၈ မှ

ပြီးတော့ ပြည်သူလူထုရဲ့အသံကို တကယ်ထင်ဟပ်မယ့် ဥပဒေမျိုးတွေ ပြုနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဦးရှေးရယ်ရှမောင် ကယားပြည်နယ် မဲဆန္ဒနယ် အမှတ် (၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဒီနေ့မှာဆိုရင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကိုယ်စားလှယ်လောင်းတွေကို ဥပဒေပိုင်းဆိုင်ရာ ကော်မတီတွေရွေးချယ်တဲ့ အနေအထားပဲရှိပါသေးတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် လိုအပ်ချက်လေးတွေ၊ အားနည်းချက်လေးတွေကို ထည့်ပြီးဆွေးနွေးသွားဖို့ အစီအစဉ်တွေရှိတယ်။ ဒုတိယအကြိမ် ပထမဆုံးအစည်းအဝေး အနေအထားမှာ ဘာတွေဆွေးနွေးကြမလဲဆိုတာ မှန်းလို့မရသေးဘူး။ ဘာလို့လဲဆိုတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် သူ့ရဲ့ လိုအပ်ချက်လေးတွေ ဖြည့်စွက်ချက်လေးတွေက တစ်နေရာနဲ့ တစ်နေရာ မတူညီကြဘူးလေ။ လက်ငင်းလောပြောဖို့ နည်းနည်းခက်သေးတယ်။ ကယားပြည်နယ် အနေအထားကတော့ နဂိုတုန်းက ပြည်နယ်မှာ အဓိကလိုအပ်ချက်ကတော့ အမျိုးသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားတွေရဲ့ တောင်းဆိုမျှော်လင့်နေတဲ့ ကိစ္စလေးတွေကို အဓိကထားပြီး ဆွေးနွေးသွားမယ်။ ရှေ့လျှောက် ပွင့်လင်းမြင်သာမှုအရ အောင်မြင်တိုးတက်ဖို့ လမ်းတွေကတော့ များမှာပါ။

ခုလိုမျိုးဖွဲ့စည်းပုံအနေအထားက ပီပီပြင်ပြင်ဖြစ်သွားရင် တိုးတက်မှုတွေကတော့ ပြောစရာမလိုပါဘူး။ အရေးကြီးတာက တောင်ပေါ် တိုင်းရင်းသားတွေက မြန်မာတစ်နိုင်ငံလုံးရဲ့ အင်အားဖြစ်တဲ့အတွက်ကြောင့် အရေးကြီးသော တိုင်းရင်းသား အင်အားပဲလို့ ယူဆတယ်။ ဒါကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရဲ့ အင်အားဟာ မြန်မာနိုင်ငံရဲ့ အင်အားပါ။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှုနဲ့ပတ်သက်ပြီးလည်း ဥပဒေပညာရှင်များရဲ့ ညှိနှိုင်းဆွေးနွေးမှုပေါ် မူတည်ပြီးတော့ ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင်သွားဖို့ရှိပါတယ်။

ဦးစောမိုးမြင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

အဓိကကတော့ ကော်မတီကြီးလေးရပ်ရှိတယ်။ အဲဒီလေးရပ်က နှစ်ခုကို ဒီနေ့တင်သွားတယ်။ တင်သွားတဲ့ နှစ်ခုကလည်း အမှန်တကယ်လိုတဲ့ ကော်မတီတွေပါပဲ။ ဥပဒေကြမ်း ကော်မတီဆိုတာကလည်း နိုင်ငံတော်ကသွားချင်တဲ့ ဥပဒေတွေကို လိုအပ်ချက်အများကြီးရှိတာအတွက် ပြင်ဆင်မှုတွေလိုမယ်။ နောက်တစ်ခါ ပြည်သူ့ငွေစာရင်းဆိုတာလည်း ဒီလိုပါပဲ။ ဘတ်ဂျက်ဆိုတာမျိုးက သုံးတဲ့လူကတော့လိုချင်တဲ့အတိုင်း တောင်းသုံးတယ်။ ဒါပေမယ့် တိုင်းပြည်တစ်ခုလုံးနဲ့ ကြည့်တဲ့အခါကျရင် ဘယ်ကဏ္ဍနည်းတယ်။ ဘယ်ကဏ္ဍတွေလိုတယ်။ နောက် မလိုအပ်တာတွေ မသုံးစွဲမိဖို့ ဒါကို ထိန်းကျောင်းတဲ့ ကော်မတီပါ။ ဒါလည်း ရှိသင့်ပါတယ်။

အမေရိကန် နိုင်ငံတောင်မှ နှစ်ပေါင်း ၂၀၀ ကျော်ကနေ အခုချိန်အထိ ဥပဒေတွေပြင်ဆင်တုန်းပဲလေ။ မြန်မာနိုင်ငံကတော့ ဘာမှမကြာသေးဘူး။ နှစ်ပေါင်း ၆၀ ကျော်လောက်ပဲရှိတယ်။ ဒီဥပဒေဆိုတာတော့ အမြဲတမ်း အချိန်အခါကာလနဲ့ ပြောင်းလဲမှုရှိနေတယ်။ ဒါကိုတော့ မျက်ခြည်မပြတ် ကြည့်ရှုပြီးတော့ ပြင်သင့်တာ ပြင်ရမယ်။ လူတိုင်းကလိုချင်တဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ဒါတွေနဲ့ ပတ်သက်ပြီးဖြစ်လာတဲ့ ပြဿနာအများဆုံးက တိုင်းရင်းသားတွေကြောင့်ဖြစ်တာကိုး။အဲဒီတော့ တိုင်းရင်းသား ကိုယ်စားလှယ်တွေကနေ ဒီလိုမျိုးဆုံးဖြတ်ပေးနိုင်တဲ့ ရာထူးတွေ၊ တာဝန်တွေကို ထမ်းဆောင်ရတယ်ဆိုတော့ ဒါတိုင်းရင်းသားတွေအတွက် စည်းလုံးညီညွတ်ရေးကပိုပြီးတော့ မြန်ဆန်လာမယ်။ ကောင်းမွန်လာမယ်လို့တော့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ ကရင်ပြည်နယ် တင်မကပါဘူး။ တိုင်းပြည်တစ်ပြည်လုံးတိုးတက်ဖွံ့ဖြိုးလာလိမ့်မယ်လို့တော့ ယုံကြည်ထားပါတယ်။

ဒေါက်တာနိုင်ကိုက်မန် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၇)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ကျွန်မတို့ကတော့ တိုင်းရင်းသားတွေ မြန်မာနိုင်ငံ ပြည်သူတွေရဲ့ အရေးအတွက် လုပ်ဆောင်တဲ့အရာအားလုံးကို ပူးပေါင်းဆောင်ရွက်သွားကြမှာပါ။ ကျွန်မအနေနဲ့ ဥပဒေကြမ်း ကော်မတီဝင်တစ်ဦးမှာ ပါဝင်တယ်။ ဥပဒေကြမ်းက ကော်မတီရဲ့ ဆုံးဖြတ်ချက်ပေါ်မှာပဲ ပြင်ဆင်တင်သွင်းသွားရမယ့်အရာပါ။ဥပဒေကြမ်းရဲ့ကော်မတီရဲ့ အဓိကတာဝန်တွေကတော့ဥပဒေတွေ၊ ဒေသရဲ့လိုအပ်တဲ့၊ ပြည်သူရဲ့လိုအပ်တဲ့၊ နိုင်ငံရဲ့ လိုအပ်တဲ့ ဥပဒေတွေကို ပြင်ဆင်သင့်တာပြင်ဆင်မယ်။ ပူးပေါင်းသင့်တာ ပူးပေါင်းမယ်။ ဆောင်ရွက်သင့်တာ ဆောင်ရွက်မယ်လို့ ထင်ပါတယ်။

ဥပဒေဆိုတာ လိုအပ်ချက်ကို ပြင်ဆင်ရမယ်။ နေရာတိုင်းမှာ ဥပဒေဆိုတာရှိတယ်။ ထိရောက်မှုအနေနဲ့ကတော့ လုပ်ဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှုအပေါ်မှာ အများကြီးမူတည်မယ်လို့ မြင်ပါတယ်။ ဒီတစ်ခါ လွှတ်တော်ထဲက ပါတီအကုန်လုံး ဝိုင်းဝန်းဆောင်ရွက်ရမယ့် အခြေအနေလို့မြင်ပါတယ်။ ပထမအကြိမ် ကျင်းပခဲ့တဲ့လွှတ်တော်တုန်းကလည်း ကိုယ်စားလှယ်တွေ အကောင်းဆုံးကြိုးစားဆောင်ရွက်ကြပါတယ်။ အရာအားလုံး ပြုပြင်ပြောင်းလဲဖို့ဆိုတာ တစ်မုဟုတ်ချင်းမဖြစ်နိုင်ဘူး။ တဖြည်းဖြည်းနဲ့ တစ်ဆင့်ပြီး တစ်ဆင့်သွားရမယ့်အရာဆိုတော့ ဒီငါးနှစ်မှာ ဘယ်လောက်အထိ ခရီးရောက်မလဲဆိုတာတော့ စောင့်ကြည့်ရဦးမှာပါ။ အားလုံး ကြိုးစားဆောင်ရွက်ရတဲ့ အခြေအနေပေါ်မူတည်မှာပါ။

ကျွန်မတို့ဒေသက လမ်းပန်းဆက်သွယ်ရေးကအစ လိုအပ်တဲ့နေရာဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေးတွေကအစ အများကြီးလိုအပ်တဲ့အတွက် အခြေခံအကျဆုံး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျဆုံးထဲမှာပါတဲ့ ဒေသဖြစ်တဲ့အတွက်ကြောင့် အများကြီးရှိတယ်ဆိုတော့ အများကြီး ပြောင်းလဲလာမယ်လို့ ယုံကြည်ပါတယ်။

ကန့်ဘလူ-ကျွန်းလှဒေသ၌ အထက်မြန်မာပြည် ဗုဒ္ဓတက္ကသိုလ်တည်ဆောက်မည်

ကျွန်းလှ ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူ-ကျွန်းလှဒေသ၌ အထက်မြန်မာပြည် ဗုဒ္ဓတက္ကသိုလ် တည်ဆောက်မည် ဖြစ်ကြောင်း သီတဂူစက္ကူဒါန ဆေးရုံတော်ခန်းမ၌ ဖေဖော်ဝါရီ ၂ ရက်က ပြုလုပ်သည့် ကျွန်းလှမြို့နယ်ပထမအကြိမ်သံဃာ့အစည်းအဝေးဆုံးဖြတ်ချက်အရ သိရှိရသည်။ **(အပေါ်ပုံ)**

စစ်ကိုင်းမြို့ IBEC ဆရာတော် အရှင်သောဘိတက ကန့်ဘလူ-ကျွန်းလှဒေသ၌ အထက်မြန်မာပြည် ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရန်သင့်ပါကြောင်း၊ အထက်မြန်မာပြည်၌ စာသင်တိုက်ကြီးများရှိသော်လည်း နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သော ဗုဒ္ဓဘာသာပညာရေးဌာန တစ်ခုဖြစ်လာစေရန် အထက်မြန်မာပြည်ရှိ ရဟန်းသံဃာတော်များ ပိဋကတ်စာပေကို ခေတ်ပညာနှင့်ယှဉ်တွဲသင်ကြားနိုင်ရန် အခြားသော နိုင်ငံရပ်ခြားတက္ကသိုလ်များကဲ့သို့ ငွေကြေးဖြင့်လေ့လာ သင်ယူစရာမလိုဘဲ နိုင်ငံတကာ အဆင့်ပညာရပ်များကို လေ့လာသင်ယူနိုင်ရန် အထက်မြန်မာပြည်၌ နိုင်ငံတကာနှင့်ယှဉ်သော မြတ်ဗုဒ္ဓသာသနာ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပါကြောင်း" ဝထမအကြိမ်သံဃာ့အစည်းအဝေးတွင် တင်ပြလျှောက်ထားချက်အရ သိရသည်။

ကျွန်းလှမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုန္တက၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခ (မဟာဌာနမှူး) ငါးကျမ်းမြန် ဆရာတော် ဒေါက်တာဓမ္မပိယ တို့အား အမှူးပြု၍ သံဃာတော်အရှင်သူမြတ် ၂၅ ပါး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ ပါဝင်ဆွေးနွေးသည့် ယင်းအစည်းအဝေးတွင် အထက်မြန်မာပြည်ဗုဒ္ဓတက္ကသိုလ်ကို မြေဧရိယာ ၃၀ ဒသမ ၀၇ ဧကပေါ်တွင် ဓမ္မဝိနယနှင့်အညီ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အထက်မြန်မာပြည် ဗုဒ္ဓတက္ကသိုလ်တည်ဆောက်ရာသို့ ပါဝင်လှူဒါန်းလိုပါက ဦးသန်းထွန်း အထက်မြန်မာပြည်ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရေးကော်မတီ ကျွန်းလှမြို့ ဖုန်း ၀၉-၄၀၂၅၆၃၁၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၅-၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၃၆ ဒသမ ၀၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၄၅ ဒသမ ၂၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၈၁ ဒသမ ၃၆ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၄၇ ဒသမ ၂၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၂ ဒသမ ၉၆ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၁၀ ဒသမ ၁၉ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၆၂၈ ဒသမ ၈၃ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၄၇၂၇ ဒသမ ၇၀၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၃၄၈ ဒသမ ၁၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၀၇၅ ဒသမ ၈၅ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၄၁၀ ဒသမ ၅၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၁၇ ဒသမ ၀၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၄၂၇ ဒသမ ၅၆ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၀၅၀၃ ဒသမ ၄၁ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၃၅၁ ဒသမ ၇၁ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။ **(သတင်းစဉ်)**

အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၄

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်ဖြစ်သည်။ **(မိုး/ဇလ)**

ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီခန့်က စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသ ကင်းအုပ်စု ကင်းရွာ မင်းကွန်းသဘောကျင်းတွင် ပြုပြင်ဆောက်လုပ်ဆဲ ပြည်မြန်မာ(၂) သင်္ဘော မီးလောင်နေမှုကိုတွေ့ရစဉ်။ (အဆိုပါ သင်္ဘော မီးလောင်မှုကို ဒေသခံများ၊ သင်္ဘောကျင်းမှ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းငြှိမ်းသတ်မှုကြောင့် ညနေ ၄ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။) **တင်မောင်-မန်းကိုယ်ပွား**

မြန်မာနိုင်ငံသူ နိုင်ငံသားများ ပထမဆုံးဖူးမြော်ပူဇော်ခွင့်ရရှိခဲ့သော အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်တန်းမှ မြတ်ဗုဒ္ဓ၏အရိုးဓာတ်တော်

ကိုသက် (ဗိုးကုန်း)

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းတောင်ရိုးသီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ကမ္ဘာ့ဗုဒ္ဓဘာသာ ငြိမ်းချမ်းရေး ညီလာခံကြီးကို ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် ကျင်းပခွင့်ရသော ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံကြီးနှင့်အတူ မြတ်ဗုဒ္ဓ၏ အရိုးဓာတ်တော်များကိုလည်း တစ်ဆက်တည်း ပူဇော်ကြည်ညိုခွင့်များရရှိခဲ့ပါသည်။

ယင်းအရိုး ဓာတ်တော်များကို အိန္ဒိယနိုင်ငံ လဒတ်ပြည်နယ်၊ ကက်ရှ်မီးယားဒေသ လိမြို့ဟမ်းမစ်ကျောင်းတော်မှ ရဟန်းတော်များက မြန်မာနိုင်ငံသို့ လာရောက်စဉ် တစ်ပါတည်းပင့်ဆောင်လာခဲ့ကြခြင်း ဖြစ်သည်။

ဟိမဝန္တာတောင်တန်းများနှင့် ထိစပ်နေသော အိန္ဒိယနိုင်ငံမြောက်ပိုင်း ကက်ရှ်မီးယားဒေသရှိ လဒတ်တိုင်းရင်းသားလူမျိုးတို့သည် မြတ်ဗုဒ္ဓ၏ အရိုးဓာတ်တော်ကို ရဟန်းအစဉ်အဆက် ၁၂ ဆက်တိုင်တိုင် နှစ်ပေါင်းနှစ် ၂၀၀၀ ကျော် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်။ မိမိတို့ဒေသအတွင်း၌သာ အရိုးဓာတ်တော်ပူဇော်ပွဲများကို ကျင်းပလာခဲ့ကြပြီး ပြည်ပနိုင်ငံများသို့ အပူဇော်ခံ ဒေသစာရီကြွချီလာခြင်းမှာ ပထမဦးဆုံးဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓ၏အရိုးဓာတ်တော်များကို အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသော ဆရာစဉ်ဆက်ဂိုဏ်း၏ အမည်မှာ ဒရုကပ (DRu KAPA) ဂိုဏ်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များတွင် ထေရဝါဒဂိုဏ်း နှင့် မဟာယာနဂိုဏ်းများမှာ လူသိများသော ဂိုဏ်းများဖြစ်ပြီး ဝဇီရယာနဂိုဏ်းမှာ လူသိနည်းပါးသည်။

ယခု မြန်မာနိုင်ငံသို့လာရောက်သော မြတ်ဗုဒ္ဓ၏ အရိုး ဓာတ်တော်များကို ပင့်ဆောင်သော ရဟန်းတော်များမှာ ဝဇီရယာနဂိုဏ်းမှဖြစ်ကြသည်။ အိန္ဒိယနိုင်ငံ လဒတ် ပြည်နယ်တွင် လူဦးရေကိုးသန်းရှိသည့်အနက် ဝဇီရယာနဗုဒ္ဓဘာသာဝင်ပေါင်း ခုနစ်သန်းခွဲရှိကြောင်း သိရသည်။

မြတ်ဗုဒ္ဓ၏ အရိုးဓာတ်တော်အား ပင့်ဆောင်လာကြသော ရဟန်းတော်များမှာ ဗုဒ္ဓ၏ဂုဏ်တော်များကို ရွတ်ဆိုပူဇော်ကြသောအခါ စည်းဝါးကဲ့သို့ တူရိယာတစ်မျိုး တွဲဖက်သုံးစွဲခဲ့သည်ကို တွေ့မြင်ခဲ့ရသည်။

ရဟန်းတော်များ၏ ဓမ္မရွတ်ဆိုသံသည် နာကြားရသူအပေါင်း၏ စိတ်ဘဝင်ကို အေးမြသွားစေပါ သည်။

ထိုရဟန်းတော်များသည် ၎င်းတို့၏ နှလုံးသားထဲဝယ်၊ ငြိမ်းချမ်းမှု ထာဝစဉ်ကိန်းအောင်းနေကြောင်း၊ ထိုသို့ ကိန်းအောင်းနေစေရန် ဓမ္မကျင့်ကြံပွားများမှု၊ ဂုဏ်တော်များ စဉ်ဆက်မပြတ် ရွတ်ဖတ်ပူဇော်မှုများ ကြောင့်လည်းဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရား၏ အရိုးဓာတ်တော်များအား စစ်ကိုင်းတောင်ရိုးမှသည် မန္တလေး မဟာမြတ်မုနိဘုရားကြီး၊ ထိုမှတစ်ဆင့် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၊ တောင်ငူမြို့ ရွှေဆံတော်ဘုရားကြီး၊ အုတ်ဖိုမြို့နယ် ဥတိုမြို့သစ် အောင်ချမ်းသာဘုရား နောက်ဆုံးခရီးစဉ်အဖြစ် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးတွင် အပူဇော်ခံခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ငြိမ်းချမ်းရေးရောင်ခြည်နှင့် မေတ္တာတရားများ တိုးတက်စည်ပင်ပြန့်ပွားလာတော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ် နွားခုံး၊ မြင်းခုံးပြိုင်ပွဲများ ကျင်းပမည်

ယင်းမာပင် ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့တွင် နှစ်ပေါင်း ၂၀ ကျော် ပျောက်ကွယ်ခဲ့သော နွားခုံး၊ မြင်းခုံးပြိုင်ပွဲများကို ရိုးရာအစဉ်အလာမပျက် ပြန်လည်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက်က ယင်းမာပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားပြီး (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ် နွားခုံး၊ မြင်းခုံးပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နွားခုံး၊ မြင်းခုံး ပြိုင်ပွဲများကျင်းပပေးရခြင်းနှင့် ပတ်သက်၍ နွားခုံး၊ မြင်းခုံးပြိုင်ပွဲ ကျင်းပရေးကော်မတီဝင် ဦးစိုးမြင့်ချိုက "(၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် အစဉ်အလာမပျက် နွားခုံး၊ မြင်းခုံးပြိုင်ပွဲကို စည်ကားစွာ ကျင်းပဖို့အတွက် ခရိုင်အတွင်းမှ ယင်းမာပင်၊ ဆားလင်းကြီး၊ ပုလဲ၊ ကနီစသည့် မြို့နယ်လေးမြို့နယ်အပြင် အခြားမြို့နယ်တွေကလည်း ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ပါတယ်။ ဒီပြိုင်ပွဲမှာ အခုလက်ရှိ မြို့ခံ ပြိုင်ပွဲဝင်အသင်း နွားလေးရှဉ်း၊ မြင်းခြောက်ကောင်ပါပါတယ်။ ယခင် ပထမအကြိမ် ကျင်းပခဲ့တဲ့ ယင်းမာပင်မြို့ (ဂ) တိုးချဲ့ရပ်ကွက် မြို့ပတ်လမ်းနေရာမှာ နွားခုံး၊ မြင်းခုံးပြိုင်ပွဲအပြင် နွားအလှ ကျောစီး၊ နွားအလှစတဲ့ ပြိုင်ပွဲတွေကို ထည့်သွင်းကျင်းပပြီး ဆုရရှိတဲ့ ပြိုင်ပွဲဝင်အသင်းတွေကို ဂုဏ်ပြုဆုချီးမြှင့်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။ **ထွန်းကိုကို (ယင်းမာပင်)**

နဘားကျေးရွာရှိ ၁၈၉၃ ခုနှစ်က ရှေးဟောင်းမီးရထားချိန်တွယ်ကတ္တား

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားကျေးရွာရှိ မြန်မာ့မီးရထားအသုံးပြုရာ ဘူတာဝင်းတွင် ၁၈၉၃ ခုနှစ်က စနစ်တကျ တပ်ဆင်တည်ဆောက်ထားရှိသော မီးရထားတွဲချိန်တွယ် MADE IN ENGLAND BY W & T. AVERY LIMITED BIRMINGHAM ကတ္တားရုံရှိသည်။ **(ဓာတ်ပုံ)** ယခင်က မီးရထား တွဲဆိုင်းများသည် လေးဘီးသာရှိပြီး အဆိုပါ တွဲဆိုင်းများပေါ်သို့ ကုန်ပစ္စည်းမည်မျှတင်ထားသည်ကို ချိန်တွယ်ရာတွင် မီးရထားကတ္တား ချိန်တွယ်ရုံ၌ လာရောက်စစ်ဆေးပြီးမှ မီးရထားထွက်ခွာခွင့်ပေးသည်ဟု ယူဆရသည်။

အဆိုပါ မီးရထားချိန်တွယ် ကတ္တားရုံအနီး၌ရှိသည့် သံလမ်းတွင်လည်း 25 TONS & 681 MAUN GHAM . 1893 ခုနှစ်ပါ အမှတ်အသားစာလုံးများ ရိုက်နှိပ်ထားသည်ကို တွေ့ရသည်။

နှစ်ပေါင်း ၁၀၀ကျော်သက်တမ်းရှိပြီဖြစ်သည့် အဆိုပါ မီးရထားကတ္တားရုံကို ပြသထားရှိမည်ဆိုလျှင် နိုင်ငံခြားသားများ စိတ်ဝင်စားမည်ဖြစ်ပြီး အင်္ဂလိပ်ခေတ်က တည်ဆောက်ထားရှိသော လျှပ်စစ်မီးပေးရုံ၊ သေနတ်မှန်ထားသော ကတ္တားချိန်တွယ်ရုံ၊ သံလမ်းဟောင်းများ၊ ရေခန္တွေ့ငွေ့ဘွိုင်လာအိုး၊ မီးရထား ခေါင်းလှည့်နေရာ၊ စော်မှော်ချောင်းမှရေများကို သွယ်ထားသည့် ဝိုက်လိုင်းများမှတစ်ဆင့် အလိုအလျောက်ရေတင်ပေးသည့် ရေဖြည့်ရေစင်များစသည့် ရှေးဟောင်းလက်ရာများကို တွေ့ရှိရမည်ဖြစ်သည်။

ငွေအိုး(ကသာ)

သနပ်ပင်-ပဲခူးတက္ကသိုလ် ယာဉ်လိုင်း တိုးချဲ့ပြေးဆွဲ

သနပ်ပင် ဖေဖော်ဝါရီ ၄

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် သမဝါယမအသင်းစုလီမိတက်မှပြေးဆွဲလျက်ရှိသည့်အမှတ် (၁၂) ယာဉ်လိုင်း သနပ်ပင်-ပဲခူးခရီးစဉ်ကို ပဲခူးတက္ကသိုလ်အထိ တိုးချဲ့ပြေးဆွဲမည့် ခရီးစဉ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်က သနပ်ပင်မြို့တောင်ဘက်တမ်း ဓမ္မာရုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် သနပ်ပင်မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းမြင့်အေးက လိုင်းတိုးချဲ့ပြေးဆွဲရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်မြင့်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

တင်အောင်ဆန်း(သနပ်ပင်)

သတင်းတိုများ

နေ့သစ်ကြီးဦးခန္တီအထိမ်းအမှတ် ဆွမ်းသပိတ်လောင်းလှူပွဲတော်ကြီး ကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၄

(၆၇)ကြိမ်မြောက် သာသနာ့ဟိတဓဇ နာယကရသေ့ကြီး ဦးခန္တီ အထိမ်းအမှတ် ဆွမ်းသပိတ်လောင်းလှူပွဲတော်ကြီးကို နှစ်စဉ်ကျင်းပမြဲအတိုင်း မန္တလေးမြို့ မန္တလေးတောင်ခြေ ကိုးခန်းကြီးမြတ်စွာဘုရားဝင်းအတွင်း၌ ဖေဖော်ဝါရီ ၆ ရက်ညတွင် တရားပွဲ၊ ဖေဖော်ဝါရီ ၇ ရက် နံနက်တွင် ဘုရားအနေကဇာတင်နှင့် သံဃာပူဇာပွဲနှင့် ဖေဖော်ဝါရီ ၈ ရက် နံနက်တွင် သံဃာအပါး ၆၀၀ ကျော်တို့အား ဆွမ်းသပိတ်လောင်းလှူပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ရုံးလုပ်ငန်းစီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းဖွင့်

သထုံ ဖေဖော်ဝါရီ ၄

ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားပြီး ရုံးလုပ်ငန်းများကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရုံးလုပ်ငန်းများ စီမံခန့်ခွဲမှုဆင့်ပွားသင်တန်း (၁/၂၀၁၆)ကို ဖေဖော်ဝါရီ ၁ ရက်က သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က အမှာစကားပြောကြားပြီး သင်တန်းသို့ သထုံ၊ ကျိုက်ထို၊ ဘီးလင်းနှင့် ပေါင်မြို့နယ်တို့ရှိ ပြန်/ဆက် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်ဆိုင်ရာ သင်တန်းဖွင့်

ဖူ ဖေဖော်ဝါရီ ၄

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုရန်ပုံငွေအဖွဲ့ (LIFT Fund)တို့ ပူးပေါင်းကျင်းပသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်ဆိုင်ရာသင်တန်းကို ဖူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီလနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အဆိုပါသင်တန်းသို့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မည့် ဖူမြို့နယ်နှင့် မာန်အောင်မြို့နယ်တို့မှ သင်တန်းသား ၂၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဆွေဆွေနိုင်**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

ဟားခါး ဖေဖော်ဝါရီ ၄

ဟားခါးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဈေးသစ်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးယဉ်ထွေးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မော်လမြိုင်မြို့နှင့် အမေရိကန်နိုင်ငံရှိ ဖို့ဒ်ဝိန်းမြို့တို့အကြား ညီအစ်မမြို့တော်တည်ထောင်မည်

မော်လမြိုင် ဖေဖော်ဝါရီ ၄

မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် အမေရိကန်ပြည်ထောင်စုအင်ဒီးယားနားပြည်နယ် ဖို့ဒ်ဝိန်းမြို့တို့အကြား ညီအစ်မမြို့တော်တည်ထောင်ရေး သဘောတူညီမှုစာချွန်လွှာလက်မှတ်ရေးထိုးသည့် အခမ်းအနားကို ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ဖေဖော်ဝါရီ ၄ ရက်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ညီအစ်မမြို့တော် တည်ထောင်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ်တွင် စတင်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုအစိုးရထံတင်ပြခဲ့ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ပြောကြားသည်။

"နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့ စီးပွားရေးလုပ်ငန်းတွေအပြင် အခြားလုပ်ငန်းဆောင်တာတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့အစိုးရအဖွဲ့နဲ့လာတွေ့တာများပေမယ့် ညီအစ်မမြို့တည်ထောင်တာနဲ့ပတ်သက်လို့ ဒီလိုဆောင်ရွက်နိုင်တာ ပထမဆုံးအကြိမ်ပါ။ အမေရိကန်အနေနဲ့ နည်းပညာဖွံ့ဖြိုးပြီးသားနိုင်ငံဖြစ်တဲ့အတွက် မော်လမြိုင်မြို့ဟာဆိုရင် အခုလို ဖို့ဒ်ဝိန်းမြို့နဲ့ ညီအစ်မမြို့တော်အဖြစ် သဘောတူညီမှုစာချွန်လွှာရေးထိုးနိုင်ခဲ့ပြီးဖြစ်တဲ့အတွက် နောင်ဆိုရင် မြို့နှစ်မြို့အကြား ပညာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအစရှိတဲ့လုပ်ငန်းတွေကို အချင်းချင်းဖလှယ်နိုင်မှာ ဖြစ်ပါတယ်" ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

"အခုလို လက်မှတ်ထိုးနိုင်တာ နှစ်နိုင်ငံလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်ပါတယ်။ ညီအစ်မမြို့တော်ရဲ့ဆုံးဖြတ်ချက်နဲ့ လာမယ့် ၂၀၁၇ မှာ ကျောင်းသားလူငယ်တွေရဲ့ ပညာရေးဖလှယ်မှုကို စတင်လုပ်ဆောင်သွားဖို့ရှိပါတယ်။ ကျွန်မတို့အနေနဲ့ အထက်တန်းကျောင်းတွေနဲ့ တက္ကသိုလ်တွေကို သွားရောက်လေ့လာပြီး နောက်ဆက်လုပ်မယ့် လုပ်ငန်းစဉ်တွေကို ပူးပေါင်းကူညီဆောင်ရွက်မယ့်အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးသွားဖို့ရှိပါတယ်" ဟု Ms. Nan Tin Min (မော်လမြိုင်-ဖို့ဒ်ဝိန်းညီအစ်မမြို့တော်ဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ)က ဆိုသည်။ မော်လမြိုင်-ဖို့ဒ်ဝိန်းညီအစ်မမြို့တော်တည်ထောင်ရေးသဘောတူညီမှုစာချွန်လွှာကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ တိုးတိုးအောင်နှင့် Fort Wayine Sister Cities International Inc ၏ ဥက္ကဋ္ဌ Ms.Dorothy Kittaka တို့ လက်မှတ်ရေးထိုးခဲ့ကြပြီး အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ Fort Wayine Sister Cities International Inc ၏ ဥက္ကဋ္ဌ Ms.Dorothy Kittaka ဦးဆောင်သည့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများနှင့် မော်လမြိုင်မြို့နယ် အထောက်အကူပြုကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

မိုးဝေ(မြန်/ဆက်)

မျိုးဆက်သစ်လူရွှင်တော်များပေါ်ထွက်လာရန် ခေတ်သစ်အငြိမ့်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

မျိုးဆက်သစ် လူရွှင်တော်ကောင်းများပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး MNTV ရုပ်သံလိုင်းမှ စီစဉ်ဆောင်ရွက်သည့် ခေတ်သစ်အငြိမ့်ပြိုင်ပွဲတစ်ရပ်ကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းရုပ်သံလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲကတော့ လူရွှင်တော်အနုပညာရှင်မျိုးဆက်သစ်တွေ ပေါ်ထွန်းလာစေဖို့ရည်ရွယ်ပြီး ပြုလုပ်တဲ့ပွဲဖြစ်ပါတယ်။ ကျွန်တော်တို့အရင် ၂၀၁၄ ခုနှစ်ကလည်း ဒီလိုပွဲလုပ်ခဲ့ဖူးပါတယ်။ အခု ၂၀၁၆ မှာတော့ ဒုတိယအကြိမ် ပြုလုပ်တာပါ" ဟု MNTV ရုပ်သံလိုင်းမှ အထွေထွေမန်နေဂျာ ကိုနိုင်ကျော်က ရန်ကုန်မြို့ အောကစ်ဟိုတယ်၌ ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းကကျင်းပသောစာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

ခေတ်သစ်အငြိမ့်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ကြမည့် လူရွှင်တော်များအား တွေ့ရစဉ်။

အဆိုပါ အငြိမ့်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ကာ ဖေဖော်ဝါရီ ၁၇ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အဖွဲ့ပေါင်း ၁၆ သင်းမှ ၂၀ ခန့်ရှိကြောင်း၊ မြန်မာတစ်နိုင်ငံလုံးမှ လူငယ်မျိုးဆက်သစ် အနုပညာရှင်များပါဝင်ကြောင်း၊ အချို့ဇာတ်အဖွဲ့မှ လူရွှင်တော်များလည်း ပါဝင်ကြောင်း၊ အဆိုပါယှဉ်ပြိုင်မှု များကို MNTV ရုပ်သံလိုင်းမှ တည်းဖြတ်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲကတော့ ပြိုင်ပွဲဝင်စည်းကမ်းချက်အမှတ်ပေးစနစ်မှာ ပြိုင်ပွဲဝင်လူရွှင်တော်တွေအနေနဲ့ ဆန်းသစ်တဲ့ပြက်လုံးတွေ ပြက်လုံးထုတ်ရာမှာ အမှတ်ပိုပေးမှာ ဖြစ်ပါတယ်။ အငြိမ့်ဆိုတာ လူရွှင်တော်တွေချည်းကောင်းလို့ မရသလို မင်းသမီးအကကောင်း၊ အဆိုကောင်းဖို့လည်း လိုပါတယ်။ လူရွှင်တော်၊ ဆိုင်း၊ မင်းသမီးစည်းစည်းလုံးလုံးနဲ့ ဟန်ချက်ညီညီ ဖျော်ဖြေတင်ဆက်နိုင်မှသာ အငြိမ့်ကောင်းလို့ဆိုရမှာပါ။ ဒီမှာတစ်ချက်သတိထားရမှာက မျက်နှာအမူအရာ ဝတ်စားဆင်ယင်မှုတွေကိုလည်း အမှတ်ပေးသွားမှာဖြစ်ပါတယ်" ဟု ဒိုင်အဖွဲ့ကိုယ်စား လူရွှင်တော် ကိုပန်းသီးက ရှင်းပြသည်။

အဆိုပါ ခေတ်သစ်အငြိမ့်ပြိုင်ပွဲကိုအဆင့်သုံးဆင့်ဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ရာ ပထမအဆင့် ဝင်ရောက်ယှဉ်ပြိုင်သောအသင်းများအနက်မှ အကောင်းဆုံးရှစ်သင်းကို ဆန်ခါတင်ရွေးချယ်ကာ လာမည့် မတ် ၂ ရက်နှင့် ၃ ရက်တို့တွင် ဒုတိယအဆင့် တက်လာသောရှစ်သင်းမှ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ၎င်းရှစ်သင်းမှ နောက်ထပ်လေးသင်းရွေးချယ်ယှဉ်ပြိုင်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုများပေးသွားရန် စီစဉ်ထားကြောင်း၊ ဆုများကို ပထမဆုအဖြစ် ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုအဖြစ်ငွေကျပ် ၁၀ သိန်းနှင့် တတိယဆုငွေကျပ်ငါးသိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ကြံ့တိုင်းအောင်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

❖ *ကျောဖုံးမှ*

(၁၀)မှတ်စီ၊ ဖွဲ့ကပင်အသင်းက ကိုးမှတ်၊ ဧယျာရွှေမြေအသင်းက ရှစ်မှတ်၊ မကွေးအသင်းက ခုနစ်မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ခြောက်မှတ်၊ ရခိုင်အသင်း၊ ချင်းယူနိုက်တက်အသင်းနှင့် Horizon အသင်းတို့က လေးမှတ်စီ၊ ဧရာဝတီအသင်းက သုံးမှတ်၊ လက်ရှိချန်ပီယံ ရန်ကုန်အသင်းက တစ်မှတ်၊ Southern အသင်းက လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

လေးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးထားသည့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ အိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း ကြားရက်တွင် အာရှချန်ပီယံလိဂ်ခြေစစ်ပွဲကို ထိုင်းနိုင်ငံ၌ သွားရောက်ကစားထားရသောကြောင့် ပွဲပန်းသည့်ဒဏ်ကို ခံစားရဖွယ်ရှိနေသည်။ ရာသီအစ ပွဲစဉ်များတွင် ထင်သလောက် ရလဒ်မကောင်းသေးသည့် ရှမ်းယူနိုက်တက်မှာ အဝေးကွင်းပွဲကျပ်ထပ်မံကစားရမည်ဖြစ်ပြီး ဧရာဝတီအသင်းမှာလည်း ရန်ကုန်အသင်းနှင့် ပွဲကျမှ နိုင်ပွဲစတင်ရရှိခဲ့ခြင်းဖြစ်သည်။ ထိပ်ဆုံးနေရာတွင် အပြိုင်ဖြစ်နေသည့် ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်းတို့မှာ တန်းတက်အသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရန်ကုန်-ချင်းယူနိုက်တက်

နိုင်ပွဲမရရှိသေးမှုကရန်ကုန်အသင်းအတွက်ဖိအားဖြစ်လာနိုင်ပြီး ချောင်ဘူရီအသင်းနှင့်ကစားခဲ့သည့် အာရှချန်ပီယံလိဂ်ခြေစစ်ပွဲကဲ့သို့ ကစားနိုင်မှ အခြေအနေကောင်းနိုင်ပေသည်။ ချင်းယူနိုက်တက်အသင်းကလည်း ယခုရာသီတွင် အသင်းကြီးများနှင့်ယှဉ်ပြိုင်ကစားနိုင်သည့်ခြေစွမ်းမျိုးရှိနေပေသည်။ နိုင်ပွဲမရသေးသည့် ရန်ကုန်အတွက် အရေးပါသည့်ပွဲဖြစ်သည်။

ဧရာဝတီ-ရှမ်းယူနိုက်တက်

ရှမ်းယူနိုက်တက်အသင်းမှာရှုံးပွဲမရှိသေးသော်လည်း ပုံစံကောင်းရရန် ရုန်းကန်နေရဆဲဖြစ်ပြီး သရေပွဲသုံးပွဲအထိရှိနေသည်။ ဧရာဝတီအသင်းမှာရာသီအစသုံးပွဲဆက်တိုက်ရှုံးနိမ့်ခဲ့သော်လည်း ရန်ကုန်နှင့်ပွဲတွင် ပုံစံကောင်းပြသကာ နိုင်ပွဲရယူနိုင်ခဲ့ပြီး ယင်းခြေစွမ်းအတိုင်းကစားနိုင်ပါက အခြေအနေကောင်းနိုင်ပေသည်။ ရှမ်းယူနိုက်တက်အနေဖြင့် အဝေးကွင်း၌ ရလဒ်ကောင်းရန် ခြေစွမ်းပိုင်းနှင့် ကြိုးစားအားထုတ်မှုပိုကောင်းရန် လိုအပ်နေသည်။

သော့ပုံစံတူဖွင့်၍ ဆိုင်အတွင်းမှ ငွေနှင့်ပစ္စည်းများခိုးယူသူအား ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၄

ဆိုင်ဝန်ထမ်းဖြစ်သူက မူရင်းသော့အားပုံစံတူဖွင့်၍ ဆိုင်အတွင်းမှ ငွေနှင့်ပစ္စည်းများခိုးယူမှု ဇန်နဝါရီ ၂၉ ရက်က ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်နေ ဦးစိုးသင်းသည် မရမ်းကုန်းမြို့နယ် သီရိမွန်ပလာဇာဝင်းနှင်းဆီလမ်းရှိ KBK မီးစက်နှင့် စက်အပိုပစ္စည်းရောင်းဝယ်ရေးဆိုင်ဖွင့်ရန် ဇန်နဝါရီ ၂၉ ရက် နံနက် ၈ နာရီက ရောက်ရှိလာပြီး တံခါးအားသော့ဖွင့်ရန် ပြုလုပ်စဉ် ယင်းတံခါးမှာ အမြင့်တစ်ပေခွဲခန့်ဟနေသည်ကိုတွေ့ရှိရသဖြင့် ဆိုင်အတွင်းသို့ ဝင်ရောက်စစ်ဆေးကြည့်ရှုရာ ကောင်တာအံဆွဲအတွင်းထားသော ငွေစက္ကူရေရာ ကျပ်သိန်း ၂၇၀၊ စုဘူးသုံးဘူးအတွင်းရှိ ငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ် ၂၄၅ သိန်းကျော်ခန့်နှင့် ဆိုင်အတွင်းတပ်ဆင်ထားသော CCTV ကင်မရာရှစ်လုံးအနက် ကင်မရာနှစ်လုံးနှင့် Receiver တို့မှာ ပျောက်ဆုံးနေကြောင်းတိုင်တန်းချက်အရ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့်လှစ် စုံစမ်းဆောင်ရွက်ခဲ့သည်။

အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက မသင်္ကာသူ လှိုင်သာယာမြို့နယ်နေ ဆိုင်အလုပ်သမား ကြက်တူရွေး(ခ)ကိုဖြိုး (၁၈) နှစ်အား ယင်းနေ့နံနက် ၁၁ နာရီတွင် ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ကြက်တူရွေး(ခ) ကိုဖြိုးက အဆိုပါအမှုအား မျိုးမြင့် (ခ) အောင်မြင့်ဦး (ခ)ငမျိုးနှင့် ပူးပေါင်းကျူးလွန်ခဲ့ခြင်းဖြစ်ပြီး ၎င်းက ဇန်နဝါရီ ၂၈ ရက်တွင် ဆိုင်ရှိ Master Key တစ်ချောင်းအားခိုးယူခဲ့ကာ မျိုးမြင့်(ခ)အောင်မြင့်ဦး(ခ)ငမျိုးအား သော့တုလုပ်ရန်ပေးအပ်ခဲ့ကြောင်း၊ မျိုးမြင့်(ခ)အောင်မြင့်ဦး(ခ)ငမျိုးက ပုံစံတူပွား၍ ညနေပိုင်းတွင် ၎င်းအားပြန်ပေးခဲ့ပြီး မူရင်းသော့အား ပုံစံမပျက်မူလနေရာတွင် ပြန်လည်ထားရှိခဲ့ကြောင်း၊ ည ၈ နာရီတွင် မျိုးမြင့်(ခ)အောင်မြင့်ဦး(ခ)ငမျိုးနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်ခဲ့ပြီး ပုံစံတူပွားထားသော သော့ဖြင့်ဖွင့်ကာ ဆိုင်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး ကောင်တာအတွင်းရှိ ငွေများနှင့် စုဘူးသုံးဘူးအတွင်းမှ ငွေများကို ကျောပိုးအိတ်နှစ်လုံးဖြင့် ထည့်ကာ စုဘူးခွံများကို တတိယထပ်မျက်နှာကြက်ပေါ်တွင် တင်ထားခဲ့ကြောင်း၊ မျိုးမြင့်(ခ)အောင်မြင့်ဦး(ခ)ငမျိုးက ဆိုင်ခန်းအောက်ထပ်ရှိ CCTV ကင်မရာနှစ်လုံးအား ရိုက်ဖြတ်ခဲ့ပြီး CCTV Receiver များကို ယူ၍ အနီးရှိ မြောင်းထဲသို့ လွှင့်ပစ်ခဲ့ကြောင်း၊ ခိုးယူရရှိသာငွေများကို မိခင်ဖြစ်သူထံ အပ်နှံခဲ့ပြီး နောက်နေ့နံနက်ပိုင်းတွင် ပုံမှန်အတိုင်း အလုပ်ဆင်းခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ကြက်တူရွေး(ခ)ကိုဖြိုး၏ မိခင်ဖြစ်သူ ဒေါ်စန်းစန်းကြူမှာ ငွေများနှင့်အတူ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ၎င်းအိမ်အတွင်းမှ အခင်းဖြစ်စဉ် ဝတ်ဆင်ခဲ့သည့် အဝတ်အစားနှင့် ခိုးယူခဲ့သော CCTV CIT SO Repeater စက်တစ်လုံး၊ H 264 Ditial Video Recorder စက်တစ်လုံးနှင့် စက်ဘီးနှစ်စီးတို့ကို ပြန်လည်သိမ်းဆည်းခဲ့သည်။

ထို့နောက် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ မျိုးမြင့်(ခ)အောင်မြင့်ဦး(ခ)ငမျိုးကို ဖမ်းဆီးရမိရေး ၎င်းနေထိုင်ရာနေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ ဇနီးဖြစ်သူအားတွေ့ရှိရပြီး ခိုးရာပါငွေများဖြင့်ဝယ်ယူထားသော ရွှေအလေးချိန် ရှစ်ပဲလေးရွေးရှိ St ပုံ ဆွဲကြိုးတစ်ကုံး၊ အလေးချိန် နှစ်ပဲတစ်ရွေးရှိ ကျောက်ရှစ်လုံးပါရွှေဆွဲသီးတစ်ခု၊ အလေးချိန် သုံးပဲတစ်ရွေးရှိ ရွှေလက်စွပ်တစ်ကွင်း၊ အလေးချိန်နှစ်ပဲ လေးရွေးရှိ ရွှေနားဆွဲတစ်ရန်၊ ဆင်းကတ်ပါ P8 Plus Huawei လက်ကိုင်ဖုန်းတစ်လုံး၊ ပုဆိုးသုံးထည်နှင့် ငွေကျပ် ၂၂၅၀၀၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ မျိုးမြင့်(ခ)အောင်မြင့်ဦး(ခ)ငမျိုးအား ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် သယ်နီးကျွန်းမြို့နယ် စံပြ(၄)လမ်းမှ ခိုးရာပါငွေများဖြင့်ဝယ်ယူထားသော HIGET အမျိုးအစား 4I/---မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိသဖြင့် သက်သေခံပစ္စည်းများသိမ်းဆည်းကာ အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

မအိမြို့၌ ၂၄ နာရီ မီးရရှိတော့မည်

မအီ ဖေဖော်ဝါရီ ၄

ရခိုင်ပြည်နယ် မအီမြို့တွင် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းဝဏ္ဏ၏ညွှန်ကြားချက်အရ မကြာမီ မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ မီးရရှိတော့မည်ဖြစ်၍ မြို့နယ်လျှပ်စစ်မှူး ဦးကျော်သိန်းဦးနှင့်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အိမ်သုံးဆားဖစ် ဝိုင်ယာကြိုးများအသစ်လဲလှယ်တပ်ဆင်ပေးခြင်း၊ လျှပ်စစ်အန္တရာယ်အသိပညာပေးမြေစိုက်ပိုစတာများစိုက်ထူပေးခြင်းနှင့် မအီမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ ခန့်အပါအဝင် မြို့ပေါ်ရပ်ကွက်များသို့ သွားရောက်ပြီး ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ ကွင်းဆင်းကာ လျှပ်စစ်အန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

(၁၅၇)

ကွန်တိန်နာယာဉ်က ထွန်စက်ကို နောက်မှဝင်တိုက် လူနှစ်ဦးသေဆုံး

ကျောက်တံခါး ဖေဖော်ဝါရီ ၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်း ရဲစခန်းအပိုင်မိုင်တိုင်အမှတ် ၁၀၁/၅ နှင့် ၁၀၀/၆အကြားတွင် ဖေဖော်ဝါရီ ၃ ရက် ည ၁၀ နာရီက ယာဉ်တိုက်မှု ဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုသတင်းအရ မြို့ချောင်း အမြန်လမ်းရဲစခန်းမှုစခန်းမှူး ဒုရဲမှူး ထွန်းထွန်းဦးနှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း သက်နောင် (၂၅ နှစ်) မြင်းခြံမြို့နေသူသည် သံချောင်းများ ၁၅ တန်ခန့် တင်ဆောင်ပြီး ယာဉ်အမှတ် 4K/---- ကွန်တိန်နာ ခြောက်ဘီးယာဉ်ကို မောင်းနှင်နေစဉ် ရှေ့မှ မောင်းနှင်နေသော ယာဉ်မောင်းမြဇင်(၂၅ နှစ်) အမြန်လမ်း ဝဝ၂ မိုင် လေးဖာလုံအနီး ကျော်သာ စိုက်ပျိုးရေးကုမ္ပဏီခြံ နေထိုင်သူနှင့် ယာဉ်ပေါ်ပါ ဦးစိန်ဝင်း (၅၅ နှစ်) စိုက်ကွင်းတာဝန်ခံ ကျော်သာကုမ္ပဏီတို့ လိုက်ပါ မောင်းနှင်နေသော လယ်ယာသုံး ထွန်စက်၏ နောက်ဖင်ပိုင်းကို ဝင်ရောက်တိုက်မိရာ ထွန်စက်မှာပက်လက်လန်၍ ကွန်တိန်နာယာဉ် ဦးခေါင်းပိုင်းအောက်သို့ရောက်ရှိပြီး ထွန်စက်မောင်းမြဇင်နှင့် ယာဉ်ပေါ်ပါ ဦးစိန်ဝင်းတို့မှာ နေရာတွင် သေဆုံးခဲ့သည်။ ကွန်တိန်နာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ဒဏ်ရာရရှိခြင်းမရှိဘဲ ထွန်တိန်နာ ယာဉ်ဦးခေါင်းပိုင်းပျက်စီး၍ ထွန်စက်မှာ ကြေမွပျက်စီးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်း ရဲစခန်းက ယာဉ်မောင်းသက်နောင်အား အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ဘိုကလေးမြို့၌ နံနက်စောစော မီးလောင်မှုဖြစ်

ဘိုကလေး ဖေဖော်ဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမှတ်(၅)ရပ်ကွက် ဒုတိယလမ်း မာလကာကန်ရှေ့နေအိမ်၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁ နာရီခန့်က မီးလောင်မှု ဖြစ်ပွားကြောင်း ဖုန်းဖြင့်သတင်းပေးပို့ချက်အရ ဘိုကလေးမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးတင်စိုးထွန်းနှင့် သန္နေတပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီးဖြင့် ငြိမ်းသတ်ရာ ရပ်ကွက်ပြည်သူများ၊ ရပ်ကွက်အရန် မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းပူးပေါင်းငြိမ်းသတ်မှုကြောင့် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် မီးညွန့်ကျိုးသွားပြီး နံနက် ၂ နာရီခန့်တွင် လုံးဝမီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် လူနေအိမ်၊ ဈေးဆိုင် လေးလုံး မီးလောင်ခံရပြီး မီးဘေးသင့်မိသားစုများအား နီးစပ်ရာ ဆွေမျိုးများနေအိမ်သို့ ခေတ္တပြောင်းရွှေ့ နေရာချထားပေးကာ မီးလောင်မှုအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

ဌေးနိုင်(ဘိုကလေး)

နမ့်ဆန်၌ မီးလောင် အိမ်ခြေ ၁၀၀ ကျော်ဆုံးရှုံး

နမ့်ဆန် ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ ယနေ့မွန်းတည့် ၁၂ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ နမ့်ဆန်မြို့နယ်ရှိ ခိုင်သစ္စာလက်ဖက်ပွဲရုံမှ စတင်၍ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အိမ်ခြေ ၁၀၀ ကျော်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ မြို့နယ်မှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောက်မဲ၊ သီပေါ၊ နမ္မတူ၊ လားရှိုး၊ မန်စံမြို့နယ်တို့မှ မီးသတ်ယာဉ် ၁၀ စီးဖြင့် မီးငြိမ်းသတ်လျက်ရှိရာ ည [illegible] နာရီအထိ မီးညွန့်မကျိုးသေးကြောင်း မြို့နယ်မီးသတ်တပ်ဖွဲ့ကနဦးသတင်းများအရ သိရသည်။

"မီးက မွန်းတည့် ၁၂ နာရီလောက်ကတည်းက လောင်တာ၊ အခုည ၈ နာရီထိ မီးညွန့်မကျိုးသေးဘူး၊ မီးလောင်တဲ့နေရာမှာ လေကလည်း တိုက်နေတယ်၊ မီးငြိမ်းသတ်ဖို့ ရေအခက်အခဲလည်း ရှိနေတယ်။ အခုအချိန်ထိတော့ ဆုံးရှုံးမှု တန်ဖိုးကို မသိရသေးပါဘူး" ဟု မီးသတ်ဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ရှုလိုင်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ-စိုင်း(သီပေါ)

လူသတ်၍ ပစ္စည်းခိုးယူသူအား ဖမ်းဆီးရမိ

ပုသိမ် ဖေဖော်ဝါရီ ၄ မြောင်းမြမြို့နယ် သပြေချောင်းကျေးရွာအုပ်စု သမင်ခြံကျေးရွာ၌ ဇန်နဝါရီ ၃၁ ရက် ညနေ ၆ နာရီခန့်က ခြောက်နှစ်သမီးလေးတစ်ဦး ရွှေနားကွင်းတစ်ရန်ကြောင့် ရက်စက်စွာ အသတ်ခံရကြောင်း သိရသည်။

ဇန်နဝါရီ ၃၀ ရက် ညနေ ၆ နာရီခန့်က မြောင်းမြမြို့နယ် သပြေချောင်းကျေးရွာအုပ်စု သမင်ခြံကျေးရွာနေ ဦးခင်ဝင်း (၄၁ နှစ်) သည် နေအိမ်၌ရှိနေစဉ် ဇနီးဖြစ်သူ ဒေါ်မိုးမိုးက သမီးဖြစ်သူ မပုံ့ပုံ့တီဗွီသွားကြည့်ရာ ပြန်မလာသဖြင့် အိမ်နီးချင်းများနှင့်အတူ လိုက်လံရှာဖွေကြရာ ကွမ်းသီးခြံရေမြောင်းထဲ၌ ဝမ်းလျားမှောက်လျက်မျက်နှာမှာ ရွံ့ထဲနစ်၍ သေဆုံးနေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ဇန်နဝါရီ ၃၁ ရက်က ဖခင်ဦးခင်ဝင်း၏တိုင်တန်းချက်အရ ပြစ်မှုကျူးလွန်သူကို စုံစမ်းရှာဖွေရာ တစ်ရွာတည်းနေအုန်းလက်(ခ) ကြည်ဝင်း (၃၃ နှစ်)ဖြစ်ကြောင်း သိရှိရသဖြင့် အချိန်နှင့်တစ်ပြေးညီ ဖမ်းဆီးနိုင်ခဲ့သည်။

ဖြစ်စဉ်မှာ ပြစ်မှုကျူးလွန်သူက ၎င်းချေးထားသောငွေကို ပြန်ဆပ်ရန် စိတ်ညစ်နေစဉ် သမီးဖြစ်သူနေမကောင်းဖြစ်သဖြင့် ဆေးကုသရန် ငွေကြေးလိုအပ်နေခြင်းကြောင့် ဒေါ်မာမာအေး၏နေအိမ်သို့ သွားရောက်စဉ် တီဗွီကြည့်နေသော မပုံ့ပုံ့(ခ)ခင်မိုးထွေးအား ကွမ်းသီးခြံထဲသို့ ခေါ်ဆောင်လာပြီး ၎င်း၏ပါးစပ်နှင့် နှာခေါင်းကိုပိတ်၍ ရွှေနားကွင်းတစ်ရန်ကိုဖြုတ်ယူပြီး ရေမြောင်းထဲသို့တွန်းချခဲ့ကာ ထွက်ပြေးခဲ့သည်။ ထိုဖြုတ်ယူလာသော ရွှေနားကွင်းတစ်ရန်မှာလည်း မည်သည့်နေရာ၌ ကျပျောက်သွားသည်ကိုမသိရကြောင်းဟု ထွက်ဆိုခဲ့သဖြင့် မြောင်းမြမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ပုသိမ်လှကြည်

မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေများအတွက် အကြံပြုစာများပေးပို့ရန် ဖိတ်ခေါ်ခြင်း

၁။ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ၂၀၁၅ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇၂ ဖြင့် ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေအား ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ဖြင့် ၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီးဖြစ်သဖြင့် ယင်းဥပဒေများနှင့် လိုက်လျောညီထွေဖြစ်မည့် နည်းဥပဒေများကို သတ္တုတွင်းဝန်ကြီးဌာနမှ ပြုစုလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ နည်းဥပဒေများ ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ စိတ်ပါဝင်စားသူပြည်သူလူထုများ၊ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတ္တု/ ကျောက်မျက်ရတနာလုပ်ငန်းများနှင့်ပတ်သက်သူ Stakeholder များအနေဖြင့် အကြံပြုချက်များကို ၆-၃-၂၀၁၆ရက် နောက်ဆုံးထားပြီး အောက်ပါလိပ်စာများသို့ ပေးပို့နိုင်ပါသည်-

(က) မြန်မာ့သတ္တုတွင်းနည်းဥပဒေများ- ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော်။

(ခ) မြန်မာ့ကျောက်မျက်ရတနာနည်း- ဥပဒေများ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း၊ နေပြည်တော်။

၃။ လွှတ်တော်မှအတည်ပြုထားသည့် မြန်မာ့သတ္တုတွင်းဥပဒေပြင်ဆင်သည့်ဥပဒေကို ၂၆-၁၂-၂၀၁၅ရက် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေအား ဝန်ကြီးဌာန၏ Website ဖြစ်သည့် (www.mining.gov.mm)တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။

လူပျောက်ကြော်ငြာ

မောင်ပြည့်ဖြိုးကျော် (ခ) ဖိုးလပြည့် အသက် (၁၄)နှစ်၊ အရပ် ၅ပေ ၃လက်မ ဖြူဖြူဝဝ နှုတ်ခမ်းထူသူသည် ၁-၂-၂၀၁၆ရက် (တနင်္လာနေ့)တွင် ပျောက်သွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

"ဖိုးလပြည့် မင်းဆရာတော်များက မင်းကိုစိတ်ပူနေတယ်၊ ခွင့်လွှတ်တယ်၊ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ"

ဖုန်း-၀၉-၂၅၅၈၂၄၂၁၈၊ ၀၉-၇၃၁၁၄၂၆၅၊ ၀၉-၄၉၃၁၇၆၅၈၊ ၀၉-၇၈၅၇၃၂၀၇၃

ဒေါ်မြမြခင်း(ခ)နသီမားဘီဘီ(၁၂/ပဘတ(နိုင်)၀၃၀၉၆၉)နှင့် အများသိရှိရန်ကြေညာခြင်း

[illegible]

ဦးမြင့်သိန်း B.A(Law),(LL.B) | ဦးခင်စော်လတ် (LL.B,C.B.L) | ဦးကျော်ဆောင် B.A, H.G.P | ဒေါ်[illegible] (LL.B,D.B.L)

WIPO(Switzerland)

Excellent ဥပဒေဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း

ဖုန်း-[illegible]

အများသိစေရန်ကြေညာချက်

၁။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/အရှေ့ရပ်ကွက်၊ (၈၄)လမ်း၊ အမှတ် ၁၀၄၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂အိုင်)၊ မြေကွက်အမှတ်(V-၂၁၇)တွင် ဌာန၏ ၅-၂-၂၀၁၄ရက်စွဲပါ စာအမှတ် ၃၄၈၀/၃၆၆၈/စည်ပင်-ယာ(အုံ)ဖြင့် မြေရှင်ဦးမောင်မောင်ခင်၊ ဦးမောင်မောင်သွင်၊ ဒေါ်စန်းစန်းမြင့်+ဒေါ်ကြူကြူမြင့်(SP) ဒေါ်ဌွေးဌွေးမြင့်၊ လိုင်စင်ကန်ထရိုက်တာ ဦးကျော်မြင့် (LC-၃၇၅)(Father Land ဆောက်လုပ်ရေး) တို့ဖြင့် (၈ဒ) ထပ်တိုက် ဆောက်လုပ်ခွင့်ပြုမိန့် ရရှိခဲ့ပါသည်။

၂။ ယခုအခါ ပိုင်ရှင်ဦးမောင်မောင်ခင်+၃(SP) ဒေါ်ဌွေးဌွေးမြင့် ၁၂/တမန(နိုင်)၀၇၄၀၂၈က အဆောက်အအုံဆောက်လုပ်ပြီးစီးကြောင်း သက်သေခံလက်မှတ် (B.C.C)တင်ပြလာခြင်းနှင့် ပတ်သက်၍ လိုင်စင်ကန်ထရိုက်တာ ဦးကျော်မြင့်(LC-၃၇၅)သည် ဌာနတွင် ကန်ထရိုက်တာ အမည်ပျက်စာရင်း(Black List)တွင် ပါရှိနေပါသဖြင့် ကန့်ကွက်ရန် ရှိပါက ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၄ရက်အတွင်းကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့၊ ပါဟတ်ရပ်ကွက်၊ နယ်မြေ(၃)တွင် ယခုလက်ရှိဝယ်ယူပိုင်ဆိုင် နေထိုင်လျက်ရှိသော ဦးအောင်ကျော်ဦး- ဒေါ်နန်းကြည်ကြည်ဦးတို့၏ အလျား×အနံ(၇၂×၄၅)ပေ ဧရိယာအား ဦးပိုင်အမည်ပေါက် ပြုလုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ အထောက်အထားခိုင်လုံစွာဖြင့် ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးအောင်ကျော်ဦး
၁၃/နခတ(နိုင်) ၀၀၇၁၁၀-
ဒေါ်နန်းကြည်ကြည်ဦး
၁၃/နခတ(နိုင်)၀၀၄၆၇၂

ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(၁) သတ္တမတန်း(B)မှ မအိနန္ဒာခိုင်၏ ဖခင်အမည်မှန်မှာ ဦးပန်ချန့် ၁/ဗမန(နိုင်)၀၃၉၃၄၅ ဖြစ်ပါကြောင်း။

ဦးပန်ချန့်

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးထွန်းစိန်(ဘ)ဦးဝေါင် တီလွင် ၁၂/လမန(နိုင်)၀၃၇၀၇၄၏ မှတ်ပုံတင်မှုရင်းသည် ၂၆-၁-၂၀၁၆ရက်တွင် လမ်းသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဖုန်း-၀၉-၅၄၀၃၁၅၅

ပြင်ဆင်ဖတ်ရှုပါရန်

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁က/ဥတ္တရသီရိတောင်၊ ဇမ္ဗူဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၁၀၉၁)၊ ဧရိယာ (၀.၁၁၁၈၁၈)ဧက၊ ဦးအောင်ကိုးအမည်ပေါက် နှစ်(၃၀)အငှားဂရန် မြေကွက်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၆၅၈၈/၂၀၁၃ဖြင့် ဦးအောင်ကိုး၏ အထူးကိုယ်စားလှယ် ဦးစသန်းဦး ၁၄/ပသရ(နိုင်)၀၅၉၀၅၉ (ဘ)ဦးမောင်မောင်သန်းက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၅ လမ်းနေ ဒေါ်မိမိနိုင်၏သား မောင်သက်ထွန်းပိုင် ၉/ခအဇ(နိုင်) ၀၀၃၅၇၃ သည် မိဘများ၏ သွန်သင်ဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘသဘောမတူသည့်ကိစ္စများကို မိမိသဘောဆန္ဒအတိုင်း ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်သည့် ဖြစ်ပေါ်လာသည့်ကိစ္စအဝဝမှန်သမျှ မိသားစုနှင့်သက်ဆိုင်ခြင်းမရှိဘဲ မိဘများမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်မိမိနိုင် ၉/မရတ(နိုင်)၀၈၀၁၆၀

အမည်ပြောင်း

ဦးဇော်ဦး၏သား မိုးကောင်းမြို့၊ ကျွန်းပင်သာ၊ အထက(ခွဲ)အဋ္ဌမတန်းမှ မောင်မင်းနောင်အား မောင်ဝေယံဦးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝေယံဦး

ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ အထက(ခွဲ) ဆဗ္ဗဆယ် ဆဋ္ဌမတန်း(A)မှ စိုင်းနောင်နောင်၊ သတ္တမတန်း(A)မှ ငြိမ်းငြိမ်းဦးတို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ ဖြစ်ပါကြောင်း။

ဦးမြင့်ဆွေ

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲသူအောင် ၁၂/ဒဂမ(နိုင်)၀၁၉၈၅၂၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၁၂၃၁၂၉

ခရီးသည်ယာဉ်နှင့်ဆိုင်ကယ်တိုက်မိ၊ သုံးဦးသေဆုံး

ရွှေဘို ဖေဖော်ဝါရီ ၄

ရွှေဘို-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် (၆၇/၆) တဂေဇာန်းကျေးရွာအနီးတွင် ဖေဖော်ဝါရီ ၂ ရက်က ဆိုင်ကယ်နှင့် မော်တော်ယာဉ်တို့ တိုက်မိရာမှ ဆိုင်ကယ်စီးနင်းလာသူ သုံးဦးစလုံးသေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေဘို-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ လူငယ်သုံးဦးစီးနင်းလာသည့် နံပါတ်မပါဆိုင်ကယ်သည် ၎င်းတို့ရှေ့မှ မောင်းနှင်လျက်ရှိသော ကုန်တင်ယာဉ်ကို ကျော်တက်ရာမှ အရှိန်မထိန်းနိုင်ဘဲ မြောက်မှတောင်သို့ ယာဉ်မောင်း ဦးစက်အောင် မောင်းနှင်လာသည့် ယာဉ်အမှတ် YGN 2I /--- အောင်ရတနာခရီးသည်တင်ယာဉ်ကို တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်စီးနင်းလာသူ အောင်ခိုင် (၂၄ နှစ်)၊ ထွန်းလင်းအောင် (၂၀နှစ်)နှင့် ဖိုးငယ် (၁၇ နှစ်)တို့အနက် နှစ်ဦးမှာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့ပြီး ကျန်တစ်ဦးမှာ ရွှေဘိုပြည်သူ့ဆေးရုံအရောက် သေဆုံးသွားကြောင်း သိရသည်။ အောင်ရတနာယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါခရီးသည်တို့မှာ တစ်စုံတစ်ရာထိခိုက်ခြင်း မရှိချေ။ အဆိုပါယာဉ်တိုက်မှုကို ရွှေဘိုမြို့နယ် ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်စော (ရွှေဘို)

ဆိုင်ခန်းငှားရမ်းစာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးရန် ခြိမ်းခြောက်စေခိုင်းသူများအား ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တံတားမြို့နယ်နေ ဦးမိုဟာမက်ဟာဆန်သည် ၎င်းငှားရမ်း လုပ်ကိုင်လျက်ရှိသည့် ကျောက်တံတားမြို့နယ် (၁)ရပ်ကွက် (၃၃)လမ်းထိပ်ရှိ ဓာတ်ပုံဆိုင်မှ ဇန်နဝါရီ ၁၆ ရက် ည ၈ နာရီခွဲတွင် လမ်းမတော်မြို့နယ် ၁၀ လမ်းထိပ်သို့ အငှားယာဉ်ဖြင့် ရောက်ရှိစဉ် ဆိုင်ခန်းပိုင်ရှင်၏ မြေးဖြစ်သူ သန်းထွန်းဝင်း (ခ) ဖေရွှတ်ပါ လေးဦးတို့သည် အငှားယာဉ်တစ်စီးဖြင့် ရောက်ရှိလာကာ ၎င်းအား ဆိုင်ခန်းငှားရမ်းသည့်ကိစ္စဖြင့် စကားပြောရန် ခေါ်သဖြင့် လိုက်ပါသွားခဲ့ကြောင်း၊ သာကေတမြို့နယ်အရောက် သန်းထွန်းဝင်း (ခ) ဖေရွှတ်ပါ လေးဦးက ဓာတ်ပုံဆိုင်ဆိုင်းဘုတ်ကိုဖြုတ်ချပြီး ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီအပြီး ပြောင်းရွှေ့ပေးရန်ပြောဆိုကာ စာချုပ်တွင် လက်မှတ်ရေးထိုးခိုင်းရာ ၎င်းက လက်မှတ် မထိုးပေးနိုင်ကြောင်း ပြန်ပြောသဖြင့် ဝိုင်းဝန်းထိုးကြိတ်ကြပြီး လက်မှတ်မထိုးပေးလျှင် သတ်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ခြင်းကြောင့် ၎င်းက လက်မှတ်ရေးထိုးပေးခဲ့ရကြောင်း တိုင်တန်းချက်အရ လမ်းမတော်မြို့မရဲစခန်းက အမှုဖွင့်လှစ်ကာ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးစုံစမ်း ဆောင်ရွက်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေ အောင်မင်းသူ(ခ)မင်းမင်းနှင့်အဖွဲ့သည် အဆိုပါ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ကြောင်း သတင်းရရှိသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီခွဲတွင် သာကေတမြို့နယ်နေ သန်းအေး(ခ)ငွေသိန်း (၃၃)နှစ်နှင့် ဝင်းနိုင် (၃၉)နှစ်တို့ နှစ်ဦးအား သာကေတမြို့နယ် (၈)ရပ်ကွက် နဝရတ်လမ်းမပေါ်မှ လည်းကောင်း၊ ဦးမိုဟာမက်ဟာဆန်ကို ခြိမ်းခြောက်အကျပ်ကိုင်ရန် ဖေရွှတ်(ခ) သန်းထွန်းဝင်းအား မင်းမင်း(ခ) အောင်မင်းသူနှင့် ချိတ်ဆက်ပေးသူ မင်္ဂလာတောင်ညွန့်မြို့နယ်နေ မိုးကြီး (ခ) ရင်မိုး (၃၉)နှစ်အား ည (၁၁) နာရီခွဲတွင် ဒေါ်သိန်းတင်လမ်းနှင့် မန္တလေးလမ်းထောင့်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အရေးယူ ဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ သန်းထွန်းဝင်း(ခ) ဖေရွှတ်နှင့် အောင်မင်းသူ (ခ)မင်းမင်းတို့အား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆိုင်ခန်းငှားရမ်းစာချုပ်တွင် အတင်းအကျပ် လက်မှတ်ရေးထိုးစေရန် ခြိမ်းခြောက် အကျပ်ကိုင်သူများအား ဖော်ထုတ်ဖမ်းဆီးရမိပြီး ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှတ်(၁၇၅) အဆန် လူစီးရထားလမ်းချော်

မော်လမြိုင် ဖေဖော်ဝါရီ ၄

ရန်ကုန်ဘူတာကြီးမှ စက်ခေါင်းမောင်း ဦးကြည်ဝင်းနှင့် ရထားထိန်း ဦးမြင့်သိန်းတို့ လိုက်ပါလာသော အမှတ်(၁၇၅)အဆန် ရန်ကုန်-ရေး-ထားဝယ် အမြန်လူစီးရထားသည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၃ နာရီ ၁၅ မိနစ်ခန့်တွင် ပေါင်မြို့နယ် ကျွဲခြံဘူတာနှင့် သဲဖြူကုန်းဘူတာကြား ရထားလမ်းမိုင်တိုင် အမှတ် (၁၆၃/၂၄ မှ၁၆၄/၅)တွင် အထက်တန်း လူစီးတွဲ BDUXEZ 1808 ဘီးအမှတ် (၃/၄)သံလမ်း အတွင်းသို့ ကျသွားပြီး ဘီးအမှတ် (၅/၆)သည် သံလမ်းအပြင်သို့ကျသွားခဲ့သည်။

ရထားလမ်းချော်ကျမှုကြောင့် ခရီးသည်များထိခိုက်ဒဏ်ရာ ရရှိမှု မရှိကြောင်းနှင့် ရထားကို တစ်ပိုင်းဖြတ်၍ မော်လမြိုင်ဘူတာသို့ ထွက်ခွာသွားကြောင်း သိရသည်။

ထွေးကျော်သူ

လက်နက်နှင့် ကျည်ဆန်များ ဖမ်းဆီးရမိ

တာချီလိတ် ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်မြို့နယ် လွယ်တော်ခမ်း အုပ်စု လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေး စခန်း၌ ပစ္စတို သေနတ်တစ်လက်နှင့် ကျည်များဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၃ ရက် ညနေပိုင်းက တာချီလိတ်မှ မိုင်းဆတ်ဘက်သို့ စိုင်းလှထူး(ခ) အားမင် မောင်းနှင်ပြီး ကျလဲလိုက်ပါလာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ကျည် ၁၀ တောင့်ပါ ပစ္စတိုသေနတ်တစ်လက်ကို ကျည်ကတ်တပ်လျက်တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

အမှုမှ လက်နက်၊ ခဲယမ်းများ နှင့်အတူ တွေ့ရှိသူ စိုင်းလှထူး (ခ) အားမင်(၅၀နှစ်)နှင့် ကျလဲ (၆၃နှစ်) တို့နှစ်ဦးအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ရထားပေါ်၌ ဘိန်းစိမ်းများ ဖမ်းဆီးရမိ

ကလော ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် အောင်ပန်းမြို့ ဘူတာရုံသို့ ဖေဖော်ဝါရီ ၁ ရက်က လွိုင်ကော်-ပျဉ်းမနားလူစီးရထားအမှတ်(၁၄၈)အစုန် ရထားဆိုက်ရောက်စဉ် အမှတ်(၇)ရထားလုံခြုံရေးတပ်ခွဲမှူး ဒုတိယရဲမှူး အောင်အောင်ချစ်၊ ရထားရဲစခန်းမှူး ရဲအုပ်ခင်မောင်သန်းထွေးနှင့် အဖွဲ့ဝင်များသည် ရထားတွဲများပေါ်သို့ လိုက်လံရှာဖွေစစ်ဆေးစဉ် ရိုးရိုးတန်းတွဲ အမှတ် (၂) ခုံအမှတ် (၁၁)တွင် ဖယ်ခုံမှ စီးနင်းလိုက်ပါလာသော အောင်မြင့်ထွန်း(၄၃နှစ်)ကို ဘိန်းစိမ်း စုစုပေါင်းအလေးချိန် သုံးကီလိုခန့် ကာလတန်ဖိုးငွေကျပ် ၁၈ သိန်းခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ပန်းရထားရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ဃ/၄၉၈၀၆ ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ထွန်း ၁၀/သထန(နိုင်)၁၅၄၉၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(သထုံ)

ပျောက်ဆုံး

Shwe Chan Thar Daung Min Co.,Ltd ၏ Export Licence (MQ.EL6 15-16 0362 30/12/2015)၏ လိုင်စင်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၆၁၈၀၅၄၇

အမည်ပြောင်း

ဦးကျော်စွာလင်းမြင့် ၉/ပမန (နိုင်) ၁၅၀၇၄၇၊ ဒေါ်ဆင့်ဆင့်စိုး ၉/ပမန (နိုင်) ၁၃၃၆၈၅ တို့၏ သမီး အထက(၆) နေပြည်တော် ပထမတန်း (A)မှ မဆုလာဘ်စိုးအား ယနေ့မှစ၍ မဆုလာဘ်ဝေဟု ပြောင်းလဲခေါ်ပါရန်။ မဆုလာဘ်ဝေ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 7G/7032 Toyota Hilux Vigo KUN 26 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မင်းထွန်း(ခ)ချုံကျင်းပေါက် ၁၃/လရန(နိုင်)၁၃၆၈၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး (တာချီလိတ်)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G-3606၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့၊ မြိုင်သာယာ ရပ်ကွက်၊ ၁၇ လမ်း၊ အမှတ် ၂၄၈နေ မောင်စနေအောင် ၁၀/မလမ(နိုင်) ၂၁၅၉၁၈၏ဖခင် ဦးသိန်းဟံ ၁၀/မလမ (နိုင်)၀၂၃၄၉၂နှင့် ဦးသိန်းဟန်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ ဦးသိန်းဟံ(ခ)ဦးသိန်းဟန်

ငါးကန် (၂၅၀) ဧက ရောင်းမည်/ငှားမည်၊ ကတ္တရာလမ်းမဘေး ၀၉ ၇၈၇၈ ၆၆၆၇၇

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ဃ/၄၉၅၁၄ ANDBO 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဇွယ် ၁၂/ဥကတ(နိုင်)၀၂၇၃၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ (နေပြည်တော်)

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3G-5418 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်-၁၀၄၈ဟု ခေါ်တွင်သော အလျား ၁၅ပေ×အနံပေ၆၀ အကျယ်အဝန်းရှိ မြေနှင့်မြေပေါ်တွင် ဆောက်လုပ်ထားသောအိမ်နှင့်စပ်လျဉ်း၍ ဒေါ်ခင်စောဝင်းနှင့် အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ မင်းယ(၁၂)လမ်း၊ အမှတ်-၂၇၂/စနေ ဒေါ်ကြည်ပြာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်-၁၀၄၈ဟုခေါ်တွင်သော (၁၅ပေ×၆၀ပေ) အကျယ်အဝန်းရှိ မြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ပြာအောင် က ၂၆-၈-၂၀၁၅ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မူလအိမ်ငှားဖြစ်သူ ဒေါ်ခင်စောဝင်း ၁၂/တာမန(နိုင်) ၀၂၇၃၄၃အား ဆက်လက်ငှားရမ်းထားခဲ့ပါသည်။ ယခုအခါ အိမ်ငှားဖြစ်သူ ဒေါ်ခင်စောဝင်းက အချင်းဖြစ်အိမ်နှင့် မြေကိုပိုင်ရှင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေဒေါ်ကြည်ပြာအောင်၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ အခြားသူတစ်ဦးအား ဥပဒေမဲ့လွှဲပြောင်းကာ တိမ်းရှောင်လျက်ရှိကြောင်း သိရှိရပါသည်။ ထို့ကြောင့် အိမ်ငှားဖြစ်သူ ဒေါ်ခင်စောဝင်းအား အိမ်ရှင် ဒေါ်ကြည်ပြာအောင်က ယနေ့မှစ၍ အိမ်ငှားအဖြစ်မှ ရပ်စဲလိုက်ကြောင်း သိစေအပ်ပါသည်။ ထို့ကြောင့် လူကြီးမင်းအနေဖြင့် ၂၉-၂-၂၀၁၆ရက် နောက်ဆုံးထား၍ အချင်းဖြစ်အိမ်နှင့် မြေ၏ သော့နှင့်တကွ အိမ်ဥပစာကို ကျွန်ုပ်၏မိတ်ဆွေထံ နေသူမဲ့လက်ရောက်ပေးအပ်ပါရန် အသိပေးကြေညာပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ခင်စောဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

(ဦးတင်ခင်ထွင်) (ဒေါ်ပြုံးစာဝေး) အထက်တန်းရှေ့နေများ
အမှတ်-၅၄၂၊ အခန်းအမှတ် (အေ-၂)၊ မဲရှောပင်းစင်တာအပေါ်ထပ်၊
ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ရေဘေးပြန်လည်ထူထောင်ရေးရန်ပုံငွေ နပန်းအားကစားပြိုင်ပွဲကြီးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တကြီးမှူးပြီး Yangon Press Group က စီစဉ်တာ မြန်မာမီဒီယာဂရု(ပ်)မှ တာဝန်ယူကျင်းပမည့် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေ နပန်းအားကစားပွဲကြီးကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တစ်ဦးချင်းပြိုင်ပွဲတွင် KAZUKI(ဂျပန်)နှင့် TAKASHI INAMINE (ဂျပန်)၊ KENSO (ဂျပန်)နှင့် OCEAN NEEL (အီတလီ)၊ MASATO TANAK (ဂျပန်)နှင့် HARTLEY JACK SON (ဩစတြေးလျ)၊ KIYOSHI TAMURA (ဂျပန်)နှင့် JAMES AIDEEN (နယူးဇီလန်)၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် KAMIKAZE (ဂျပန်)၊ SEAN GUINNESS (ဗြိတိန်)နှင့် BUFFA (အမေရိကန်)၊ MASAKADO (ဂျပန်)၊ AKEBOBO (ဂျပန်)၊ SONJAY DUTT (အမေရိကန်)နှင့် HIDEKI SUZUKI (ဂျပန်)၊ IKUTO HIDAKA (ဂျပန်)၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် MOMO KO (ဂျပန်)၊ STEPHANIE (အမေရိကန်)နှင့် OSHIN (ဂျပန်)၊ CHERRY (ဩစတြေးလျ) တို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကာ မြန်မာ့ရိုးရာ လက်ဝှေ့လေးချိုးစိန်ခေါ်ပွဲတွင် တျားဗဟိန်း (အလင်းရောင်)နှင့် ဆင်ရှိုင်းလေး (ရွှေသောင်းရင်း)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဝင်ကြေးမှာ ငွေကျပ် ၁၀၀၀၀၀၊ ၇၀၀၀၀၊ ၅၀၀၀၀၊ ၃၀၀၀၀ နှင့် ၂၀၀၀၀ တို့ သတ်မှတ်ထားကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

● *ကျော့ဖုံးမှ*

နိုင်ငံသား ဂျော်ဒန်စပိဒ်ကို အနိုင်ရခဲ့သည့် ယောင်ဟန်ဆောင် (တောင်ကိုရီးယား)၊ ထိုင်းနာမည်ကြီး ဂေါက်သီးကစားသမား ပရာယတ်မာဆောင်တို့က ငါးချက်စီ လျှော့ရိုက်ထားသည်။ မြန်မာ ဂေါက်သီးကစားသမားများအနက် သိန်းဇော်မြင့်နှင့် အောင်ဝင်းတို့က သုံးချက်စီ လျှော့ရိုက်ကာ အမြင့်ဆုံးရပ်တည်နေသည်။

ငါးချက် လျှော့ရိုက်ထားသည့် ယောင်ဟန်ဆောင် (တောင်ကိုရီးယား) ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

Leopalace 21 မြန်မာအိုးပင်းဂေါက်ရိုက် ပြိုင်ပွဲကို ဥရောပ၊ အာရှ၊ လက်တင်အမေရိက စသည့်နိုင်ငံများမှ ကစားသမား ၁၅၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး Asian Tour မှ နာမည်ကြီး ကစားသမားများ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ယင်းပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ဖေဖော်ဝါရီ ၅ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်ကာ အားကစားဝါသနာရှင်များ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ပြီး ကံစမ်းမဲအစီအစဉ်များ ထည့်သွင်းထားကြောင်း သိရသည်။

မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်

မိတ္ထီလာ ဖေဖော်ဝါရီ ၄

မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က ယင်းတက္ကသိုလ်ရှိ အားကစားခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများ ပညာရေးသာမက အားကစား၌ထူးချွန်ပြီး ကျန်းမာသန်စွမ်းသည့် အနာဂတ်မျိုးဆက်သစ် ပညာတတ်လူငယ်များ ဖြစ်ပေါ်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်း တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်ဖြူဖြူအေးက ပြောကြားခဲ့သည်။

ချမ်းသာ(မိတ္ထီလာ)

ပရီမီယာလိဂ်ပွဲစဉ်(၂၄) အနိုင်/အရှုံး		
အဲဗာတန်	၃-၀	နယူးကာဆယ်
ဝက်ဖို့ဒ်	၀-၀	ချယ်လ်ဆီး

ပြင်သစ်လိဂူးပွဲစဉ်(၂၄) အနိုင်/အရှုံး		
ပီအက်စ်ဂျီ	၃-၁	လော်ရီယန့်
ဂူအင်ဂမ့်	၄-၀	ထရိုင်ယတ်စ်
နန့်တက်စ်	၃-၁	အဂျာစီယို
လိုင်လီ	၁-၀	ကိန်း
လိုင်ယွန်	၃-၀	ဘော်ဒိုး

အီတလီစီးရီးအေပွဲစဉ်(၂၃) အနိုင်/အရှုံး		
ဖရိုစီနုန်	၁-၀	ဘိုလော့ဂ်နာ
ဗီရိုနာ	၂-၁	အတ္တလန်တာ
ဗီအို	၂-၁	ကာပီ
အင်တာ	၁-၀	ချီယေဗို
ဂျူဗင်တပ်စ်	၁-၀	ဂျီနိုအာ
ပါလာမို	၀-၂	အေစီမီလန်
လာဇီယို	၀-၂	နာပိုလီ
ဆမ်ဒိုးရီးယား	၂-၂	တိုရီနို
အမ်ပိုလီ	၁-၁	အူဒီးနိစ်

စပိန်ကိုပါဒယ်လ်ရေး ဆီမီးပထမအကျော့ ဘာစီလိုနာဂိုးပြတ်နိုင်

(သီဟ-ရေးသည်)

စပိန်ကိုပါဒယ်လ်ရေးဖလား ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်တစ်ပွဲဖြစ်သည့် ဘာစီလိုနာနှင့် ဗလင်စီယာအသင်းတို့ ဖေဖော်ဝါရီ ၄ ရက် နံနက်တယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင် ဘာစီလိုနာအသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၃-၃ တိုက်စစ်ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ကြပြီး အိမ်ရှင် ဘာစီလိုနာအသင်းတွင် မက်ဆီ၊ ဆွာရက်ဇ်၊ နေမာ၊ ဘက်စ်ကွက်စ်၊ သူရန်၊ အင်နီယေစတာ၊ ပီကေး၊ ဗီဒယ်လ်၊ ဂျော်ဒီအယ်လ်ဘာ၊ မတ်သရူးနှင့် ဂိုး-စတီဂန် တို့ပွဲထွက်ခဲ့သည်။ ဗလင်စီယာအသင်းတွင် စီကျူအီရာ၊ ရိုဒရီဂို၊ တန်ဆယ်လို၊ ဂိုမက်စ်၊ ဒန်နီလို၊ ပါရီဂျို၊ မူစတာဖီ၊ ဘာရန်ဂန်၊ ဂျီးဂါရာ၊ ဆန်းတို့စ်နှင့် ဂိုး-မက်သော်ရိုင်ယန်တို့ ပါဝင်ခဲ့သည်။

ဘာစီလိုနာတိုက်စစ်အတွဲ မက်ဆီ၊ ဆွာရက်ဇ်၊ နေမာတို့ အောင်ပွဲခံနေစဉ်။

ပွဲစပြီး ခုနစ်မိနစ်တွင် ဘာစီလိုနာအတွက် ဦးဆောင်ဂိုးကို နေမာဖန်တီးပေးပြီး ဆွာရက်ဇ်က သွင်းယူခဲ့သည်။ ၁၂ မိနစ်တွင် ဆွာရက်ဇ်ကထပ်မံသွင်းယူခဲ့ပြီး ၂၉ မိနစ်တွင် မက်ဆီက ဘာစီလိုနာအတွက် တတိယဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး ၄၅ မိနစ်တွင် ဗလင်စီယာ နောက်ခံကစားသမား မူစတာဖီ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီး ဘာစီလိုနာ ပယ်နယ်တီကန်ခွင့်ရသဖြင့် တိုက်စစ်မှူးနေမာ ကန်သွင်းသော်လည်း ဂိုးမဝင်ခဲ့ပေ။

ဒုတိယပိုင်းတွင် ဘာစီလိုနာအတွက် အနိုင်ဂိုးများကို ၅၉ မိနစ်နှင့် ၇၄ မိနစ်တွင် မက်ဆီက သွင်းယူခဲ့ပြီး ၈၃ မိနစ်နှင့် ၈၈ မိနစ်တွင် ဆွာရက်ဇ်က သွင်းယူခဲ့သည်။ ယင်းပွဲတွင် တိုက်စစ်မှူးနှစ်ဦး၏ သွင်းဂိုးများဖြင့် နူးကမ့်ကွင်း၌ ဂိုးမိုးများရွာခဲ့သည်။ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဗိုလ်လုပွဲတွင် ဆီဗီလာနှင့် ဆယ်လ်တာဗီဂိုအသင်းမှ အနိုင်ရသည့်အသင်းနှင့် တွေ့ဆုံမည်ဖြစ်သည်။

အမည်မှန်

ဦးစိုးမင်းသူနှင့် ဒေါ်သိန်းသိန်းဦးတို့၏သမီး လားရှိုးမြို့၊ စိတ္တသုခ ဘုန်းတော်ကြီးပညာသင်ကျောင်း၊ သတ္တမတန်း(ဃ)၊ ကျောင်းဝင်အမှတ် (၀၇၂၄) မှ မစံပယ်သင်း၏ အမည်မှန်မှာ မဆိုင်မိုးဟိန်း ၁၃/လရန(နိုင်)၂၀၃၃၅၃ ဖြစ်ပါသည်။

LEGAL WORDS
You need to know
ဥပဒေအသုံးအနှုန်းများ
ဦးကျော်ဇေယျ
ထွက်ရှိနေပါပြီ။ ဖုန်း ၀၉၇၃၀၄၅၈၃၅

OHSAMA Japanese Restaurant
(Hot Pot, B.B.Q, Japanese Food)
(ဖေဖော်ဝါရီလ တစ်လလုံးအထူး Promotion အစီအစဉ်)
မီးသွေးမီးဖိုဖြင့် B.B.Q စတင်ခြင်းအဖြစ်
● Japan Beef, Black Pork, Chicken and Natural Sea Foods-20%Discount
● တစ်လအတွင်း ဒုတိယအကြိမ် ထပ်မံလာရောက်အားပေးသော ဧည့်ပရိသတ်များအား 30% Discount ရရှိမည် ဖြစ်ပါသည်။
● Special Menu - လေးဦးနှင့်အထက် တစ်ဦးလျှင် (12000 Ks) ကြိုက်နှစ်သက်ရာမှာအစား ● လာရောက်အားပေးသော ဧည့်ပရိသတ်အားလုံးအား Dessert အဖြစ် (ကွာလ်ဖီး) လက်ဆောင်ဧည့်ခံကျွေးမွေးပါမည်။
No.28/B, Pho Sein Road, Natmauk Quarter, Tamwe Ts.
Ph : 01-555539, 09-31382082, 09-30224438
Lunch - 11.00 am to 3:00 pm & Dinner - 5.00 pm to 11:00pm

ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့ L-61
တန်ဖိုးသင့်တိုက်-ခန်း
ကွန်ကရစ်လမ်းဘေး
၂ - ကွက်တွဲ
ပိုင်ရှင်ကိုယ်တိုင်ရောင်း
09 7878 66699
09 3020 9977

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ငွေဇင်ယော်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၈၈၊ မြေကွက်အမှတ် ၁၀၁၊ အကျယ်အဝန်းပေ(၆၀×၄၀)၊ ဧရိယာ ၂၄၀၀ စတုရန်းပေရှိ မြေကွက်၏ မူလမြေချပါမစ်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဒေါ်လွင်လွင်ကြည် ၉/မမန(နိုင်)၀၀၈၀၀၄ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးစိုးနိုင်၇/သဝတ(နိုင်)၀၀၀၀၃၇က ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းချသော မြေကွက်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူ မည်သူမဆိုနိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၄င်းရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုလှိုင်ထွန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၁၅)
အမှတ် ၆၅၊ လေးလွှာ၊ ၂၁လမ်း၊ လသာမြို့နယ်၊ ဖုန်း-၀၁-၃၈၇၃၀၂၊ ၀၉-၅၃၉၆၅၂၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၄/အေ (ကျောက်ရေတွင်းကွင်း)၊ မြေကွက်အမှတ် (၄၄)၏ တစ်စိတ်တစ်ဒေသ ဧရိယာ ၀.၁၁၂ ဧကရှိ အစိုးရမြေအား ဦးလှစိန် ၁၂/မရက(နိုင်)၁၁၄၇၃၃ မှ မြေငှားစာချုပ်(အထူးဂရန်) လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(အထူးဂရန်)ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄၁၄/အေ)ဘုရင့်နောင်(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၄/အေ (ကျောက်ရေတွင်းကွင်း)၊ မြေကွက်အမှတ်(၄၄)၏ တစ်စိတ်တစ်ဒေသ ဧရိယာ ၀.၁၁၂၀ ဧကရှိ အစိုးရမြေအား ဦးသန်းစိုး ၁၂/မရက(နိုင်) ၁၅၃၈၈၅မှ မြေငှားစာချုပ်(အထူးဂရန်) လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ် (အထူးဂရန်) ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

အများပြည်သူသိရှိစေရန် ကြေညာချက်

ဒို့အင်အား အသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက်သည် အသေးစားငွေရေးကြေးရေး လုပ်ကိုင်ခွင့်လိုင်စင်အမှတ် ၀၀၁၁/၂၀၁၂ ဖြင့် လိုင်စင်ရယူ၍ လုပ်ငန်းလုပ်ကိုင်ခဲ့ရာ ဒါရိုက်တာအဖွဲ့ဝင်များမှ အခြားစီးပွားရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်နေရသဖြင့် ငွေရေးကြေးရေးလုပ်ငန်းအား ဆက်လက်လုပ်ကိုင်နိုင်ခြင်းမရှိပါသောကြောင့် လုပ်ငန်းပိတ်သိမ်းပြီး စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသောကြောင့် ငွေရေးကြေးရေးအဖွဲ့ဝင်များအနေဖြင့် ပေးရန်/ရရန်များကို ကုမ္ပဏီတည်ရှိရာ အမှတ် ၁၇၊ ၁၃လမ်း၊ (၇) ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီးသို့ ၇-၂-၂၀၁၆ ရက် နောက်ဆုံးထားဆက်သွယ်ကြပါရန် အကြောင်းကြားကြေညာအပ်ပါသည်။

ဝဏ္ဏ
မန်နေဂျင်းဒါရိုက်တာ
ဒို့အင်အားကုမ္ပဏီလီမိတက်

၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၃)
(ကျပ်သိန်းပေါင်း)

[illegible]

ဇယား(၃)။ ။အဆုံး
(ကျပ်သိန်းပေါင်း)

[illegible]

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၄)
(ကျပ်သိန်းပေါင်း)

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]			[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]		[illegible]		[illegible]			[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]			[illegible]
၄	[illegible]	[illegible]	[illegible]		[illegible]	[illegible]					[illegible]
၅	[illegible]	[illegible]	[illegible]			[illegible]					[illegible]
၆	[illegible]	[illegible]									
၇	[illegible]	[illegible]	[illegible]		[illegible]	[illegible]					[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]		[illegible]		[illegible]			[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]			[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]			[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]					[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]			[illegible]
၁၃	[illegible]	[illegible]	[illegible]		[illegible]	[illegible]					[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]		[illegible]			[illegible]
[illegible]	[illegible]	[illegible]	[illegible]			[illegible]					[illegible]
[illegible]	[illegible]	[illegible]	[illegible]			[illegible]					[illegible]
[illegible]	[illegible]	[illegible]	[illegible]			[illegible]					[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]			[illegible]		[illegible]
[illegible]	[illegible]	[illegible]	[illegible]		[illegible]	[illegible]					[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]					[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]					[illegible]
[illegible]	[illegible]	[illegible]	[illegible]		[illegible]	[illegible]					[illegible]
[illegible]	[illegible]	[illegible]	[illegible]		[illegible]	[illegible]					[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]					[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]		[illegible]	[illegible]		[illegible]
[illegible]	[illegible]	[illegible]	[illegible]		[illegible]	[illegible]					[illegible]
[illegible]	[illegible]	[illegible]	[illegible]			[illegible]					[illegible]
[illegible]	[illegible]	[illegible]	[illegible]		[illegible]	[illegible]					[illegible]
[illegible]	[illegible]	[illegible]	[illegible]		[illegible]	[illegible]					[illegible]
[illegible]	[illegible]	[illegible]	[illegible]		[illegible]	[illegible]					[illegible]
[illegible]	[illegible]	[illegible]	[illegible]								[illegible]
[illegible]	[illegible]	[illegible]	[illegible]								[illegible]

ဇယား(၄)။ ။အဆုံး
(ကျပ်သိန်းပေါင်း)

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
[illegible]	[illegible]	[illegible]	[illegible]								[illegible]
[illegible]	[illegible]	[illegible]			[illegible]						[illegible]
[illegible]	[illegible]	[illegible]			[illegible]						[illegible]
[illegible]	[illegible]	[illegible]			[illegible]						[illegible]
[illegible]	[illegible]	[illegible]			[illegible]						[illegible]
[illegible]	[illegible]	[illegible]			[illegible]						[illegible]
[illegible]	[illegible]	[illegible]			[illegible]						[illegible]
[illegible]	[illegible]	[illegible]			[illegible]						[illegible]
[illegible]	[illegible]	[illegible]			[illegible]						[illegible]
[illegible]	[illegible]	[illegible]			[illegible]						[illegible]
[illegible]	[illegible]	[illegible]			[illegible]						[illegible]
[illegible]	[illegible]	[illegible]			[illegible]						[illegible]
[illegible]	[illegible]	[illegible]			[illegible]						[illegible]
[illegible]	[illegible]	[illegible]			[illegible]						[illegible]
[illegible]	[illegible]	[illegible]			[illegible]						[illegible]
[illegible]	[illegible]	[illegible]			[illegible]						[illegible]
	[illegible]		[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၅)
(ကျပ်သိန်းပေါင်း)

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]			[illegible]										[illegible]
	[illegible]				[illegible]										[illegible]

ဇယား(၆)
(ကျပ်သိန်းပေါင်း)

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]			[illegible]						[illegible]
	[illegible]		[illegible]			[illegible]						[illegible]

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၇)
(ကျပ်သိန်းပေါင်း)

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]			[illegible]										[illegible]

ဇယား(၈)
(ကျပ်သိန်းပေါင်း)

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ဆက်လက်ဖော်ပြပါမည်

ရွှေဟောင်းငွေပြည်တောင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူ

စီးကုန်း ဖေဖော်ဝါရီ ၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်နှင့် မိုးညိုမြို့နယ်စပ် မယင်းငယ်ကျေးရွာအနီး လှိုင်ရတနာစိုက်ကွင်းအတွင်းရှိ ငွေပြည်တောင်ဘုရား သာသနာ့နယ်မြေတွင် ဉာဏ်တော်အမြင့် ၈၈ ပေရှိသော ရွှေဟောင်း ငွေပြည်တောင် ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်အခမ်းအနားကို ဇန်နဝါရီလ နောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် စေတီတော်မြတ်ကြီး၏ ပင်မအလှူရှင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဇနီး၊ အလှူရှင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအသီးသီးမှ ပြည်သူများ တက်ရောက်ဖူးမြော်ကြသည်။

ထီးတော်တင် အခမ်းအနားတွင် မြလေးယာဉ်တပ်မတော် (လေ) ထီးတော်တင်အဖွဲ့၊ ရွှေပြည်ဟိန်း၊ မင်္ဂလာစည်တော်အဖွဲ့၊ မြန်မာပြည်ကျောက်စိမ်းဆိုင်းအဖွဲ့၊ ပြည်မြို့မှ ရွှေဆံတော်စေတီ ဝါကွင်းနိဗ္ဗာန်ဆော်ငွေခရုအဖွဲ့၊ ဗုဒ္ဓလမ်းစဉ် ဓမ္မသဘင်အဖွဲ့များ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ဘုရားဖူးများအား စတုဒိသာမဏ္ဍပ်အသီးသီးမှ စားဖွယ်မျိုးစုံတို့ဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

ကိုသက်(စီးကုန်း)

မြန်မာ့ဗီဇိုင်းသုတေသီဆရာကြီး ဦးအေးမြင့်၏ မွေးနေ့အထိမ်းအမှတ် ပန်းချီပြပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၄

မြန်မာမှုဗီဇိုင်း သုတေသီဆရာကြီး ဦးအေးမြင့်၏ (၈၆) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ပန်းချီပြပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင် ပန်းချီပြခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာဦးကျော်သီဟ၊ ဆရာကြီး ဦးအေးမြင့်၊ ဒေါက်တာကိုကိုကြီး၊ ဆရာကြီးဦးခင်မောင်သန်း၊ ဆရာကြီးဦးဇော်ဝင်း(သစ်ထွင်း)၊ ရန်ကုန်မြို့မှ ရောက်ရှိလာသည့် ဆရာကြီး ဦးတင်လှဝင်းထင်၊ ဆရာဦးစိန်မြင့်(ရွှေချည်ထိုး)တို့က မှတ်တမ်းစကား ပြောကြားသည်။ ဆရာဦးအေးမြင့်က မိမိ၏ ဘဝတစ်လျှောက် ပန်းချီဆွဲခဲ့မှုများ၊ ဖြတ်သန်းခဲ့ရသော အနုပညာပန်းချီအကြောင်းကို ရှင်းလင်းပြောကြားပြီး သိလိုသည်များကို မေးမြန်းရာ ဆရာကြီးက ပြန်လည်ဖြေကြားသည်။

ဆရာကြီးဦးအေးမြင့်၏ ပန်းချီပြပွဲဖွင့်ပွဲတွင် ဆရာကြီးဦးမာလာ၊ တမ္ဗဝတီဦးဝင်းမောင်၊ ပန်းချီ ဦးမျိုးခင်(ထန်းရိပ်ညို)နှင့် ပန်းချီဆရာကြီး ဆရာမကြီးများ၊ ဧည့်သည်တော်များ၊ မီဒီယာများ စုံလင်စွာတက်ရောက်ကြပြီး ပန်းချီကားများကို လေ့လာကြည့်ရှုကြသည်။ ယခုပြပွဲတွင် ပိုစတာကာလာ၊ ရေဆေး၊ ဆီဆေး၊ အခရိုက်လစ်စသည်ဖြင့် ကားပေါင်း ၇၀ ကျော် ပြသထားသည်ကို တွေ့ရှိရသည်။

ဆရာကြီးသည် ငယ်စဉ်ကတည်းက ပန်းချီဝါသနာပါခဲ့သည်။ ဆရာကြီး၏ လက်ဦးဆရာမှာ ပန်းချီဆရာကြီး ဦးကြွယ်လေးဖြစ်ပြီး ဆရာကြီးဦးခင်မောင် (ဘဏ်)သည်လည်း ဆရာကြီးဦးအေးမြင့်၏ ဆရာဖြစ်သည်ဟု သိရသည်။

ပြခန်းကို ဖေဖော်ဝါရီ ၂ ရက်မှ ၆ ရက်အထိ ပြသထားမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုနိုင်သည်ဟု သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

အခမဲ့ပညာဒါန သင်ကြားပေးလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ၇၈ ရပ်ကွက် အောင်မြေဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျောင်းမနေနိုင်သူများအား အသက်အရွယ်မရွေး ပညာသင်ကြားပို့ချပေးလျက်ရှိရာ စာသင်ခန်းပေါင်း ၁၆ ခန်း၊ နိုင်ငံတော်မှ အထောက်အပံ့လစာငွေဖြင့် ဆရာမပေါင်း ၁၇ ဦး၊ ကျောင်းသားကျောင်းသူ ၆၀၀ ကျော်ကို တစ်နေ့စာသင်ချိန်နှစ်ကြိမ်ဖြင့် အခမဲ့ ပညာဒါန သင်ကြားပို့ချပေးလျက်ရှိသည်။

၂၀၀၉ ခုနှစ်မှ စတင်ကာ တက္ကသိုလ်ဝင်တန်း ဝိဇ္ဇာ၊ သိပ္ပံ ကျောင်းသား ကျောင်းသူ ၅၆ ဦးကို စတင်၍ ပညာသင်ကြားပို့ချပေးခဲ့ပြီး သူငယ်တန်းမှ အလယ်တန်းအဆင့်အထိ ခုနစ်နှစ်ကျော် ပညာသင်ကြားပို့ချပေးကာ ရာသီဥတုကြောင့် ကျောင်းအဆောက်အအုံများမှာ ပျက်စီးယိုယွင်း ဆွေးမြည့်နေသောကြောင့် ကျောင်းအဆောက်အအုံ ပြုပြင်ရန် ကျောင်းအသုံးအဆောင် ပစ္စည်းများအတွက် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

အောင်မြေဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ အတန်းအောင် ကျောင်းသား ကျောင်းသူများကို မြို့နယ်ပညာရေးဦးစီးဌာနမှ အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးလျက်ရှိပြီး အထက်တန်းနှင့် တက္ကသိုလ်အဆင့်အထိ ပညာဆက်လက်သင်ကြားသော ကျောင်းသား ကျောင်းသူများကို ဆရာတော်က တာဝန်ယူထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ကျင်မောင်(ဆိပ်ကမ်း)

မန္တလေးရောက် ရခိုင်တိုင်းရင်းသားများ လူမှုကူညီရေးအတွက် ဆက်သွယ်နိုင်

မန္တလေး ဖေဖော်ဝါရီ ၄

မန္တလေးတွင် နေထိုင်ကြသော ရခိုင်တိုင်းရင်းသားများ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများဆောင်ရွက်နိုင်ရန်အတွက် မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် ရွှေလီလမ်းသွယ်၊ ၅၆ လမ်းနှင့် ၅၇ လမ်းကြား၊ ငုရွှေဝါလမ်း တောင်ဘက် တံသာယာရပ်ကွက်တိုက်အမှတ် (E-43)၌ ရခိုင်တိုင်းရင်းသားလူမှုရေးအသင်း (မန္တလေး) ရုံးဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဇန်နဝါရီလနောက်ဆုံးပတ်က ကျင်းပသည်။

အခမ်းအနား၌ အသင်းနာယက ရဲမှူးတင်မောင်(ငြိမ်း)၊ ဗိုလ်မှူးအောင်ကျော်သိန်း (မန်းစည်ပင်-ငြိမ်း)နှင့် တိုင်းရင်းသားတို့က ဆရာတော်သံဃာတော်များကို ဆွမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ မန္တလေးရောက် ရခိုင်တိုင်းရင်းသားများအနေဖြင့် လူမှုရေးကိစ္စများအကူညီ ရယူလိုပါက ရဲမှူးမြင့်ဦး(ငြိမ်း) ဖုန်း ၀၉-၄၀၂၆၇၉၀၇၇ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

တင်မောင်(မန်းကိုယ်ပွား)

မင်္ဂလာပါ ဦးအောင်ကျော်မြင့် မိသားစုနှင့် မင်္ဂလာပါ အခမဲ့နာရေးကူညီမှုအသင်းဝင်များ စေတနာရှင်များ၏ ပဥ္စမအကြိမ်မြောက် ဒလမြို့နယ်အတွင်းရှိ အသက်(၈၀)နှင့် အထက် သက်ကြီးဘိုးဘွားများ ကန်တော့ပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပစဉ်။

မောင်ယဉ်ဦး(ဒလ)

သတင်းတို

လုဒ်မယ်တော်သခင်မပွဲတော်ကြီး ကျင်းပမည်

ခရစ်ယာန်ဘာသာဝင်များ၏ ဆုတောင်းပြည့်လုဒ်မယ်တော်သခင်မပွဲတော်ကြီးကို (၁၁၄)ကြိမ်မြောက်အဖြစ် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ ၃ ရပ်ကွက်ရှိ လုဒ်မယ်တော်သခင်မကျောင်းတော်၌ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၃ ရက် (စနေနေ့တွင်) ကာဒီနယ်ချားလ်(စ်)ဘို ဦးဆောင်၍ ရဟန်းသိက္ခာတင်ပွဲနှင့် မစ္ဆားတရားတော်မြတ်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ရန်ဆွေးနွေး

ရခိုင်ပြည်နယ် ဥမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ဥမြို့ အောင်မင်္ဂလာခန်းမ၌ မြစ်မ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်သည့် ကျေးရွာများတွင် အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် အကြံပြုအလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြစိမ်းရောင်ကျေးရွာ ၁၅ ရွာမှ ကော်မတီဝင်များ၊ ဌာနဆိုင်ရာနှင့် အထောက်အကူပြုကော်မတီများ တက်ရောက်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မင်းရွာဆိပ်ကြီး ချောင်းကူးတံတားတည်ဆောက်

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ရဲချောင်းကျေးရွာအုပ်စု မင်းရွာဆိပ်ကြီးကျေးရွာရှိ ချောင်းကူးသံကူကွန်ကရစ်တံတား တည်ဆောက်နေသည်ကို တွေ့ရသည်။

အဆိုပါ မင်းရွာဆိပ်ကြီးကျေးရွာ ချောင်းကူးတံတားသည် ယခင်နှစ်ပေါင်း ၁၀၀ ကျော်က တည်ဆောက်ထားသည့် တံတားဟောင်းအစား အရှည်ပေ ၄၀၊ အကျယ် ၁၂ ပေရှိသော သံကူကွန်ကရစ်အမျိုးအစား တံတားသစ်ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်မှစ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(၁၅၅)**

ကျေးလက်အိမ်ရာ ဆောက်လုပ်ပြီးစီးမှုစစ်ဆေး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ပေါက်ကုန်းကျေးရွာအုပ်စု မိုးသီတာကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်အိမ်ရာဆောက်လုပ်ပြီးစီးမှုကို ဇန်နဝါရီလနောက်ဆုံးပတ်က ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါကျေးလက်အိမ်ရာငါးလုံးမှာ ကျောက်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းသစ်သား အဆောက်အအုံဖြစ်သည်။ ကျောထောက်နောက်ခံမရှိသည့် အိုမင်းသော အဘိုးအဘွားများကိုသာ ရွေးချယ်ပြီး နေထိုင်ရန် ဆောက်လုပ်ပေးထားခြင်းဖြစ်သည်။ **ခင်လတ်(မိုးညို)**

ကမ္ဘာ့ရေတိမ်ဒေသများနေ့ ပညာပေးဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးခန်းမ၌ ဖေဖော်ဝါရီ ၂ ရက် နံနက်က ကမ္ဘာ့ရေတိမ်ဒေသများနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးအရာရှိ ဦးနေအောင်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းနှင့် မြို့နယ်ဧည့်လမ်းညွှန် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းဝင်းတို့က ပညာပေးဟောပြောပြီး အခမ်းအနားသို့ ဌာနဆိုင်ရာများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(၀၅၄)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလေ့ကျင့်

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ ရခိုင်ပြည်နယ် သံတွဲမြို့ ဒွါရာဝတီမြို့မဈေးကြီးတွင် ဇန်နဝါရီလနောက်ဆုံးပတ်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများပြုလုပ်ခဲ့သည်။

အဆိုပါလေ့ကျင့်မှုတွင် သံတွဲမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီးဖြင့် ဈေးကြီးအား မီးသတ်ပိုက်များဖြင့် ရေပက်ဖျန်းခြင်း၊ မီးသတ်ဆေးဘူးများ အသုံးပြုနည်းဖြင့် လေ့ကျင့်ခြင်း၊ ဈေးအတွင်းတူးဖော်ထားသော အဝီစိတွင်းရေလှောင်ကန်များမှတစ်ဆင့် ဒိုင်းရှင်းစက်များဖြင့် ရေပက်ဖျန်း၍ မီးငြိမ်းသတ်ခြင်းတို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီနှင့် ဈေးသူဈေးသားများ ပူးပေါင်းပါဝင်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မန်စီးတီးနဲ့ လက်စတာ ထိပ်တိုက်တွေ့ပြီ

မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ်(၂၅)ကို ဖေဖော်ဝါရီ ၆ ရက်နဲ့ ၇ ရက်တွေမှာ ဆက်တိုက်ဆင်နွှဲဖို့ရှိနေတာမို့ အသင်းတိုင်း သက်ပြင်းမချနိုင်တဲ့ ရင်ဆိုင်ကြရဦးမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ အကြိတ်အနယ်ရှိမယ့်ပွဲကတော့ မန်စီးတီးနဲ့ လက်စတာတို့ဖြစ်သလို စတုတ်နဲ့ အဲဗာတန်တို့ပွဲကလည်း ရသမျိုးစုံပေးစွမ်းဦးမှာဖြစ်ပါတယ်။ တန်းစီဇယားအပြောင်းအလဲဖြစ်နိုင်တဲ့ပွဲတွေမို့ လက်မလွှတ်တမ်းအားပေးကြရဦးမှာ ဖြစ်ပါတယ်။

မန်စီးတီးနှင့် လက်စတာ

ပွဲတိုင်းရလဒ်ကောင်းအောင် ခြေစွမ်းပြနေတဲ့ လက်စတာတို့နဲ့ အိမ်ကွင်းမှာ နိုင်ပွဲဆက်နေတဲ့ မန်စီးတီးတို့ရဲ့ တွေ့ဆုံမှုကတော့ အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုတွေနဲ့အတူ စိတ်လှုပ်ရှားစရာကောင်းမယ့်ပွဲပါပဲ။ အသင်းလိုက် စုဖွဲ့မှုကောင်းကောင်းနဲ့ကစားတတ်တဲ့ လက်စတာဟာ အဝေးကွင်းမှာလည်း ရလဒ်ကောင်းအောင်ဆောင်ကြဉ်းနိုင်တာမို့ ဒီပွဲမှာ ဘယ်လောက်အထိ ခြေကုန်ဖွင့်ကစားမလဲဆိုတာ အကဲခတ်ရမှာပါ။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု သုံးပွဲမှာတော့ မန်စီးတီးက နှစ်ပွဲနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ လက်ရှိအနေအထားမှာတော့ လက်စတာထက် မန်စီးတီးတို့ရဲ့ တိုက်စစ်စွမ်းရည်က ပိုပြီးထက်မြက်နေတာမို့ ဒီပွဲဟာ အိမ်ရှင်တို့အောင်ပွဲခံမယ့်ပွဲပါပဲ။

စတုတ်နှင့် အဲဗာတန်

ခြေစွမ်းပိုင်းတူညီနေတဲ့အသင်းတွေဖြစ်ပြီး အားထုတ်မှုအပိုင်းမှာလည်း ကွာဟမှုမရှိပါဘူး။ စတုတ်တို့က အဲဗာတန်နဲ့ဆုံတိုင်း နိုင်ပွဲရအောင်ကစားနိုင်ပြီး အဲဗာတန်နဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှု ပွဲရလဒ်ကိုကြည့်ရင်လည်း စတုတ်တို့ချည်း နိုင်ပွဲရတာများပါတယ်။ အဲဗာတန်တို့က ပွဲဆက်တွေများနေပြီး အခုပွဲအဝေးကွင်းမှာ ကစားရမှာမို့ ခက်ခဲမယ့်အနေအထားရှိနိုင်ပါတယ်။ စတုတ်တို့က အခုပွဲ အိမ်ကွင်းမှာကစားရမှာမို့ အဲဗာတန်ကို ဖိအားပေးပြီး နိုင်ပွဲဆက်ဦးမှာဖြစ်ပါတယ်။

ဆွမ်ဆီးနှင့် ခရစ္စတယ်ပဲလေ့စ်

ဆွမ်ဆီးအတွက် ဒီပွဲဟာ မဖြစ်မနေနိုင်ပွဲရအောင်ကစားရမယ့်ပွဲ ဖြစ်နေပါတယ်။ တန်းဆင်းဇုန်နဲ့ ဝေးကွာဖို့အတွက် ဒီပွဲမှာ အမာခံကစားသမားတွေအကုန်နဲ့ ပွဲထွက်လာမယ့်စတုတ်ဟာ အိမ်ကွင်းလည်းဖြစ်နေတာမို့ ပဲလေ့စ်ကိုအခွင့်အရေးပေးမှာတော့ မဟုတ်ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ဂိုးမရှိ သရေပွဲဖြစ်ထားတာကြောင့် ဆွမ်ဆီးဟာ ဒီပွဲမှာတော့ ပြတ်သားတဲ့ရလဒ်နဲ့အတူ အမှတ်ပြည့်ရယူပါလိမ့်မယ်။

ဗီလာနှင့် နော့ဝှစ်ချ်

တန်းစီဇယားအောက်ဆုံးကိုရောက်နေတဲ့ ဗီလာတို့အတွက် ဒီပွဲဟာ အနိုင်ရလဒ်မှတစ်ပါး အခြားရလဒ်ကိုယူဖို့ စိတ်ကူးမှာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် နော့ဝှစ်ချ်တို့ကလည်း အခုပွဲကို အနိုင်ရအောင်အားထုတ်ဖို့ ဖိအားရှိနေပါတယ်။ နှစ်သင်းစလုံးက တန်းဆင်းဇုန်ဖိအားတွေကြောင့် အခုပွဲမှာ အပြိုင်အဆိုင်ကြိုးစားကြမှာဖြစ်လို့ ပွဲကောင်းတစ်ပွဲဖြစ်လာပါလိမ့်မယ်။ ဒီပွဲစဉ်မှာ အိမ်ကွင်းအားသာချက်ရှိတဲ့ ဗီလာတို့ကိုပဲ အားပေးဖို့ ဆုံးဖြတ်ရမှာပါ။

လီဗာပူးနှင့် ဆန်းဒါးလန်း

လီဗာပူးတို့က ဆန်းဒါးလန်းနဲ့ဆုံတိုင်း ပွဲကျပ်အဖြစ်ရင်ဆိုင်ခဲ့ရတာများပါတယ်။ ဆန်းဒါးလန်းကိုကလည်း လီဗာပူးနဲ့ဆုံတိုင်း ခက်ခက်ခဲခဲကစားရတာချည်းဖြစ်ပေမယ့် ခြေရည်တူ အားထုတ်နိုင်ခဲ့တာမို့ အခုပွဲမှာလည်း အပြန်အလှန်ဖိအားပေးမှုတွေနဲ့ ဖြတ်ကျော်ရပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် လီဗာပူးတို့ ရှုံးပွဲမရှိခဲ့တာမို့ အဲဒီမှတ်တမ်းကောင်းကို ဒီပွဲမှာ ဆက်ထိန်းမလားကြည့်ရမှာဖြစ်ပါတယ်။

စပါးနှင့် ဝက်ဖို့ဒ်

စပါးကွင်းမှာကစားရမယ့် ဒီပွဲအတွက်တော့ ဝက်ဖို့ဒ်တို့ရင်ပူရမယ့်ကိန်းပါပဲ။ ခြေစွမ်းကောင်းရှိနေတဲ့စပါးဟာ အိမ်ကွင်းလည်းဖြစ်နေတာမို့ အကောင်းဆုံးခြေစွမ်းနဲ့အတူ အောင်ပွဲခံဖို့ကြိုးစားပါလိမ့်မယ်။ စပါးဟာ လက်ရှိအခြေအနေမှာ ကစားသမားတွေပုံမှန်ခြေစွမ်းပြန်ရနေတာမို့ ဒီပွဲမှာ အနိုင်ရလဒ်ကို မျှော်မှန်းပြီး အောင်ပွဲခံနိုင်ရေး စွမ်းဆောင်ပါလိမ့်မယ်။ ။

ဂွာဒီယိုလာကို ကြိုဆိုခဲ့တဲ့ ဗန်ဟားလ်

လာမယ့်ရာသီမှာ မန်စီးတီးနည်းပြဖြစ်လာမယ့် ဂွာဒီယိုလာကို မန်ယူနည်းပြ ဗန်ဟားလ်က ကြိုဆိုလိုက်ပါတယ်။ မန်စီးတီးဟာ နည်းပြ ပယ်လီဂရီနီနေရာမှာ ဘိုင်ယန်မြူးနစ်နည်းပြ ဂွာဒီယိုလာကို အစားထိုးဖို့ ကြေညာလိုက်ပြီးတဲ့နောက်မှာ မန်ယူနည်းပြ ဗန်ဟားလ်က ကြိုဆိုလိုက်တာဖြစ်ပါတယ်။

"ဂွာဒီယိုလာဟာ အောင်မြင်တဲ့နည်းပြဖြစ်တယ်ဆိုတာ အထူးပြောစရာမလိုပါဘူး။ မန်စီးတီးကို ရောက်လာမယ်ဆိုရင် ကြိုဆိုပါတယ်"လို့ ဗန်ဟားလ်က ဆိုပါတယ်။ ဂွာဒီယိုလာဟာ ဘိုင်ယန်မြူးနစ်နဲ့ ဘာစီလိုနာတို့မှာ အောင်မြင်တဲ့နည်းပြဖြစ်ခဲ့ပြီး ဖလား ၁၉ လုံးအထိ ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။ မန်ယူပရိသတ်တွေဟာ ဗန်ဟားလ်နေရာမှာ ဂွာဒီယိုလာကို အစားထိုးဖို့ ဆန္ဒပြင်းပြနေခဲ့ကြပေမယ့် ဂွာဒီယိုလာကို မန်စီးတီးက သုံးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်ပြီဖြစ်တဲ့အတွက် မန်စီးတီးနည်းပြဖြစ်ဖို့ သေချာသွားပြီဖြစ်ပါတယ်။

အလှပဆုံးဂိုး သွင်းယူခဲ့တဲ့ ဗာဒီ

လက်စတာစီးတီးက လီဗာပူးကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရလိုက်တဲ့ပွဲမှာ ဂျာမိန်းဗာဒီ သွင်းယူလိုက်တဲ့ မြေမကျဂိုးဟာ မယုံကြည်နိုင်လောက်အောင် အလွန်လှပတဲ့ဂိုး ဖြစ်တယ်လို့ နည်းပြ ရာနီရေးနီက ချီးကျူးပြောဆိုလိုက်ပါတယ်။ ဗာဒီရဲ့ မြေမကျဂိုးဟာ ယခုရာသီမှာ အကောင်းဆုံးဂိုးဖြစ်တယ်လို့ သူက ဆိုပါတယ်။ ဗာဒီရဲ့ဂိုးကို ပြိုင်ဘက် လီဗာပူးနည်းပြ ဂျာဂျင်ကလော့ကတောင် ချီးကျူးခဲ့ပါတယ်။

ဗာဒီဟာ လက်စတာစီးတီးအသင်းအတွက် ဂိုးကို ၂၅ ကိုက်အကွာကနေ မြေမကျ တန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ဒီဂိုးဟာ တစ်လတာအကောင်းဆုံးဂိုးဆုလည်း ရနိုင်တဲ့ဂိုးဖြစ်ပါတယ်။ လီဆက်စတာစီးတီးအသင်းဟာ ဒီပွဲမှာ အနိုင်ရလိုက်တာကြောင့် အမှတ်ပေးဇယားမှာ သုံးမှတ်အသာနဲ့ ရပ်တည်လာနိုင်ခဲ့ပါတယ်။

ဗာဒီဟာ ဒီနှစ်ပရီမီယာလိဂ်မှာ လက်စတာစီးတီးအသင်းအတွက် အကောင်းဆုံးခြေစွမ်းပြနေပြီး ဂိုးတွေလည်း သွင်းယူနေပါတယ်။ ရာသီအစမှာ ၁၁ ပွဲဆက်တိုက် ဂိုးသွင်းယူခဲ့ပြီး ပရီမီယာလိဂ် စံချိန်သစ်ကိုလည်း တင်နိုင်ခဲ့ပါတယ်။ ဒါကြောင့် လက်စတာစီးတီးအသင်းကလည်း ဗာဒီကို ၂၀၁၉ ခုနှစ်အထိ စာချုပ်ဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

ချယ်လ်ဆီးမှာဆက်ရှိဖို့ အခွင့်အလမ်းရှိနေသေးတဲ့ တယ်ရီ

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီဟာ အသက်ကြီးလာပြီဖြစ်သော်လည်း ချယ်လ်ဆီးအသင်းနဲ့ ထပ်မံစာချုပ်ချုပ်ဖို့ အခွင့်အလမ်းရှိနေဆဲဖြစ်ကြောင်း ချယ်လ်ဆီးအသင်းရဲ့ ယာယီနည်းပြ ဟစ်ဒင့်က ပြောဆိုလိုက်ပါတယ်။ ဟစ်ဒင့်နဲ့ တယ်ရီတို့ တွေ့ဆုံဆွေးနွေးပြီးနောက်ပိုင်းမှာ ဟစ်ဒင့်က ပြောလိုက်တာဖြစ်ပါတယ်။

အသက် ၃၅ နှစ်အရွယ် ရှိနေပြီဖြစ်တဲ့ တယ်ရီကို ချယ်လ်ဆီးအသင်း တာဝန်ရှိသူတွေက စာချုပ်သစ်ထပ်မံမချုပ်ဆိုတော့တဲ့အတွက် တယ်ရီက သူဟာ ရာသီအကုန်မှာ ချယ်လ်ဆီးက ထွက်ခွာတော့မှာ ဖြစ်တယ်လို့ ပြောဆိုထားပြီးဖြစ်ပါတယ်။ ဇွန်လမှာ လက်ရှိစာချုပ်သက်တမ်း ကုန်ဆုံးတော့မယ့် ဂျွန်တယ်ရီနဲ့ ချယ်လ်ဆီးအသင်းတို့ တရားဝင်တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ဖို့ရှိနေသေးလို့ ချယ်လ်ဆီးမှာဆက်လုပ်ဖို့ အခွင့်အလမ်းရှိနေသေးတယ်လို့ ဟစ်ဒင့်က ပြောခဲ့ တာဖြစ်ပါတယ်။

ဂျွန်တယ်ရီဟာ ချယ်လ်ဆီးအသင်းမှာ ၂၀ နှစ်ကြာ ကစားခဲ့ပြီး ချယ်လ်ဆီးရဲ့ အဓိကဖလားများကို ဆွတ်ခူးရာမှာ အသင်းအတွက် အားထားရတဲ့ကစားသမား ဖြစ်ခဲ့ပါတယ်။

စစ်ကိုင်းထူပါရုံ စေတီတော်ကြီး ထီးတော်တင်လှူပူဇော်မည်

စစ်ကိုင်း ဖေဖော်ဝါရီ ၄

ငလျင်ဒဏ်ကြောင့် ပြန်လည်ပြုပြင်နေသော စစ်ကိုင်းထူပါရုံစေတီတော်ကြီးပြုပြင်မှုများ ပြီးစီးနေပြီဖြစ်၍ ထီးတော်တင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်မှစ၍ ကျင်းပတော့မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် စစ်ကိုင်းထူပါရုံစေတီတော်ကြီးတွင် နေရာ ၁၅ ခု၌ အက်ကြောင်းကြီးများဖြစ်ပေါ်ခဲ့ပြီး နောက်တစ်ဖန် ငလျင်ဒဏ်ခံရပါက ပြိုကျပျက်စီးနိုင်သော အခြေအနေဖြစ်၍ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးစီးကာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများ၏ ပံ့ပိုးမှုဖြင့် ၂၀၁၃ ခုနှစ် မတ်လတွင် စတင်ပြုပြင်ခဲ့ကြောင်း၊ စေတီတော်ကြီး၏ မူလလုံးပတ်တော်နှင့် အမြင့်ပေများကိုတိုးပြီး သီရိလင်္ကာနိုင်ငံ ထူပါရာမ စေတီတော်ကြီး၏ ပုံစံအတိုင်း ပြန်လည်ပြုပြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ပြုပြင်မှုများ ရာနှုန်းပြည့်ပြီးစီးရန် အနည်းအငယ်သာကျန်တော့သဖြင့် သီတဂူဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ ဖေဖော်ဝါရီ ၂၃ ရက်တွင် ထီးတော်ကို စေတီအထွတ်သို့ တင်လှူပူဇော်၍ ဌာပနာသွင်းခြင်း၊ ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ ပဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ အသစ်တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကို မန္တလေးမြို့တွင်း လှည့်လည်အပူဇော်ခံခြင်း၊ မဟာမုနိစေတီ (ဘုရားကြီး)သို့ ပင့်ဆောင်ခြင်း၊ စစ်ကိုင်းမြို့တွင်း လှည့်လည်အပူဇော်ခံခြင်းနှင့် ထူပါရုံစေတီတော်ကြီး၌ သီတင်းသုံးအပူဇော်ခံခြင်း၊ မတ်လ ၁၆ ရက်တွင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကို စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး စေတီတော်အထွတ်သို့ တင်လှူခြင်း၊ တပေါင်းလပြည့်နေ့တွင် သံဃာအပါး ၁၀၀ ဖြင့် အနေကဇာတင်လှူခြင်းနှင့် လပြည့်ကျော် ၁ ရက်တွင် သံဃာအပါး ၁၀၀၀ တို့အား ဆွမ်းလောင်းလှူခြင်း အစီအစဉ်များဖြင့် ထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များ တင်လှူပူဇော်သွားမည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့မှ သိရသည်။

ထူပါရုံစေတီတော်ကြီးသည် အင်းဝဘုရင် နရပတိမင်းလက်ထက် မြန်မာသက္ကရာဇ်(၈၀၆)ခုနှစ်က စတင်တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းစေတီတော်ကြီးဖြစ်ကြောင်း သိရသည်။

မျိုးဝင်း(စစ်ကိုင်း)

ကသာမြို့နယ်၌ ဧရာဝတီမြစ်ကမ်းရေထိန်းနံရံတည်ဆောက်

ကသာ ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ် ဖွံ့ဖြိုးရေးဦးစီးဌာန အစိုးရအဖွဲ့မှ ဘေးအန္တရာယ်လျော့ပါးရေးရန်ပုံငွေဖြင့် ကမ်းသာဆိပ်ကမ်းသန့်ရှင်းသာယာရေး တိုးချဲ့လမ်းများပြုလုပ်၍ ကျောက်စီတမံရေထိန်းနံရံ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

ကသာမြို့နယ်ရှိ ဧရာဝတီမြစ်ကမ်းသည် ရေတိုက်စား၍ ကမ်းပါးပြိုကျခြင်းရှိသည့်အတွက် ရေယာဉ်များ ဆိုက်ကပ်သွားလာခြင်း၊ မြို့အမည်နှင့် သင့်လျော်မှုမရှိအောင် ပျက်စီးနေလျက်ရှိရာ ဧရာဝတီမြစ်ကြောင်း ကုန်စည်စီးဆင်းမှုကို ထိခိုက်စေလျက်ရှိသည်။

ထို့ကြောင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကသာမြို့ အမှတ်(၃)ရပ်ကွက်အတွင်း ဧရာဝတီမြစ်ကမ်းနံရံအား ပေ ၇၈၀ ရှိ ကမ်းထိန်းနံရံတိုးချဲ့ ကျောက်ရိုးစီနံရံပြုလုပ်ခြင်း၊ အမှတ်(၁၀)ရပ်ကွက်အတွင်းရှိ ဧရာဝတီမြစ်ကမ်းကို ပေ ၅၄၀၊ ကမ်းပြိုကာကွယ်ရေး ကျောက်စီရေထိန်းနံရံ တမံတည်ဆောက်ခြင်းကို ပြုလုပ်ခဲ့သည်။

ယခုနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အမှတ်(၁)နှင့်(၂) ရပ်ကွက်အတွင်းရှိ ဧရာဝတီမြစ်ကမ်းနံရံကို အပိုင်းခွဲ၍ B1 ကျောက်စီတမံပေ ၂၆၀၊ B2 ကျောက်စီနံရံနှင့်တမံ ၁၇၇ ပေ၊ B3 ကျောက်စီတမံဟောင်းပြုပြင် ၁၂၃ ပေ၊ B4 ကျောက်စီနံရံ လမ်းတိုးချဲ့ပေ ၇၀၊ B5 ကျောက်စီတမံ ၁၀၆ ပေ၊ B6 Hond Roil တပ်ဆင်ခြင်း ပေ ၁၂၀ တို့ဖြင့် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထို့ပြင် ကသာမြို့နယ် ဧရာဝတီမြစ်ကမ်းထိန်းသိမ်းရေး ဆိပ်ကမ်းသန့်ရှင်းသာယာလှပရေးအနေဖြင့် ရေထိန်းနံရံ တမံတည်ဆောက်ပြီးစီးနေမှုကြောင့် ယခင်ကမ်းသာမြို့အမည်နှင့် လိုက်လျောညီထွေရှိပြီး ကမ်းအလှကို ပေါ်လွင်လျက် နိုင်ငံသားများကို ဆွဲဆောင်မှုကောင်းသော ပြယုဂ်တစ်ခုလည်း ဖြစ်ပေါ်လာစေမည်ဟု ထင်မြင်မိကြောင်း ဒေသခံတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

ငွေအိုး(ကသာ)

မြစ်သာရေလှောင်တမံ ရေသိုလှောင်ခြင်း လုပ်ငန်းဆောင်ရွက်မှုကြောင့် မြစ်သာမြစ်ရေလျော့နည်း

ဂန့်ဂေါ ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာ အနီး မြစ်သာမြစ်ပေါ်၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းမှ တမံပိတ်၍ ရေသိုလှောင်ခြင်းလုပ်ငန်းစတင်ဆောင်ရွက်နေပြီဖြစ်ရာ တမံ၏အောက်ဘက် မြစ်သာမြစ်အတွင်း ရေလျော့နည်းသွားကြောင်း သိရသည်။

အဆိုပါ ရေသိုလှောင်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယင်းစီမံကိန်းလုပ်ငန်း၏ လိုအပ်ချက်ပမာဏအထိ ရေကိုဆက်လက် သိုလှောင်သွားမည်ဖြစ်ကြောင်း မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဤသို့ ရေသိုလှောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေသော်လည်း တမံအောက်ဘက် မြစ်သာမြစ်အတွင်း ချောင်းငယ်၊ မြောင်းငယ်များမှ စီးဝင်သော ရေများကြောင့် မြစ်သာမြစ်ရေသည် ဆက်လက်စီးဆင်းနေဆဲဖြစ်ကြောင်း သိရသည်။ မြစ်သာမြစ်ရေသည် မူလထက်လျော့နည်း သွားသော်လည်း ယခင်ကာလများမှ ယခုအချိန်အထိ မြစ်သာမြစ်အတွင်းစီးဝင်သော ချောင်းငယ်၊ မြောင်းငယ်များ၏ ရေစီးနှုန်းအခြေအနေအရ ရေခန်းခြောက်ပြတ်လပ်သည်အထိ နွေရာသီကာလ၌ ဖြစ်ပေါ်နိုင်ခြင်းမရှိကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်အတွင်း တောင်မှ မြောက်သို့ဖြတ်သန်း စီးဆင်းနေသော မြစ်သာမြစ်သည် ချင်းတောင်တန်း မတူပီမြို့နယ်မှ မြစ်ဖျားခံ၍ မောချောင်း၊ စစ်နီးချောင်းတို့နှင့် ပေါင်းဆုံပြီး ကလေးမြို့နယ် နတ်ချောင်းရွာအနီး၌ မဏိပူရမြစ်နှင့်ပေါင်းကာ ချင်းတွင်းမြစ်အတွင်းသို့ စီးဆင်းလျက်ရှိသည်။

ဂန့်ဂေါမြို့နယ်အတွင်း ဂန့်ဂေါမြို့နှင့် ကျေးရွာနေ ပြည်သူများသည် ရေအတွက် ရေတွင်းများတူးဖော်အသုံးပြုလျက်ရှိသည့်အပြင် မြစ်သာမြစ်ရေကိုလည်း အားကိုးအားထားပြုကြရကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

မြိတ်တက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အနုပညာဖျော်ဖြေတင်ဆက်ပွဲကျင်းပ

မြိတ် ဖေဖော်ဝါရီ ၄

မြိတ်တက္ကသိုလ်စာပေနှင့် အနုပညာအသင်းတကြီးမှူး၍ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုအဖြစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အနုပညာဖျော်ဖြေတင်ဆက်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က မြိတ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

အနုပညာဖျော်ဖြေတင်ဆက်ပွဲတွင် မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစီစီလှဘုံးက အမှာစကားပြောကြားပြီး မြိတ်တက္ကသိုလ်စာပေနှင့် အနုပညာအသင်းဥက္ကဋ္ဌ မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါက်တာဇော်ဝင်းက ကျေးဇူးတင်စကား ပြောကြားကာ ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ ပျူခေတ် တေးသရုပ်ဖော်အက၊ တိုင်းရင်းသားရိုးရာအကများ၊ ဆိမ်းခွတ်အက၊ မိုးဇာပြော အက၊ တယောအဖွဲ့ အတီး၊ ဦးရွှေရိုး ဒေါ်မိုး တေးသရုပ်ဖော်အက၊ ယပ်တောင် အက၊ ယောင်ပေစူးအက၊ မြိတ် ထားဝယ် တော့သောင်း တေးသရုပ်ဖော်အက စသည့်အစီအစဉ်များဖြင့် ဖျော်ဖြေခဲ့ကြသည်။

မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်တတ်မှုများ ရရှိလာစေရန်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ် အနုပညာများကို ဂုဏ်ယူတန်ဖိုးထား လေးစားတတ်စေရန် ရည်ရွယ်ချက်များဖြင့် ဖျော်ဖြေပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

တီဘီနှင့် ပိုလီယိုကာကွယ်ဆေးများထိုးနှံတိုက်ကျွေး

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် မွေးကင်းစမှ လသားအရွယ်ကလေးများအား ပထမအကြိမ် (ဘီစီဂျီ)တီဘီရောဂါကာကွယ်ဆေးထိုးနှံခြင်းနှင့် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၂ ရက်မှ စတင်ကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် ရပ်ကွက်ကိုးခုရှိရာ သက်ဆိုင်ရာရပ်ကွက်ရုံးများတွင် စုရပ်များဖွင့်လှစ်ပြီး မွေးကင်းစမှ လသားအရွယ် ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ရာ ကိုယ်ဝန်ဆောင်မိခင်များကိုပါ မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ အမျိုးသားကာကွယ်ဆေးတိုက်နေ့များဖြစ်သည့် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိတွင်လည်း အသက်ငါးနှစ်အောက် ကလေးများအား ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)

ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ချောင်းကူးတံတားကွင်းဆင်းစစ်ဆေး

ဘားအံ ဖေဖော်ဝါရီ ၄

ကရင်ပြည်နယ် ဖာပွန်ဒေသတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် ငါးဒူးရွာနှင့် တုတ်ကြီးရွာသို့ ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဖောက်လုပ်လျက်ရှိသည်။

အဆိုပါလမ်းပေါ်တွင် အရှည်ပေ ၆၀ ရှိ မိဗိုင်းချောင်းကူး သံကူကွန်ကရစ်တံတားကို တည်ဆောက်လျက်ရှိရာ တံတား အချိန်မီပြီးစီးရေးအတွက် ဖာပွန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁ ရက်တွင် ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာချင်းဆက်လမ်း အမြန်ပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

သည်းခြေကျောက်တည်ခြင်း

ပါမောက္ခခင်မောင်ဝင်း(အသည်း)

အပိုင်း (၁၀)

(ကျွန်တော်ကိုယ်တိုင် စင်ကာပူနိုင်ငံ အထွေထွေဆေးရုံကြီးမှာ သည်းခြေအိတ်ကို အပေါက်လေးဖောက်ပြီး ထုတ်ခံခဲ့တုန်းက ကျွန်တော်ခွဲစိတ်ခန်းထဲက ထွက်လာတာကို ခွဲစိတ်ခန်းအပြင်မှာ စောင့်နေတဲ့ ကျွန်တော့်ဇနီး၊ သားသမီးများနဲ့ မိသားစုအားလုံးက မတွေ့လိုက်ဘဲ ကျွန်တော်တစ်ယောက်တည်း အခန်းမှာ ပြန်ရောက်နေတဲ့အကြောင်း ပြောပြနေပါတယ်။)

အခန်းထဲမှာ တစ်ယောက်တည်း ကျွန်တော် ခွဲစိတ်ခန်းထဲက တွန်းလှည်းပေါ်မှာ တင်တွန်းပြီး ထွက်လာခဲ့တာ ကျွန်တော် အခန်းထဲကို နံနက် ၁၁ နာရီကတည်းက ရောက်နေပါတယ်။ အဲလို ကျွန်တော်ခွဲစိတ်ခန်းထဲက ထွက်လာတာကို ကျွန်တော့်မိသားစုက မတွေ့လိုက်တဲ့အတွက် ကျွန်တော့်မှာ ရေတိုက်သူမရှိဘဲ နေ့လယ် ၁ နာရီလောက်အထိ အခန်းထဲမှာ တစ်ယောက်တည်းနေနေရပါတယ်။

ကျွန်တော် အရင်အပတ်ကပြောသလို ကျွန်တော်ခွဲစိတ်ခန်းထဲကထွက်လာတာကို မသိဘဲ ကျွန်တော် နံနက် ၈ နာရီခွဲကတည်းက ခွဲစိတ်ခန်းထဲဝင်သွားတာ နေ့လယ် ၁ နာရီအထိ ကျွန်တော်ထွက်မလာသေးဘူးလို့ထင်ပြီး မြန်မာပြည်က အမျိုးတွေကို စင်ကာပူလိုက်လာဖို့ပြင်ထားဖို့ ဖုန်းတွေဘာတွေဆက်နေတဲ့ အခြေအနေ ဖြစ်နေပါတယ်။

အမျိုးတွေက ခွဲစိတ်ခန်းရှေ့မှာ ကျွန်တော်ထွက်မလာဘူးထင်ပြီး စိတ်တွေလှုပ်ရှားနေသလို ကျွန်တော့်မှာလည်း အခန်းထဲကို မနက် ၁၁ နာရီကတည်းက ပြန်ရောက်ပြီး တစ်ယောက်တည်း ဘယ်သူမှ လုပ်ကိုင်ပေးမယ့်သူမရှိဘဲ ဒုက္ခရောက်နေတာ တော်တော့်ကို စိတ်ဆင်းရဲစရာပါ။

အဲဒီလို အခြေအနေကနေ လွတ်မြောက်ဖို့အကြောင်းအရာတစ်ခုက ဖန်တီးလာခဲ့ပါတယ်။ ဘယ်လိုတုံးဆိုတော့ ကျွန်တော့်မိတ်ဆွေတစ်ယောက်က ကျွန်တော်ဆေးရုံတက်နေတယ်လို့ သတင်းကြားလို့ ဖုန်းဆက်မေးပြီး လိုက်လာပြီးတော့ ကျွန်တော့်အတွက် အမြန်နေကောင်းပါစေ (Get Well Soon) ကတ်နဲ့ ပန်းအိုးတစ်အိုးကို ခွဲစိတ်ခန်းရှေ့မှာ စောင့်နေတဲ့ ကျွန်တော့်မိသားစုကို လာပြီးပေးပါတယ်။ ကျွန်တော့်သမီးငယ် နှင်းနှင်းဝင်းက ကျွန်တော့်မိတ်ဆွေလာ ပေးတဲ့ပန်းအိုးကို "သမီး အခန်းထဲသွားထားလိုက်မယ်"လို့ပြောပြီး ပန်းအိုးကိုကိုင်ပြီး ကျွန်တော်တစ်ယောက်တည်းရှိနေတဲ့ အခန်းထဲကို ရောက်လာပါတယ်။

သမီးလေးက အခန်းတံခါးဖွင့်လိုက်ပြီး ခုတင်ပေါ်မှာအိပ်နေတဲ့ ကျွန်တော့်ခြေထောက်တွေကိုတွေ့သွားတော့ "အဲ ခြေထောက်ကြီးတော့"ဆိုပြီး အော်ပါတော့တယ်။ အဲတော့ ကျွန်တော်က "သမီးသမီး အဖေလေ၊ အဖေ။ အခန်းထဲကို မနက် ၁၁ နာရီကတည်းက ရောက်နေတာ"လို့ ပြောလိုက်တော့ "ဟင် အဖေက ပြန်ရောက်နေတာကိုး၊ အမေတို့ကို သွားခေါ်လိုက်ဦးမယ်"ဆိုပြီး အခန်းထဲက ပြေးထွက်သွားပါတော့တယ်။ ခဏနေတော့ ကျွန်တော့်ဇနီး ခေါင်းဆောင်တဲ့ တစ်မျိုးလုံးခွဲစိတ်ခန်းရှေ့နား စောင့်နေတာကနေ ကျွန်တော့်အခန်းကို အစီအရီဝင်လာကြပြီး ကျွန်တော့်ခုတင်နားကိုလာကြ၊ လက်နှိပ်ခြေနှိပ်နဲ့ "အမလေး စိတ်ပူလိုက်ရတာ၊ ဘယ်လိုနေသေးတုံး"လို့ မေးကြပြောကြနဲ့ စိတ်အေးကြရပြီး စကားတွေ ဖောင်နေအောင်ပြောကြ၊ ပြုံးပြုံးရွှင်ရွှင်ရယ်ကြမောကြနဲ့ ကျွန်တော့်အခန်းတစ်ခန်းလုံး ဆူဆူညံညံ တကယ့်ပျော်စရာကြီးပါ။

ဒါနဲ့ ကျွန်တော့်ကို ရေတွေယူပေး၊ ကျွန်တော်သောက်ဖို့ နွားနို့မှာနဲ့ ကျွန်တော့်အတွက် လုပ်ကိုင်ပေးတဲ့သူတွေ တစ်ပုံကြီးဖြစ်သွားပါပြီ။ သူတို့တစ်တွေ ရန်ကုန်ကို ဖုန်းတွေဆက်၊ ကျွန်တော်ခွဲစိတ်ခန်းထဲက ထွက်လာတာကို မမြင်လိုက်ဘဲ လွတ်သွားကြတာကို ပြောပြကြ၊ ဟာသတွေလုပ်ကြနဲ့ အပြုံးများစွာ၊ အရယ်များစွာနဲ့ပေါ့။

ကျွန်တော့်တပည့်တွေက ကျွန်တော့်ကို အမျိုးတစ်မျိုးလုံးအတွက် ခေါင်းတွဲကြီးလို့ တင်စားပြောကြပါတယ်။ ခေါင်းတွဲကြီးရပ်သွားရင် နောက်တွဲတွေ ရပ်သွားမယ်။ အဲတော့ ခေါင်းတွဲကြီးကျန်းမာဖို့၊ အသက်ရှည်ဖို့ အရေးကြီးတယ်လို့ ပြောလေ့ရှိပါတယ်။ အဲတော့ ကျွန်တော့်အမျိုးအားလုံး၊ ကျွန်တော့်ဝန်ထမ်းအားလုံးဟာ ကျွန်တော်ကျန်းမာဖို့ နေကောင်းဖို့ဆိုတာကို "ခေါင်းတွဲကြီး သွားနေဖို့လိုတယ်"လို့ ပြောကြပါတယ်။

ဒါဟာလည်း တကယ့်အခြေအနေပါ။ ကျွန်တော်ဟာလည်း ကျွန်တော့်ကျန်းမာရေး၊ ကျွန်တော့်အသက်ရှည်ဖို့ဆိုတာထက် ကျွန်တော့်အပေါ်မှာ မှီခိုရပ်တည်နေရတဲ့ ကျွန်တော့် ဝန်ထမ်း ၃၀၀ လောက်ရဲ့ စားဝတ်နေရေးကို ပိုပြီးစိုးရိမ်သလို ဖြစ်နေပါတယ်။ ကျွန်တော် ခွဲစိတ်ခန်းထဲဝင်သွားတော့လည်း ငါနေကောင်းမှ ဖြစ်မယ်၊ ငါအသက်ရှင်မှ ဖြစ်မယ်၊ ငါမရှိရင် ငါ့ဝန်ထမ်းတွေ ဒုက္ခရောက်လိမ့်မယ်ဆိုတဲ့ အတွေးတွေအပြည့်နဲ့ပါ။

ဒီလိုအကြောင်းတွေပြောနေတော့ နာမည်ကြီးအဆိုတော် တွံတေးသိန်းတန်ကို သတိရမိပါတယ်။ ကိုသိန်းတန် အသည်းခြောက်လို့ နေမကောင်းတော့ ကျွန်တော်ကြည့်ပေးရပါတယ်။ အဲဒီအချိန်မှာ ကိုသိန်းတန်က ဇာတ်ထောင်ထားပြီး တစ်နိုင်ငံလုံးလှည့်ပြီး ဇာတ်ကနေပါတယ်။ ဒါနဲ့ ကျွန်တော်က "ကိုသိန်းတန်. . . ခင်ဗျား နားဖို့ကောင်းပြီ၊ ဘာဖြစ်လို့ ဇာတ်ကနေတာတုံး"လို့ ပြောမိပါတယ်။

အဲဒီတော့ ကိုသိန်းတန် ပြန်ပြောတဲ့စကားဟာ မှတ်လောက်သားလောက်စရာပါပဲ။ ဘယ်လိုပြောတုံးဆိုတော့ "ဆရာရယ် ဗီဒီယိုအခွေတွေ၊ သီချင်းခွေသွင်းတာတွေရော အဆင်ပြေပါတယ်။ ဒါပေမယ့် ကျွန်တော် ဇာတ်ကနေရပါသေးတယ်။ ဘာလို့တုံးဆိုတော့ ဇာတ်ကို ဖျက်မယ်လို့စဉ်းစားလိုက်တိုင်း ငါဇာတ်ဖျက်လိုက်ရင် လိုက်ကာဆွဲတဲ့သူ ဘာလုပ်စားမလဲ၊ ပတ်မတီးတဲ့သူ၊ မင်းသမီး၊ လူရွှင်တော်တွေ ဘာလုပ်စားကြမလဲဆိုတဲ့ အတွေးတွေကြောင့် ကျွန်တော့်ဇာတ်ကို မဖျက်ရက်တာဆရာရဲ့"လို့ ပြောပါတယ်။

သူပြောတာကို ကျွန်တော် သဘောပေါက်နားလည်ခံစားမိပါတယ်။ ကျွန်တော် ရပ်တည်ရှင်သန်နေတာဟာလည်း ကျွန်တော့်ကိုမှီခိုနေတဲ့ ကျွန်တော့်ဝန်ထမ်းတွေအတွက်ပါ။ ဒါကြောင့် ခေါင်းတွဲကြီးကျွန်တော်လည်း မေ့ဆေးပေးပြီး ကမ္ဘာလောကကြီးကို ခေတ္တမေ့သွားပြီး သည်းခြေအိတ်ကို အောင်အောင်မြင်မြင်နဲ့ အပေါက်လေးဖောက်၊ အောင်အောင်မြင်မြင်နဲ့ ခွဲစိတ်ပြီး ကောင်းကောင်းမွန်မွန်၊ ကျန်းကျန်းမာမာ သတိရလာတော့ ဝန်ထမ်းတွေအတွက် တွေးမိပြီး စိတ်ထဲမှာ တော်တော်ကြီးကို စိတ်ချမ်းသာမိပါတော့တယ်။

(နောက်အပတ်မှာ ဆက်ရေးသွားပါမယ်)

အညာသီဟတောဘုရား အဝင်လမ်းတွင် ကတ္တရာနှင့် ကွန်ကရစ်ခင်း

ခင်ဦး ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်ရှိ အညာသီဟတောဘုရား အဝင်လမ်းတွင် ကတ္တရာနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်မှုဖြင့် ခင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အညာသီဟတောဘုရားအဝင်လမ်း အမှတ်(၃) ခရိုင်ချင်းဆက်လမ်းမှ အရှည်ပေ ၁၂၃၀၀၊ အကျယ် ၁၂ ပေကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ သီတတောဘုရားအဝင် ကုန်းဆင်းလမ်း အရှည် ပေ ၉၀၀၊ အကျယ် ၁၂ ပေကို ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း ခင်းကျင်းနေခြင်းဖြစ်ကာ လုပ်ငန်းများကို ဇန်နဝါရီ ၁၄ ရက်မှ စတင်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

သမိုင်းဝင် အညာသီဟတောဘုရားပွဲကို နှစ်စဉ် တပေါင်းလဆန်း ၁၀ ရက်မှ လပြည့်နေ့အထိ ကျင်းပမည်ဖြစ်ရာ ဘုရားပွဲအမီ လမ်းခင်းခြင်းလုပ်ငန်းအားလုံး ပြီးစီးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

ကမ်းပါးပြိုကျမှုကာကွယ်ရေးအတွက် တာဝန်ရှိသူများဆောင်ရွက်ပေးရန် ဒေသခံများဆန္ဒရှိနေ

ကျောက်တံခါး ဖေဖော်ဝါရီ ၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်စရစ်ကျေးရွာ၌ နှစ်စဉ် မိုးဦးကာလရောက်တိုင်း ကမ်းပါးပြိုကျခြင်းကြောင့် နေအိမ်များ ရွှေ့ပြောင်းနေခဲ့ရသည်မှာ ၁၅ အိမ်ခန့်ရှိပြီဖြစ်၍ ကမ်းပါးပြိုကျမှု မရှိစေရေးအတွက် တာဝန်ရှိသူများက လိုအပ်သလို ဆောင်ရွက်ပေးကြရန် ဒေသခံပြည်သူများ ဆန္ဒရှိနေကြသည်။

"ကျွန်တော်တို့ ကျောက်စရစ်ရွာဟာ ရှေးဘုရင်မင်းများ နန်းထိုင်ခဲ့တဲ့နေရာလေးပါ။ အခုအချိန်အထိ နန်းမြို့ရိုးဟောင်းတွေ၊ ရေတွင်း ရေကန်ပျက်တွေရှိပြီး ရှေးဟောင်းစေတီဘုရားနဲ့ ဇရပ်များလည်း ရှိပါတယ်။ အချို့က ကမ်းပါးပြိုကျမှုကြောင့် ပျက်စီးခဲ့ရပါတယ်။ အခုလည်း ကမ်းပါးအနီးမှာနေထိုင်တဲ့ အိမ်ခြေပေါင်း ၁၃ အိမ်ခန့် ကမ်းပါးပြိုကျမယ့် အန္တရာယ်ကျရောက်နေပါတယ်။ ကျန်ရှိတဲ့ ဘုရားစေတီ ဇရပ်တွေလည်း ထိခိုက်နေရပါတယ်။ ကျွန်တော်တို့ ကျေးရွာအုပ်စုထဲက လက်ခံကျေးရွာဆိုရင်လည်း စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုအန္တရာယ်ကို နှစ်စဉ်ကြုံတွေ့နေရပါတယ်။ ဒါကြောင့် တာဝန်ရှိသူတွေက လာရောက်ကြည့်ရှုပြီး ကျွန်တော်တို့ ကျေးရွာနေပြည်သူတွေ ကမ်းပါးပြိုကျတဲ့အန္တရာယ်က ကင်းဝေးအောင် ကူညီဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ကျောက်စရစ်ကျေးရွာနေ ဦးသောင်းညွန့်က ပြောသည်။

လက်ခံကျေးရွာအုပ်စုသည် ကျောက်တံခါးမြို့၏ အရှေ့ဘက်လေးမိုင်ခန့်အကွာ စစ်တောင်းမြစ်ကမ်းဘေးတွင်တည်ရှိပြီး အိမ်ထောင်စုပေါင်း ၈၀ ကျော်၊ လူဦးရေ ၅၀၀ ကျော်ရှိကြောင်း၊ နှစ်စဉ် မြစ်ကမ်းပါး ပြိုကျမှုကြောင့် ကမ်းပါးတွင်နေသူများအနေဖြင့် နေအိမ်များကို ရွှေ့ပြောင်းနေရကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

ယာယီစစ်ရှောင်စခန်းနေပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

မိုးမောက် ဖေဖော်ဝါရီ ၄

မိုးမောက်မြို့နယ်ရှိ မံပုံ RC ယာယီစစ်ရှောင်စခန်း၌ ရောက်ရှိနေထိုင်နေကြသော ပြည်သူများအား အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့ငွေများကို ဖေဖော်ဝါရီ ၁ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အသက်မွေးဝမ်းကျောင်းဆိုင်ရာစီမံချက် (Live Hood Project)အရ အသေးစားစီးပွားရေးလုပ်ငန်းများအတွက် စည်းကမ်းသတ်မှတ်ချက်ဖြင့် ငွေသားထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီတွဲဖက်အတွင်းရေးမှူး ဦးဂဲနက်စ်က ထောက်ပံ့ငွေပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း(ရန်ကုန်)မှ အချိန်ပြည့်အမှုဆောင် ပါမောက္ခ ဒေါက်တာမြသူက အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်မည့်သူများအား ဝင်ငွေ၊ ထွက်ငွေ၊ အမြတ်အစွန်းရရှိမှုများကို သိရှိစေရန်အတွက် စာရင်းရေးသွင်းပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့် အိမ်ထောင်စု ၃၉ စုအတွက် တစ်စုလျှင် ကျပ်နှစ်သိန်းခွဲစီ၊ ကုန်စိမ်းဆိုင်ဖွင့်မည့် အိမ်ထောင်စု တစ်စုအတွက် ကျပ် ၂၄၀၀၀၀ နှင့် မော်တော်ဆိုင်ကယ် ဖြုပြင်ဆိုင်ဖွင့်မည့် အိမ်ထောင်စုတစ်စုအတွက် ကျပ် ၁၆၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

မင်းရာဇာ(မြစ်ကြီးနား)

တရုတ်ပြည်နယ်စပ်၌ မြန်မာနိုင်ငံမှ အိမ်မွေးကြက်များဈေးကောင်းရနေ

နောင်ချို ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံမှ အိမ်မွေးကြက်များကို တရုတ်ပြည်နယ်စပ်မြို့တို့တွင် ဈေးကောင်းရသဖြင့် မန္တလေးမှ ခရီးသည်ယာဉ်ငယ်များဖြင့် တစ်နေ့လျှင် ငါးစီးမှ ၁၀ စီးအထိတင်ပို့ကြသည်။ အိမ်မွေးကြက်များကို တရုတ်နယ်စပ်မြို့ စားပွဲရုံ၊ စားသောက်ဆိုင်ကြီးများ၌ အထူးဟင်းလျာအဖြစ် ရောင်းချစားသုံးကြသည်။

အိမ်မွေးကြက်တစ်ကောင်လျှင်ငွေကျပ် တစ်သောင်းမှ တစ်သောင်းခွဲအထိ ဝယ်ယူကြသည်။ အိမ်မွေးကြက်အနက်ရောင်ကို အထူးနှစ်သက်စွာဝယ်ယူလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

မောချောင်းရေတင်၍ မြေပဲစိုက်ပျိုးရန် ပြင်ဆင်နေ

ထီးလင်း ဖေဖော်ဝါရီ ၄

ထီးလင်းမြို့နယ်အတွင်းရှိ တောရောင်းနှင့် ထန်းပင်းကုန်းကျေးရွာများမှ တောင်သူများအနေဖြင့် မိုးကြိုမြေပဲစိုက်ပျိုးရန်အတွက် မောချောင်းရေကို ရေစုပ်စက်ဖြင့်တင်ကာ ထွန်ယက်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

မောချောင်းသည် ထီးလင်းမြို့နယ်အတွင်းမှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အားထားရသောချောင်းဖြစ်ရာ ရပ်မကွင်းနှင့် တလင်းကွင်းတို့မှ တောင်သူများမှာ ချောင်းရေကို သစ်တက်ဆည် (သစ်သားဖြင့်ပြုလုပ်ထားသော ရေတားတမံ)ဖြင့်တား၍ နွေစပါးစိုက်ပျိုးရန် ပြင်ဆင်နေကြကြောင်း၊ သစ်တက်ဆည် မလုပ်နိုင်သည့် တောရောင်းနှင့် ထန်းပင်ကုန်းကျေးရွာများမှ တောင်သူများမှာ ရေစုပ်စက်ဖြင့်ရေတင်၍ မိုးကြိုမြေပဲ စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မြေပဲပေါ်ချိန်တွင် မြေပဲဈေးကောင်းပြီး တစ်တင်းလျှင် ကျပ် တစ်သောင်းခန့် ရရှိနေသဖြင့် တောရောင်းနှင့် ထန်းပင်းကုန်းကျေးရွာများမှ တောင်သူများအနေဖြင့် မြေပဲများ ထပ်မံစိုက်ပျိုးရန် ပြင်ဆင်နေကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အိမ်မွေးခွေးများအား ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

ကျိုင်းတုံ ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ပေါ်ရပ်ကွက်များရှိ အိမ်မွေးခွေးများအား ခွေးရူးရောဂါကာကွယ်ဆေးများကို ကျိုင်းတုံခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂ ရက်မှစ၍ အခမဲ့ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကျိုင်းတုံခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွေးကိုကိုနှင့် တိရစ္ဆာန်ဆေးကုဆရာဝန်များက ကာကွယ်ဆေးများ ထိုးနှံပေးနေခြင်းဖြစ်သည်။ ခွေးရူးရောဂါသည် ကူးစက်တတ်သော Rabies ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသောရောဂါဖြစ်ပြီး ကြောက်စရာကောင်းသည့် သတိပြုရမည်ဖြစ်သော ရောဂါမျိုးဖြစ်ကြောင်း တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးက ပြောသည်။

ကျိုင်းတုံမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အိမ်မွေးခွေး ၃၅၀ ကို ခွေးရူးရောဂါကာကွယ်ဆေးများ ထိုးနှံပေးပြီးသည့်အပြင် ကျွဲနွားများတွင်ဖြစ်တတ်သည့် ရောဂါများအတွက်လည်း ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ လည်ချောင်းကွဲရောဂါကာကွယ်ဆေးကို ကျွဲနွားကောင်ရေ ၁၈၁၀၀၊ ပေါင်ပုပ် လက်ပုပ်ရောဂါ ကာကွယ်ဆေးကို ကျွဲနွားကောင်ရေ ၁၂၀၀ နှင့် ထောင့်တန်းရောဂါကာကွယ်ဆေးကို ကျွဲနွားကောင်ရေ ၅၃၀၀ ကို ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။ **မောင်မောင်နိုင်(ကျိုင်းတုံ)**

ကမ္ဘာ့ရေတိမ်ဒေသနေ့အကြောင်း အသိပညာပေး ဟောပြော

မချမ်းဘော ဖေဖော်ဝါရီ ၄

ကချင်ပြည်နယ် မချမ်းဘောမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကမ္ဘာ့ရေတိမ်ဒေသနေ့အကြောင်း အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပသည်။

ဟောပြောပွဲကို သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နှင့် မြန်မာနိုင်ငံသားငှက်ထိန်းသိမ်းရေးအဖွဲ့နှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂ ရက်တွင် ကျရောက်ခဲ့သော ကမ္ဘာ့ရေတိမ်ဒေသနေ့ အထိမ်းအမှတ်အဖြစ် ဟောပြောခဲ့ခြင်းဖြစ်သည်။

ဟောပြောပွဲတွင် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းက ကမ္ဘာ့ရေတိမ်ဒေသများနေ့နှင့် ရေတိမ်ဒေသများ ထိန်းသိမ်းရေးကိုလည်းကောင်း၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ ဦးနိုင်လင်းက ဂေဟဗေဒ၏ လူသားများအတွက် ဝန်ဆောင်မှုအကြောင်း၊ တောရိုင်းတိရစ္ဆာန်များ၏ လူသားများအပေါ် တိုက်ရိုက်(သို့)သွယ်ဝိုက် အကျိုးပြုနေပုံ၊ ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန်၊ သုတေသနနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်အကြောင်းရင်းများ စသည်တို့ကိုလည်းကောင်း ဟောပြောခဲ့ကာ ကမ္ဘာ့ရေတိမ်ဒေသနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ရေပျော်ငှက်နှင့် ငါးမျိုးစိတ်များအားလုံးအတွက် နေရင်းဒေသများဖြစ်သော ရေတိမ်ဒေသများကို ကာကွယ်ရန်၊ ရေတိမ်ဒေသများ ပျက်စီးပျောက်ကွယ်မှု လျော့ပါးစေရေးတွင် ပြည်သူလူထုနှင့် လူငယ်လူရွယ်များ တက်ကြွစွာပူးပေါင်း ပါဝင်လာစေရန်ရည်ရွယ်၍ ဟောပြောပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရေတိမ်ဒေသများရှိသောကြောင့် ရေကိုအလွယ်တကူအသုံးချနိုင်ခြင်း၊ ရေစီးနှုန်းကို ထိန်းနိုင်ခြင်း၊ သဘာဝဘေးဒဏ် ကာကွယ်နိုင်ခြင်း၊ အနည်ကျမှုကို လျော့နည်းစေခြင်း၊ အာဟာရဓာတ်ထိန်းချုပ်နိုင်ခြင်း၊ အဆိပ်အတောက်ဖယ်ရှားခြင်း၊ စွမ်းအင်ထုတ်လုပ်ခြင်း၊ ရေထွက်ပစ္စည်းထုတ်လုပ်နိုင်ခြင်း၊ အပန်းဖြေအနားယူခြင်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်း စသည် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

ဇုန်ကန်(ပြန်/ဆက်)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား လူထုထောက်ခံပွဲကျင်းပ

မိုင်းဆတ် ဖေဖော်ဝါရီ ၄

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အောင်မြင်စွာကျင်းပပြီးစီးခြင်း လူထုထောက်ခံကြိုဆိုပွဲကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ဖေဖော်ဝါရီ ၂ ရက်က ကျင်းပခဲ့သည်။

ထောက်ခံပွဲတွင် ဌာနဆိုင်ရာများ၊ ရှမ်း၊ အာခါ၊ လားဟူတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုကော်မတီဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ ပြည်သူများ စုစုပေါင်းလူဦးရေ ၁၈၀၀ ကျော် တက်ရောက်ပြီး အထကကျောင်းလမ်းဆုံမှ အနော်ရထာလမ်း၊ ဗိုလ်ချုပ်လမ်းနှင့် ဘုရင့်နောင်လမ်းမအတိုင်း အောင်ဇေယျဘက်စုံအားကစားကွင်းသို့ ချီတက်ကြသည်။

ထို့နောက် ဦးစိုင်းတူးက သဘာပတိအဖြစ်ဆောင်ရွက်၍ အမှာစကားပြောကြားပြီး လားဟူတိုင်းရင်းသား ဦးရှာမွေလုက ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အောင်မြင်စွာကျင်းပပြီးစီးခြင်းအပေါ် ထောက်ခံသည့် အဆိုကို တင်သွင်း၍ အာခါစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ဦးထွန်းထွန်းဝင်းက ထောက်ခံကြိုဆိုကြောင်း ဆွေးနွေးပြောကြားပြီး အခမ်းအနားတက်ရောက်လာသူများကလည်း တစ်ခဲနက်ထောက်ခံခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိပညာပေး ဟောပြော

ရမည်းသင်း ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ရမည်းသင်းခရိုင်)က ကြီးမှူး၍ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိပညာပေးဟောပြောပွဲကို ရမည်းသင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်က မြို့နယ်အတွင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဖွဲ့စည်းဆောင်ရွက်မှုနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မူးယစ်ဆေးဝါးကို လက်တည့်စမ်းသုံးစွဲခြင်း လုံးဝမပြုလုပ်ရန်တို့ကို အမှာစကားပြောကြားသည်။

ထို့နောက် ရမည်းသင်းမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ တာဝန်ရှိသူများက မူးယစ်ဆေးဝါးရာဇဝင်များ၊ လူငယ်များအနေဖြင့် အပေါင်းအသင်းများမှတစ်ဆင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ မူခင်းအသိပညာပေး အိုင်တီနည်းပညာ စသည့် အကြောင်းအရာများကို ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိကျော်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး ဟောပြောပွဲတွင် ရမည်းသင်းမြို့ အမှတ်(၉၇) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးအောင်ဇော်မင်းကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(၀၁၁)**

သတင်းတိုများ

လူထုကျန်းမာရေးလုပ်သားသင်တန်းဆင်းပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မြို့နယ်ကျန်းမာရေးဌာနဖွင့်လှစ်ခဲ့သည့် လူထုကျန်းမာရေးလုပ်သားသင်တန်းဆင်းပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ခေတ္တအုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများအား ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို သင်တန်းကာလတစ်လကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး ကျေးရွာအသီးသီးမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများတည်ဆောက်နေ

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပွေတောက်ကျေးရွာ၌ ဓာတ်အားအပြည့်အဝရရှိအသုံးပြုနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရ၏ ၂၀၁၅-၂၀၁၆ ရန်ပုံငွေဖြင့် ၂၀၀ ကေဗွီအေ ခွဲရုံတစ်ရုံ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၀ ဒသမ ၇ မိုင်ကို ရေလည်ကျွန်းကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။ မိုင်းပွန်မြို့ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် လုပ်ငန်းများကိုလည်း မိုင်းပွန်လျှပ်စစ်ရုံးမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ ဝမ်ပွေ ရပ်ကွက်အတွင်းရှိ ဆွေးမြည့်သစ်သားဓာတ်တိုင် ၂၅ တိုင်ကို ကွန်ကရစ်ဓာတ်တိုင်သစ်များဖြင့် အစားထိုးလဲလှယ်လျက်ရှိကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေးဟောပြော

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် သုံးဆယ်မြို့ အရှေ့ဘိုကုန်းကျေးရွာ၌ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့ပြီး ဟောပြောပွဲတွင် သုံးဆယ်မြို့ လျှပ်စစ်အင်ဂျင်နီယာ ဦးအေးမင်းသန်းနှင့် ဝန်ထမ်းများက လျှပ်စစ်အသုံးပြုရာတွင် သတိပြုသင့်သောအချက်များကို ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။ **မြင့်နိုင်**

ပြန်/ဆက်ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းဖွင့်

တောင်ငူခရိုင်အတွင်း မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်မားရေးဆင့်ပွားသင်တန်းကို တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၁ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်ကာ သင်တန်းတွင် ရုံးစာရေးသားနည်းနှင့် စီမံခန့်ခွဲမှု၊ ပြည်သူ့ဆက်ဆံရေး၊ ပြည်သူ့စာကြည့်တိုက်များ စီမံခန့်ခွဲရေး၊ ငွေစာရင်းထိန်းသိမ်းနည်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများ စသည့် ဘာသာရပ်များကို ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများက စာတွေ့လက်တွေ့ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

မောင်ရွှေဝင်း (ပြည်)

ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအား ရှေးဦးသူနာပြုစုနည်းသင်ကြားပို့ချ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးရုံး၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား ယာဉ်မတော်တဆဖြစ်ပွားချိန်တွင် အရေးပေါ်ရှေးဦးပြုစုနည်းသင်တန်းကို ဇန်နဝါရီလနောက်ဆုံးပတ်က ဖွင့်လှစ်ခဲ့ပြီး မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဒုတပ်ရင်းမှူး ဒေါ်မြတ်မြတ်စိုး ဦးဆောင်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက အခြေခံရှေးဦးပြုစုနည်းများကို သင်တန်းကာလ သုံးရက်ကြာပို့ချခဲ့ရာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သိန်းသန်း(ကျောက်မဲ)**

လပွတ္တာမြို့နယ်အတွင်း မီးလောင်မှုများဖြစ်ပွားပါက မီးသတ်ယာဉ်များ ရေအလွယ်တကူရရှိအသုံးပြုနိုင်ရန်အတွက် မြို့ပေါ်ရပ်ကွက်များရှိ မီးသတ်အုတ်ရေလှောင်ကန်များ၌ ရေကန်သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေဖြည့်တင်းခြင်းများကို လပွတ္တာခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်မျိုးမြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၃၁ ရက်က လိုက်လံဆောင်ရွက်နေစဉ်။

ဝင်းကျော်မြင့်(လပွတ္တာ)

ဥယျာဉ်ခြံစိုက်ပျိုးခြင်းဖြင့် တစ်နှစ် ကျပ်သိန်းတစ်ရာကျော် ဝင်ငွေရရှိ

မုဒုံ ဖေဖော်ဝါရီ ၄

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ်အတွင်း အကျယ်လေးဧကခန့် ဥယျာဉ်ခြံ စိုက်ပျိုးသူများအနေဖြင့် သီးနှံစတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းရောင်းချပြီးချိန်အထိ စာရင်းချုပ်ပါက တစ်နှစ်လျှင် ဝင်ငွေကျပ်သိန်းတစ်ရာကျော်အထိ ရရှိသောကြောင့် အဆင်ပြေလျက်ရှိကြောင်း ဥယျာဉ်ခြံစိုက်ပျိုးနေသူများထံမှ သိရသည်။

"ဥယျာဉ်ခြံ လေးဧကတွင် ဒူးရင်းပင် ၂၀၀ ကျော်ကို စိုက်ပျိုးခဲ့သူ ဦးမြင့်စိုးက ဒူးရင်းသီးထွက်ချိန်မှာ မွန်ပြည်နယ်အတွင်း၊ ရန်ကုန်နဲ့ မန္တလေးမြို့တွေကို တင်ပို့ရောင်းချပါတယ်။ တစ်နှစ် အသီးထွက် တစ်ရာသီဈေးပြီး ရောင်းချလိုက်ရင် အသားတင်အမြတ်ငွေ သိန်း ၁၀၀ ကျော် ကျန်ပါတယ်"ဟု ပြောသည်။

ဥယျာဉ်ခြံများ စိုက်ပျိုးရာတွင် ဆည်ရေဖြင့် စိုက်ပျိုးကြပြီး ပျိုးပင်များကို စိုက်ပျိုးရေးပညာရှင်များက စနစ်တကျ မျိုးခွဲပေးထားသော ကန်ကလေးဥယျာဉ်ခြံနှင့် အဇင်းစိုက်ပျိုးရေးဥယျာဉ်ခြံများမှ ဝယ်ယူကြကာ ဒူးရင်း၊ ကြက်မောက်၊ ကျွဲကော၊ မင်းကွတ်၊ သရက်နှင့် အခြားသီးနှံများကို စိုက်ပျိုးကြကြောင်း သိရသည်။

ကျွဲကောစိုက်ပျိုးသည့် ခြံရှင်တစ်ဦးဖြစ်သူ ဦးချစ်ညွန့်ကလည်း "ကျွန်တော်က ကျွဲကောသီးကို မျိုးသန့်ပြီး အဝယ်လိုက်တဲ့ သကြားသီးနဲ့ ပန်းရောင်သီးမျိုးတွေ စိုက်ခဲ့ပါတယ်။ အခုဆိုရင် အပင်တွေက အရွယ်ကောင်းတုန်းဆိုတော့ အသီးလည်း အထွက်ကောင်းပါတယ်။ ကုန်ကျစရိတ်တွေ နုတ်လိုက်ရင် တစ်နှစ်မှာ သိန်းတစ်ရာကျော်ဝင်ငွေရှိပါတယ်"ဟု ပြောသည်။

မုဒုံမြို့နယ်အတွင်း ကျေးရွာများတွင် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြရာ၌ ရာသီဥတုပြောင်းလဲကာ မိုးရွာသွန်းမှုနည်းပါးခဲ့ခြင်းကြောင့် တွင်းရေကို စက်ဖြင့်စုပ်ယူကာ စိုက်ပျိုးနေကြရသော်လည်း ဥယျာဉ်ခြံ စိုက်ပျိုးသူများမှာမူ အဇင်းဆည်ရေဖြင့် စိုက်ပျိုးရသဖြင့် သီးနှံမပျက်စီးဘဲ ဈေးကွက်ဝင်ပြီး ဈေးကောင်းရသဖြင့် အဆင်ပြေကြကြောင်း သိရသည်။

အဇင်းဆည်ရေသောက်ဧရိယာမှ လေးဧက ဥယျာဉ်ခြံရှင်များအနေဖြင့် ခြံတစ်ခြံတွင် အလုပ်သမားငါးဦးခန့်ကို နေ့စဉ်အလုပ်ပေးထားနိုင်သောကြောင့် ဒေသခံအလုပ်သမားများအနေဖြင့်လည်း နေ့စဉ်အလုပ်ရကာ မိသားစုစားဝတ်နေရေးလည်း အဆင်ပြေသလို ခြံရှင်များအတွက်လည်း အကျိုးစီးပွားဖြစ်ထွန်းကြောင်း သိရသည်။

မောင်မောင်(မုဒုံ)

ဈေးကြီးများ၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၄

မော်လမြိုင်ကျွန်းမြို့နယ် မီးသတ်စခန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မော်လမြိုင်ကျွန်းမြို့မဈေးကြီး၌ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများကို ဖေဖော်ဝါရီ ၂ ရက်က ပြုလုပ်ခဲ့သည်။

မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ရာတွင် မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးဝင်းဌေးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ ပူးပေါင်းအင်အား ၅၀ ကျော်က မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် မီးငြိမ်းသတ်မှုများကို လက်တွေ့လေ့ကျင့် ပြုလုပ်ခဲ့သည်။ ထို့နောက် မြို့နယ်မီးသတ်စခန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများက မြို့မဈေးမှ ဈေးသည်ဈေးသားများအား မီးလောင်မှုမဖြစ်ပွားစေရေးအတွက် ကြိုတင်သတိပြု ကာကွယ်ဆောင်ရွက်ထားရမည့် အချက်များကိုလည်းကောင်း၊ မီးလောင်မှုဖြစ်ပွားပါက အရေးပေါ်မီးငြိမ်းသတ်နည်းများကိုလည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

မီးငြိမ်းသတ်မှု လက်တွေ့လေ့ကျင့်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသိန်းနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

မော်ကျွန်းမြင့်အောင်

ပွင့်ဖြူ ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့မဈေးကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းများကို ဖေဖော်ဝါရီ ၂ ရက်က ဆောင်ရွက်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးရှိန်းမင်းထက်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၇ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးက မီးသတ်ပိုက်ဖြင့် ရေဖျန်းမီးငြိမ်းသတ်ခြင်းကို မီးသတ်ကားနှင့် ရေသယ်ကား လေးစီးအသုံးပြု၍ လက်တွေ့သရုပ်ပြသခဲ့သည်။ ထို့နောက် မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ခြင်းကိုလည်း ဆက်လက်သရုပ်ပြခဲ့ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီအဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများအား လက်တွေ့ပါဝင်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

ခင်မောင်ဌေး(ပွင့်ဖြူ)

မိတ္ထီလာနှင့် သာစည်မြို့နယ်များတွင် ကြက်သွန်နီစိုက်ပျိုးမှု ပိုများလာ

မိတ္ထီလာ ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ ကြက်သွန်နီစိုက်ပျိုးသော တောင်သူအများစုအနေဖြင့် ယခုနှစ်တွင် ကြက်သွန်နီကို ယခင်နှစ်များထက် ပိုမိုစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ကြက်သွန်နီဈေးက တစ်ပိဿာကို ငါးထောင်၊ ခြောက်ထောင်အထိ ဖြစ်သွားခဲ့ဖူးတော့ ကြက်သွန်စိုက်ပျိုးထွက်ရှိတဲ့အချိန် ဈေးကောင်းများရမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ကြက်သွန်နီကို အားထားစိုက်ပျိုးလာတဲ့ တောင်သူအရေအတွက် တိုးလာတယ်။ အရင်နှစ်က ကြက်သွန်နီစိုက်ပျိုးသူတွေကလည်း ပိုမိုစိုက်ပျိုးလာပြီးတော့ ဒီနှစ်မှ ကြက်သွန်နီ စတင်စိုက်ပျိုးတဲ့သူတွေလည်းရှိတယ်"ဟု မိတ္ထီလာမြို့နယ် မင်းရွာကျေးရွာမှ ကြက်သွန်နီစိုက်တောင်သူတစ်ဦးက ပြောသည်။

မိတ္ထီလာမြို့နယ် မင်းရွာကျေးရွာမှ ကြက်သွန်နီစိုက်ခင်းများ။

သာစည်မြို့နယ်အတွင်းမှ ကြက်သွန်နီ နှစ်စဉ်စိုက်ပျိုးကြသည့် ကျေးရွာများဖြစ်သော ကူဖြူရွာနှင့် အနီးတစ်ဝိုက် ကျေးရွာများမှ ကြက်သွန်နီစိုက်တောင်သူများမှာလည်း ယခုနှစ်တွင် ကြက်သွန်နီစိုက်ပျိုးမှုကို ယခင်နှစ်များထက် ပိုမိုတိုးချဲ့၍စိုက်ပျိုးလာကြကြောင်း ဒေသခံ တောင်သူလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

ကူဖြူကျေးရွာမှ ကြက်သွန်နီ စိုက်ပျိုးသည့်တောင်သူတစ်ဦးက "မန်ကျည်းတန်၊ ဘူးရုံ၊ ကူဖြူနဲ့ အနီးအနားကျေးရွာမှာ နှစ်စဉ် ကြက်သွန်နီစိုက်ပျိုးတဲ့သူတွေ ရှိပါတယ်။ ဒီနှစ်တော့ ကြက်သွန်နီဈေးက မဖြစ်စဖူး တစ်ပိဿာ ၅၀၀၀ ကျပ်၊ ၆၀၀၀ ကျပ်အထိဖြစ်သွားတာမို့ ကြက်သွန်နီစိုက်တဲ့ တောင်သူတွေများလာတယ်။ ကြက်သွန်နီစိုက်ပျိုးတာက မြေအောက်ရေ စက်ရေတွင်းရေနဲ့ စိုက်ပျိုးတာမို့ စိုက်ပျိုးရေလည်း အခက်မတွေ့နိုင်တော့ သူ့သူ့ကိုယ်ကိုယ် စိုက်ပျိုးနိုင်တယ်။ ဒါကြောင့် တောင်သူတွေက ကြက်သွန်နီစိုက်ပျိုးတာကို ဒီရွာဘက်တွေမှာ ပိုပြီးတော့ အားထားလုပ်ကိုင်လာတာပါ"ဟု ပြောသည်။

လက်ရှိအချိန်တွင် မိတ္ထီလာမြို့ပေါ် ဈေးကွက်အတွင်း၌ ကြက်သွန်နီပေါက်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၇၀၀ မှ ၉၀၀ ခန့်အထိသာ ရှိနေသည်။ မိတ္ထီလာမြို့ပေါ်ဈေးကွက်၌ ရောင်းချနေသော ကြက်သွန်နီများတွင် မြို့နယ်အတွင်းရှိ ကြက်သွန်နီစိုက်ပျိုးသော ကျေးရွာများမှ ထွက်ရှိသည့် ကြက်သွန်နီများအပြင် မြင်းခြံ၊ မြစ်သား ဒေသများဘက်မှ ဝင်ရောက်သော ကြက်သွန်နီများလည်း ပါဝင်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ထောက်ခံပွဲကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင်တွင် ဒေသခံပြည်သူများ စုပေါင်း၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များ ဆက်လက်ပူးပေါင်းပါဝင်နိုင်ရန် ကြိုဆိုပွဲနှင့် ငြိမ်းချမ်းရေးညီလာခံအား ထောက်ခံပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပခဲ့သည်။

ထောက်ခံပွဲတွင် တောင်ကြီးမြို့ပေါ်ရပ်ကွက် ၂၂ ခုမှ ဒေသခံများ၊ ညောင်ရွှေမြို့၊ ဖယ်ခုံမြို့၊ ကလောမြို့၊ ရပ်စောက်မြို့များမှ တိုင်းရင်းသားပြည်သူများ စုစုပေါင်း အင်အား ၃၅၀၀ ကျော်ခန့် ပါဝင်ခဲ့ကြကာ တောင်ကြီးမြို့ပြည်နယ်အားကစားလေ့ကျင့်ရေးရုံ(ကျောက်တိုင်ကွင်း)၌ စုဝေးကြပြီး အထက(၄)ကျောင်းရှေ့၊ အထက (၃)ကျောင်းရှေ့၊ မြို့တော်ခန်းမရှေ့၊ မင်းကျောင်းကျောင်းနှင့် တောကျောင်းကြီးဘုရားကျောင်းတို့မှစတင်၍ စစ်ကြောင်းငါးကြောင်းဖြင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း အရှေ့မြို့ပတ်လမ်းအတိုင်း ချီတက်ကာ ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော် ထောက်ခံကြိုဆိုခဲ့သည်။

ထို့နောက် သဘာပတိအဖြစ် ဦးစိုင်းအောင်ဆာဆောင်ရွက်ကာ ငြိမ်းချမ်းရေးညီလာခံအား ထောက်ခံပွဲနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ရှမ်းတိုင်းရင်းသား ဦးစိုင်းနွတ်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ဂုဏ်ပြုထောက်ခံသည့် အဆိုတင်သွင်းကာ ပအိုဝ်းတိုင်းရင်းသား ဦးခွန်ထွန်းဖြူက ထောက်ခံဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသော ပြည်သူများကလည်း ထောက်ခံကြောင်း ဆန္ဒပြုခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

မင်္ဂလာဈေးဝင်းအတွင်းရှိ ဈေးများ၌ မီးဘေးလုံခြုံရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၄

ပြီးခဲ့သည့်လအတွင်းက မီးလောင်မှုဖြစ်ပွားခဲ့သော ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မင်္ဂလာဈေးဝင်းအတွင်းမှ ရွှေမင်္ဂလာဈေး၊ မင်္ဂလာမွန်ဈေးနှင့် မင်္ဂလာဈေးသစ်များတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုများကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသော်ဒါနှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ ၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့်အတူ အရှေ့ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးကိုကိုဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်လွင်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေး၊ ဈေးများဌာန လက်ထောက်ဌာနမှူး ဦးကျော်မြင့်နှင့် လျှပ်စစ်ဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ စစ်ဆေးခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့်အဖွဲ့သည် ဈေးများတွင် မီးဘေးကာကွယ်ရေးအတွက် မီးလောင်မှုဖြစ်ပွားပါက အလိုလျောက်မီးငြိမ်းသတ်သည့် ကိရိယာများ တပ်ဆင်ထားမှုနှင့် လက်တွေ့အသုံးချနိုင်မှု အခြေအနေ၊ တပ်ဆင်ထားသော ရေပိုက်လိုင်းများနှင့် မြေအောက်ရေပိုက်များ၊ ရေဂုတ်များကို လက်တွေ့အသုံးချနိုင်မှုအခြေအနေ၊ လျှပ်စစ်မီးများ သွယ်တန်းထားမှု စနစ်ကျမှု ရှိမရှိ၊ ရောင်းကုန်ပစ္စည်းများကို စနစ်တကျထားသိုခြင်း ရှိ မရှိကိုကို တကျွာအလိုက် စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို အကြံပြုညွှန်ကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ကားသုံးစီးဖြင့် မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြခဲ့သည်။

ပွင့်လင်းရာသီသို့ ရောက်ရှိလာသည်နှင့်အညီ ဈေးများအတွင်း၌လည်းကောင်း၊ ရပ်ကွက်များတွင်လည်းကောင်း မီးလောင်မှု၊ မီးလန့်မှုများ မကြာခဏ ရှိလာခဲ့ရာ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်စစ်ဆေးမှုများကို ဈေးကြီးများတွင် လိုက်လံဆောင်ရွက်နေသလို ပြည်သူများနှင့် ပူးပေါင်း၍ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းများ၊ မီးဘေးအန္တရာယ် ကာကွယ်ရေး ပညာပေးဟောပြောမှုများကို အဆက်မပြတ် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကိုကြီးတင်

ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးနှင့် မြို့နယ်ကြက်ခြေနီ အသင်းခွဲရုံးဖွင့်လှစ်

ဗန်းမော် ဖေဖော်ဝါရီ ၄

ဗန်းမော်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးနှင့် ဗန်းမော်မြို့နယ် ကြက်ခြေနီအသင်းခွဲရုံး ဖွင့်ပွဲနှင့် ရုံးအဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲကို ဗန်းမော်မြို့ ရွှေပြည်သာရပ်ကွက်ရှိ အဆိုပါရုံးဝင်းအတွင်း၌ ဖေဖော်ဝါရီ ၁ ရက်က ကျင်းပခဲ့သည်။

ရုံးဖွင့်ပွဲတွင် ဗန်းမော်ခရိုင်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသက်အောင်၊ ဒေါက်တာမြသူနှင့် ICRC မှ မြစ်ကြီးနားရုံးခွဲတာဝန်ခံ Mr. Xabier တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝင်းမြင့်အောင်က အမှာစကားပြောကြားကာ ဒေါက်တာမြသူက အဆောက်အအုံရရှိရန် ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် Mr.Xabier က အဆောက်အအုံ လှူဒါန်းခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဂဲနက်စ်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးနှင့် ဗန်းမော်မြို့နယ် ကြက်ခြေနီအသင်းခွဲရုံး အဆောက်အအုံသစ်သည် အလျား ပေ ၄၀၊ အနံ ပေ ၃၀ရှိ RC တစ်ထပ်အဆောက်အအုံဖြစ်ပြီး ICRC အဖွဲ့၏ ငွေကျပ် သိန်း ၈၅၀ ထောက်ပံ့မှုဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းမင်း(မြစ်ကြီးနား)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချိုရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေဘို၊ မြေကွက်/ဦးပိုင်အမှတ် (၃)၊ ဧရိယာ ၀.၁၁၁၁ဧကရှိ ဦးမြင့်ဝင်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်နီလာလွင် ၉/ပမန(နိုင်) ၁၇၂၉၅၇(ဘ)ဦးအေးလွင်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆/မီးရထား၊ မြေကွက်/ဦးပိုင်အမှတ် (၅၀ᴮ)၊ ဧရိယာ၀.၁၁၁၀ဧကရှိ ဦးတင်မောင်(ပါ)၂ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ရွှေရွှေလှိုင်(ပါ)၂ ၉/ပမန(နိုင်)၀၁၇၁၇၆ (ဘ)ဦးတင်မောင်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/၂၊ မြေကွက်အမှတ် ၁၆၆၊ မြေကွက်တည်နေရာအမှတ်အမှတ် ၁၆၆၊ ၁၃လမ်း၊ ၁-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်ရင်ရင် အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက်မိခင် ဒေါ်ရှုဟုန်(ခ)ဒေါ်ရင်ရင်မှာ ၃၀-၉-၂၀၁၅ရက်တွင်လည်းကောင်း၊ ဖခင် ဦးဟုတ်ကျန်(ခ)လောင်ဟူရန်မှာ ၁၁-၁၂-၂၀၀၄ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် ၎င်း၏သားသမီးများဖြစ်ကြသည့် ဦးတက်ဝင်း ၁၄/ပသန (နိုင်)၁၄၉၆၇၏ G/P (၁၂၇၇၇/၂၀၁၅) (၁၄-၁၂-၂၀၁၅)ရရှိသူ ဒေါ်ချိုချိုအေး ၁၂/လမတ (နိုင်)၀၁၄၃၅၉၊ ဒေါ်နုနုတင် ၁၂/လသန(နိုင်)၀၁၈၄၇၆၊ ဦးသက်လွင် ၁၄/ပသန(နိုင်)၁၄၉၃၆၄၊ ဦးသက်ထွန်း ၁၄/ပသန(နိုင်) ၁၄၉၄၅၉တို့မှ ဦးတက်ဝင်း၊ ဒေါ်နုနုတင်၊ ဦးသက်လွင်၊ ဦးသက်ထွန်းတို့မှာ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ G/P (အထွေထွေကိုယ်စားလှယ်လွှဲစာ)၊ G/P ပေးခြင်းအတွက် ရုပ်သိမ်းခြင်းမရှိကြောင်းနှင့် ပေးသူသက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာ၊ နှစ် ၆၀ ဂရန်၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ် စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/၂၊ မြေကွက်အမှတ် ၁၆၅၊ မြေကွက်တည်နေရာအမှတ် အမှတ် ၁၆၅၊ ၁၃လမ်း၊ ၁-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်ရင်ရင် အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက်မိခင် ဒေါ်ရှုဟုန်(ခ)ဒေါ်ရင်ရင်မှာ ၃၀-၉-၂၀၁၅ရက်တွင် လည်းကောင်း၊ ဖခင် ဦးဟုတ်ကျန်(ခ)လောင်ဟူရန်မှာ ၁၁-၁၂-၂၀၀၄ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် ၎င်း၏သားသမီးများဖြစ်ကြသည့် ဦးတက်ဝင်း ၁၄/ပသန(နိုင်)၁၄၉၆၇၏ G/P(၁၂၇၇၇/၂၀၁၅) (၁၄-၁၂-၂၀၁၅)ရရှိသူ ဒေါ်ချိုချိုအေး ၁၂/လမတ(နိုင်)၀၁၄၃၅၉၊ ဒေါ်နုနုတင် ၁၂/လသန(နိုင်)၀၁၈၄၇၆၊ ဦးသက်လွင် ၁၄/ပသန(နိုင်)၁၄၉၃၆၄၊ ဦးသက်ထွန်း ၁၄/ပသန(နိုင်)၁၄၉၄၅၉တို့မှ ဦးတက်ဝင်း၊ ဒေါ်နုနုတင်၊ ဦးသက်လွင်၊ ဦးသက်ထွန်းတို့မှာ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ G/P (အထွေထွေကိုယ်စားလှယ်လွှဲစာ)၊ G/P ပေးခြင်းအတွက် ရုပ်သိမ်းခြင်းမရှိကြောင်းနှင့် ပေးသူသက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာ၊ နှစ် ၆၀ ဂရန်၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/၂၊ မြေကွက်အမှတ် ၁၆၇၊ မြေကွက်တည်နေရာအမှတ် အမှတ် ၁၆၇၊ ၁၃လမ်း၊ ၁-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်ရင်ရင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်မိခင် ဒေါ်ရှုဟုန်(ခ)ဒေါ်ရင်ရင်မှာ ၃၀-၉-၂၀၁၅ရက်တွင်လည်းကောင်း၊ ဖခင် ဦးဟုတ်ကျန်(ခ)လောင်ဟူရန်မှာ ၁၁-၁၂-၂၀၀၄ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် ၎င်း၏သားသမီးများဖြစ်ကြသည့် ဦးတက်ဝင်း ၁၄/ပသန(နိုင်)၁၄၉၆၇၏ G/P(၁၂၇၇၇/၂၀၁၅) (၁၄-၁၂-၂၀၁၅)ရရှိသူ ဒေါ်ချိုချိုအေး ၁၂/လမတ(နိုင်)၀၁၄၃၅၉၊ ဒေါ်နုနုတင် ၁၂/လသန(နိုင်)၀၁၈၄၇၆၊ ဦးသက်လွင် ၁၄/ပသန(နိုင်)၁၄၉၃၆၄၊ ဦးသက်ထွန်း ၁၄/ပသန(နိုင်)၁၄၉၄၅၉တို့မှ ဦးတက်ဝင်း၊ ဒေါ်နုနုတင်၊ ဦးသက်လွင်၊ ဦးသက်ထွန်းတို့မှာ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ G/P (အထွေထွေကိုယ်စားလှယ် လွှဲစာ)၊ G/P ပေးခြင်းအတွက် ရုပ်သိမ်းခြင်းမရှိကြောင်းနှင့် ပေးသူသက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာ၊ နှစ် ၆၀ဂရန်၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
+ ရွှေကျောင်းသာ/ငွေဆောင်(နေ့စဉ်)
ဟိုတယ်/ဇရိတ်ပြီး စီစဉ်ပေးသည်။ ကားစီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

ဝန်ထမ်းအလိုရှိသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေလုပ်ငန်းရှင်များအသင်းတွင် ကွန်ပျူတာစာရင်းကိုင် (၁)ဦး လိုအပ်ပါသဖြင့် အောက်ပါအရည်အချင်းနှင့် ညီညွတ်သူများလျှောက်ထားနိုင်သည်။

(က) ကွန်ပျူတာကျွမ်းကျင်ရမည်။
(ခ) စာရင်းကိုင်ဘွဲ့တစ်ခုခုရရှိရမည်။
(ဂ) စာရင်းကိုင်သက်တမ်း(၃)နှစ်အထက်ရှိရမည်။
(ဃ) ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူတို့နှင့်အတူ လျှောက်ထားနိုင်ပါသည်။ အမှတ်(၄၂/၅၀)၊ ပထမထပ်၊ ရွှေဘုံသာလမ်း (အောက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၄၁၂၂၇ New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသူဟိန်း ၉/မလန(နိုင်)၁၂၉၂၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၈၇၁၂ Honda C90 Custom cap M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လင်း ၉/မနတ(နိုင်)၀၉၇၇၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကျေးဇူးဆပ်ပါမည်

ပိုးစာအောင်
တီရှပ်ပုံနှိပ်နည်းသင်တန်း
အခြေခံ(၆)ရက်
အဆင့်မြင့်(၆)ရက်
09 - 73172753 09 - 450 578020

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မော်လမြိုင်ခရိုင်တရားရုံးတော်
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၇၇

ဦးဖုန်းဝင်း နှင့် ဒေါ်စိုးစိုးသိန်း
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်နေရပ်လိပ်စာ) ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမကြီး၊ (ပ)ထပ်၊ အမှတ် (၃၆)နေ ဒေါ်စိုးစိုးသိန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မော်လမြိုင်မြို့၊ ဖေယျာမြိုင် တိုးချဲ့ရပ်ကွက်၊ ခရေလမ်း၊ မေ(၆၀×၆၀)၊ မြေကွက်အမှတ် (၂၅)သည် တရားလိုက "မြေကွက်သက်သက် လက်ရှိဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု" ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ပျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်မိလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်နှဲနှဲ)
ဒုတိယခရိုင်တရားသူကြီး(၁)
မော်လမြိုင်ခရိုင်တရားရုံး

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးဦး ၁၄/ပသန(နိုင်) ၁၇၇၁၄၂၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၁၈၂၇၀၀

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်စိုးဦး ၁၄/ပသန (နိုင်) ၀၇၇၃၃၁ ၏ Passport (NO-မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၁၈၂၇၀၀

ကန့်ကွက်နိုင်ပါသည်

မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ လယ်တီလမ်း၊ အကွက်အမှတ် (၂၆)၊ ဦးပိုင်အမှတ် (၉-က)၊ ဧရိယာ ဝ.ဒသမ၀၆၂ဧကအား ဒေါ်ခင်သန်းအမည်ဖြင့် မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဂရန်အမှုတွဲအမှတ် ၄၅၈၊ (၁၉၉၅-၉၆)အရ နှစ် ၃၀မြေငှားဂရန် ရရှိထားသောဂရန်စာချုပ် မူရင်းမှာပျောက်ဆုံးသွားပါသဖြင့် ဂရန်ပျောက်ဆုံးအမည်ပြောင်း လျှောက်ထားသွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်လာပြီး ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အမာစိန်
၅/မရန(နိုင်)၀၃၆၆၅၁
လယ်တီလမ်း၊ ဒေါနခြံရပ်၊ မုံရွာမြို့

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၁၀)၊ အိမ်အမှတ်(၃၈)နေ ဦးသန်းဌေး(ဘ) ဦးလှမောင် ၁၃/လရန(နိုင်) ၀၂၈၄၀၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးသန်းဌေး၏ ဇနီးဒေါ်ငွေခင်(ဘ)ဦးချစ်အောင် ၁၃/လရန (နိုင်) ၀၂၉၇၅၂သည် မိသားစုဝင်များ၏ အကျိုးစီးပွားကို ဖျက်ဆီး၍ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေရန်နည်းမျိုးစုံ ဒုက္ခပေးပြီး နေအိမ်မှဆင်းသွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ငွေခင်နှင့် ပတ်သက်သည်ဟု အကြောင်းပြ၍ ငွေရေးကြေးရေး၊ အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းများကို နေအိမ်မှထွက်ခွာသည့် ၂၄-၁-၂၀၁၆ ရက်မှစ၍ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းဌေး(ဘ) ဦးလှမောင်	ဒေါ်သက်သက်ဆွေ
၁၃/လရန(နိုင်)၀၂၈၄၀၀	LL.B,DBL,DIL,IP-Law,WIPO,GENEVA
	အထက်တန်းရှေ့နေ

အိမ်အမှတ်(၁၅၀/၃)၊ စကားဝါ ၆၂×၈၃လမ်းကြား၊ လမ်း ၃၀၊ ရာမနတ်စင်ဝင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၂၀၆၀၅၁၆၊ ၀၉-၇၉၂၅၄၄၀၈၇

အသိပေးကြော်ငြာခြင်း

၁။ မုဆယ်မြို့၊ ကောင်းမှုတော်ရပ်ကွက်၊ ရွှေပြည်သာကွက်သစ်၊ အကွက်အမှတ်(၁၄၈+၁၄၉)၊ ဧရိယာ ၀ဒသမ ၁၁၀ + ၀ဒသမ၁၁၀ ဧကစီရှိမြေနေရာတို့အား ဗိုလ်မှူးချုပ်လှမြင့် အမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ပါသည်။
၂။ အဆိုပါမြေပေးမိန့်ရရှိသူ၏ လက်ဝယ်တွင် မြေပေးမိန့်ပျောက်ဆုံးသွားပါသဖြင့် ဒုတိယမိတ္တူထုတ်ယူခွင့်ပြုနိုင်ရန် တင်ပြလာမှုအပေါ် ကန့်ကွက်လိုသည့်ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့်အထောက်အထားဖြင့် မုဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား ဒုတိယမိတ္တူထုတ်ပေးမည်ဖြစ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မုဆယ်မြို့
ဖုန်း-၀၈၂-၅၀၅၀၃၊၀၈၂-၅၀၆၉၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yan Kin Housing Project အိမ်ရာ၊ တိုက်အမှတ် (၄/၄)အခန်းမှတ် (၁၂)သည် ဦးထိန်လွင် အမည်ဖြင့်ရရှိသာ အခန်းဖြစ်ပါသည်။ အဆိုပါအခန်းကို ဦးဝင်းသော် ၁၂/ပဇန(နိုင်) ၀၀၉၆၉၉က စာချုပ်စာတမ်းများဖြင့် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသဖြင့် ဦးဝင်းသော်မှ တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲရန် လျှောက်ထားခြင်းအားကန့်ကွက်လိုပါက မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုး ရေးဦးစီးဌာန၊ မြေနှင့် အိမ်ရာဌာနခွဲ၊ အိမ်ရာ-၂သို့ ကြော်ငြာသည့်နေ့မှ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ-၂
မြေနှင့် အိမ်ရာဌာနခွဲ
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

ဓာရိုရွာ၊ စည်းကမ်း ပညာ တွင် ၆မြ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

ပညာနန်းတော်

အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း (မတ် ၂၈ ဖမည်)

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

မြေအမှတ် 118 A/B ကျွန်းချောင်းလမ်း၊ VIP-1 ရပ်ကွက်၊ ဒိုလဲရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577 605, 09 314 789 26

AIR KBZ
FLYING BEYOND EXPECTATIONS

"Vacancy Announcement"

AIR KBZ LTD is looking for the position of Sales Manager and Sales Executive for the Sales Department.

About Your Job:
In this role, the job holder is accountable for develop and implement of sales target and strategy. Have to build relationship with existing client while actively seeking out the new one. Ability to communicate effectively, design monitoring tools, foster team work, lead, plan, innovate and solve problems, mentor and coach staff, work under pressure and manage by results. Must have strong business acumens and be committed.

About You:
The candidate should be a graduate and experience in Hotel, Airline or Travel industry field with sales. Proficiency in (English and Myanmar) would be an added advantage. Computer Literate with Microsoft Office. Have to possess strong communication and outstanding interpersonal skills to interact with all levels within the organization. Ability to travel and to commence within short notice will be preferred. Must be flexible and ready to work for overtime/ location.

Interested candidates should send in full resume with a recent photo to hr@airkbz.com.mm or following address clearly indicating "HR Department" on the envelope.

Address – No.147, (5) Quarter, 8(½) Miles, Pyay Road, Mayan Gone Township, Yangon, Myanmar.

For enquiries, please contact at: +95 (01) 9670014 – 20.

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းကျေးရွာ၊ နယ်မြေ (၃)ရပ်ကွက်နေ (ဦးကြည်)-ဒေါ်ကျင်လှ ပိုင်ဆိုင်သော ရေဆင်းကျေးရွာ၊ နယ်မြေ (၁)ရပ်ကွက်ရှိ အရှေ့လားသော်လမ်း၊ အနောက်လားသော် ဦးစိုးမြင့်-ဒေါ်ဘုတ်ဆုံ၏နေအိမ်၊ တောင်လားသော် ဒေါ်သန်းအေး၏နေအိမ်၊ မြောက်လားသော် ဦးမောင်သန်း၏နေအိမ်တို့၏အလယ်လေးရပ်အတွင်းရှိ (၆၀×၈၀) ပေပတ်လည်ရှိ ဝိုင်းမြေအား ရောင်းချမည်ဖြစ်ပါ၍ ကြေညာသည့်ရက်မှရက်ပေါင်း ၃၀အတွင်း ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဇော်ဦး (စဉ်-၄၂၅၁၅)
အထက်တန်းရှေ့နေ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂(စက်မှု)၊ မြေကွက်အမှတ် (၁၂၄/က)၊ မြေကွက်တည်နေရာ ၁၂၄(က)၊ စက်မှု(၈)လမ်း၊ စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ဦးစိုးအောင် ၁၂/အလန(နိုင်)၀၃၅၇၈၀ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးစိုးအောင်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ဝေါင်ချောင်တင်(ခ)ဒေါ်တင်တင်မြင့် ၁၂/အလန(နိုင်)၀၃၅၇၈၁မှ ခင်ပွန်းသည် သေစာရင်းမိတ္တူ၊ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကြေညာခြင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ရွှေဂုံဘုရားလမ်း၊ အမှတ် ၃/၁၀၉ နေ "အောင်ရှင်လီ"ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ကိုယ်စားတာဝန်ရှိသူ ဒါရိုက်တာ ဦးမောင်မောင်မြင့်သူ(ဘ)ဦးမောင်မောင် ၅/မရန(နိုင်)၁၄၂၉၁၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

တာချီလိတ်မြို့ရှိ "အောင်ရှင်လီ"ကုမ္ပဏီသည် ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၄/၁၁၆(က)တွင် ရုံးခန်းဖွင့်လှစ်၍ သတ္တုတွင်းလုပ်ငန်းများအား တရားဝင်လုပ်ကိုင်ဆောင်ရွက်နေသည့် ကုမ္ပဏီဖြစ်ပါသည်။ ယင်းအပြင် ရှမ်းပြည်နယ်အရှေ့ပိုင်း သတ္တုလုပ်ငန်းရှင်များအသင်းဝင်အမှတ် ၀၇၃ ဖြင့် အသင်းဝင်ကုမ္ပဏီတစ်ခုလည်း ဖြစ်ပါသည်။ ယခုအခါတွင် ကျွန်ုပ်အမှုသည်၏ ကုမ္ပဏီနှင့်လုပ်ငန်းအရပ်ရပ်တို့အပေါ် အချို့သောသူများသည် အသရေဖျက်အောင် ပြောဆိုဆောင်ရွက်လုပ်ကိုင်နေမှုများ ပေါ်ပေါက်နေပါသည်။ ယခုသတင်းစာပါ ကြော်ငြာသည့်ရက်မှစ၍ အသရေဖျက်အောင် ပြောဆိုပြုလုပ်ခြင်းများကို မပြုလုပ်ကြရန် အထူးသတိပေးကြေညာအပ်ပါသည်။ အကယ်၍ အသရေဖျက်အောင် ဆက်လက်ပြုလုပ်နေပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြုလုပ်နေသူများအား သိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန်းသန်းရီ ဒေါ်သူဇာမိုး
စဉ်-၄၁၄၂၃ စဉ်-၄၀၂၄၇
အထက်တန်းရှေ့နေများ
အောင်ပါဠဥပဒေအကျိုးဆောင်အဖွဲ့
တာချီလိတ်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်ဒ-၃၁၉၃၈၊ ဧရိယာ ဝဒသမ ၁၄၈ကေရှိ ဦးတင်ဝင်းလှိုင် အမည်ပေါက်အငှားဂရန်မြေကွက်အား ဦးဖြိုးအောင် ၉/ပမန(နိုင်)၁၇၉၀၂၆ (ဘ) ဦးသိန်းရွှေမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိ၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၂၁၁၂)၊ ဧရိယာ ဝဒသမဝ၁၀ကေ၊ ဦးဇိုလ်စိုး အမည်ပေါက်နှစ် ၃၀အငှားဂရန် မြေကွက်အား၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၁၆၂/၂၀၁၅ (၁၅-၁၂-၂၀၁၅)တင်ပြ၍ ဦးစုန်းဘောမ် ၁/မကန(နိုင်)၁၅၁၅၉၇ (ဘ) ဦးရိန်းစုန်းမှ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊(၁၄/ခ)ရပ်ကွက်၊ ပုဂံလမ်းတွင်နေထိုင်သူ ဦးသန်းမောင် ၁၂/ဥကမ(နိုင်)၀၆၆၉၁၁ သည် ၂၆-၁၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ဦးသန်းမောင် မကွယ်လွန်မီ ကမ္ဘောဇဘဏ် မြောက်ဥက္ကလာပမြို့နယ်ဘဏ်ခွဲတွင် အပ်နှံထားခဲ့သော ငွေကျပ်သိန်း ၅၈၁၁၄၀၉၀.၈၅ ကျပ်ကို ကွယ်လွန်သူ၏ တရားဝင်ဇနီးမယားဖြစ်သူ ဒေါ်ခင်သောင်း ၁၂/ဥကမ(နိုင်)၀၆၆၀၅၃ တစ်ဦးတည်းမှသာ တရားဝင်ထုတ်ယူခွင့်ရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်သောင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင့်အောင်(ဥပဒေ)
အထက်တန်းရှေ့နေနှင့်
ဥပဒေအကြံပေး
(စဉ်-၂၄၂၉၆)
ဖုန်း-၀၉-၄၂၁၀၆၀၇၇၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၀/ကရပ်ကွက်၊ သမာဓိ ၁လမ်းရှိ တိုက် ၃၊ အခန်း ၃/က ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၄ပေ×ပေ၄၀)ရှိ သုံးလွှာ(ခေါင်းရင်းခန်း)၏

အကျိုးခံစားခွင့်အရပ်ရပ်-

အထက်ဖော်ပြပါ တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်ဝင်းမြင့် (ဘ)ဦးဘမြင့် ၁၂/ကမတ(နိုင်)၀၂၅၈၈၀နှင့် ဦးရဲမြင့် (ဘ)ဦးဘမြင့် ၁၂/ဥကမ(နိုင်)၁၄၄၂၄၈ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ဦးယဉ်ငြိမ်း(ဘ)ဦးတင်ဝင်း ၉/ခအဓ(နိုင်)၀၁၂၄၂၆ မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်တင်မော်ဦး (စဉ်-၉၂၇၀)
B.A, H.G.P,D.B.L
အထက်တန်းရှေ့နေ

ဦးဇော်မောင်လင်း (စဉ်-၃၃၈၅၈)
LL.B,C.B.L,PD.Applied Psychology, PD.Social Work
အထက်တန်းရှေ့နေ

အမှတ် ၄/၁၄၆လမ်း၊ ကျောက်မြောင်း။ တာမွေ၊ ရန်ကုန်၊
ဖုန်း-၀၁-၂၉၀၁၈၈၊ ၀၉-၃၁၀၂၀၄၆၉၊ ၀၉-၇၃၀၁၂၉၀၈

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/8717 Nissan Diesel Truck ယာဉ်လက်ဝယ်ရှိသူ ဦးစန်းထွန်းမြ ၉/မခန(နိုင်)၀၀၀၀၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၉၁၂၉၇ ဟွန်ဒါဝေ့(ဗ်)110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလွင်ဦး ၁၀/ခဆန(နိုင်)၁၂၃၅၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၁ယ/၃၂၄၁၂ Honda Wave NF 125 MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းပိုးကိန်ဓတ် ၁၃/တခလ(နိုင်)၀၆၄၉၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တာချီလိတ်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၀ယ/၆၀၁၉၂ KAWASADI NINJA 300 ယာဉ်လက်ဝယ်ရှိသူ ဦးကျိုင်းတွမ် ၁၃/တခလ(နိုင်)၀၇၄၄၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တာချီလိတ်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 3I/4354 TOYOTA MARK X GR X120 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိရီ ၁၃/တခလ(နိုင်)၀၆၃၁၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တာချီလိတ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၅၄၄၉၇ Andbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးအိကြိုင် ၁၄/ပသန(နိုင်)၀၈၃၆၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး၊ (ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၈၇၈၇၈ ယာဉ်လက်ဝယ်ရှိသူ ဦးခင်းထွန် ၉/မမစ(နိုင်)၀၂၉၅၃၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် တင်ပြသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၄/၂၄၃၄၇ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မိုး ၉/မနအ(နိုင်)၀၀၇၇၇၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနား)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၈၇၇၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆C/၅၆၇၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီးနေ ဦးလေးနိုင် (Director, New Way Industries Ltd.) - ဒေါ်သန်းစိန်
[အထက်တန်းပြ (ငြိမ်း)]တို့၏သား

ဒေါက်တာဇင်ဝေနိုင် [Ph.D (Medical Science), U.N.S.W]

နှင့်

ရန်ကုန်တိုင်းဒေသကြီးနေ ဒေါက်တာဦးကြည်စိုး (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ D.S.A (14))-
ဗိုလ်ကြီးဒေါ်စုစု(ငြိမ်း) (NTW 4) တို့၏သမီး

ဒေါက်တာစောသန္တာတင် (M.B.,B.S-YGN)

တို့၏ ၂၈-၁-၂၀၁၆ (ကြာသပတေးနေ့) Novotel Max Yangon Hotel တွင် ပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ကလေးအထူးကုပါရဂူပါမောက္ခ ဒေါက်တာဦးရဲမြင့်ကျော်နှင့်ဇနီး ဒေါ်ခင်ရည်မွန်အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ထွန်းဦးနှင့်ဇနီး ဒေါ်ခင်စောဥမ္မာအားလည်းကောင်း၊ မင်္ဂလာဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်ဒုတိယသမ္မတ သရေစည်သူ ဦးဉာဏ်ထွန်းနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဒုဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌဦးမောင်မောင်ဆွေနှင့်ဇနီး၊[ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်ဆန်းနှင့်ဇနီး၊ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)နှင့်] ဇနီးဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)နှင့်ဇနီး၊ ဗိုလ်ချုပ်ချစ်သန်း(ငြိမ်း)နှင့်ဇနီး၊ယခင်ကျန်းမာရေးစီမံကိန်း ဌာနမှ အငြိမ်းစားအရာရှိ ညွှန်ချုပ်၊ ဒုညွှန်ချုပ်၊ ညွှန်မှူးများ၊ ဝန်ထမ်းများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြပါသော နှစ်ဖက်မိဘဆွေမျိုးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများအားလည်းကောင်း၊ စစ်တက္ကသိုလ်အမှတ်စဉ် (၁၄)နှင့် စစ်သူနာပြုသင်တန်းအမှတ်စဉ် (၄)မှ ကျောင်းဆင်းဖက်သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြွပေးပါသောအဆိုတော်ရုပ်ရှင်သရုပ်ဆောင်ရာနာမိုင်၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော သမီးလေးခိုင်မာရှင်းသန့်၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာစုလင်းလှိုင်၊ ဒေါက်တာစုစန္ဒာအေး၊ ဒေါက်တာမေသင်းကြူ၊ သတို့သားအရံ ဒေါက်တာချမ်းပြည့်ဖြိုးအောင်၊ မောင်သီဟစိုး၊ သတို့သမီးအရံ မမေသူ၊ ဒေါက်တာမေမြတ်ချို၊ မင်္ဂလာအခမ်းအနားမှူး တက္ကသိုလ်ကိုကိုဇော်၊ တေးဂီတရီရီသန့်နှင့်အဖွဲ့၊ မေတ္တာဖြင့်တေးသံသာများဖျော်ဖြေပေးပါသော မြန်မာနိုင်ငံဂီတ အစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေးအားလည်းကောင်း၊ မိတ်ကပ်လင်းလင်း(တောင်ကြီး)နှင့်အဖွဲ့၊ ပန်းအလှပြင်လင်းလင်း၊ မေတ္တာဖြင့်လက်ဝတ်ရတနာဆင်မြန်းပေးပါသော True Gems and Jewellery မှ ဦးစိုးသိန်း၊ ဒေါ်ဘေဘီ၊ မင်္ဂလာဝတ်စုံများ၊ ဓာတ်ပုံနှင့်ဗီဒီယို Prewedding နှင့် အစစအရာရာ ကူညီပေးပါသော Yes I Do Myanmar မှ ဦးကျော်မင်း၊ ဒေါ်ဥမ္မာကြူနှင့် ဝန်ထမ်းများအားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ကြသော သူငယ်ချင်းများ၊ ကူညီလုပ်ကိုင်ပေးကြသောကျေးဇူးတင်သင့်တင်ထိုက်သူများအားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် ဒေါက်တာဇင်ဝေနိုင်-ဒေါက်တာစောသန္တာတင်

စတုတ္ထအကြိမ် A.C.P.E., P.E., R.S.E., မှတ်ပုံတင်လက်မှတ် ချီးမြှင့်ပေးအပ်ပွဲအခမ်းအနား ဖိတ်ကြားခြင်း

ရွှေဘိုမြို့နေ (ဦးသက်ဖေ-ဒေါ်အေးရင်)နှင့် ရန်ကုန်မြို့နေ (ဒေါ်ခင်ခင်ညို)တို့၏သမီး၊ ဦးခင်မောင်တင်-ဒေါ်မြတ်မြတ်စီ၊ ဒေါ်ခင်မာလွင်၊ ဦးသက်ဆွေ-ဒေါ်ခင်မာမာတို့၏အစ်မ၊ ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ အမှတ် ၁၈၊ အခန်း ၄၂နေ ဦးခင်မောင်ကြည် (1/E DOCKENDALE SHIPPING CO)-ဒေါ်စုမြတ်ဥမ္မာ၊ ဦးသော်ဇင်သက် (A/B S.H SHIPPING CO)-ဒေါ်ရှုပါအောင်တို့၏မိခင်၊မအိကြည်ဖြူခင်၊ မဂျူးဂျူးကေသာခင်၊ မောင်ရှိန်းပြည့်မင်းထက်တို့၏အဘွားသည် ၃-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးလှသောင်း အသက်(၇၂)နှစ်

(အင်းတိုင်၊ အင်းတကော်၊ သတင်းစာကိုယ်စားလှယ်)

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့၊ ရပ်ကွက်ကြီး(၃)၊ (၈)ရပ်ကွက်နေ (ဦးစာဘက်-ဒေါ်ကျင်ရွှေ)တို့၏ သား၊ (ဦးသိန်း - ဒေါ်ဖွားညွန့်)တို့၏ သားသမက်၊ ဒေါ်ဝင်းရီ၏ချစ်လှစွာသော ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးအေးမြင့်-ဒေါ်အေးသိန်း၊ (ဦးလှသိန်း)၊ (ဦးမြင့်ဝေ)-ဒေါ်မြမြဌေး၊ ဦးအောင်ကျော်နိုင်(ဒု-ညွှန်ကြားရေးမှူး၊ လမ်းဦးစီး၊ ပဲခူးတိုင်းဒေသကြီး)တို့၏ အစ်ကိုကြီး၊ မနိုင်ဝင်းသန္တာ၊ ကိုမျိုးမြတ်သူ-မရည်လဲ့ဝင်း၊ ကိုမျိုးမင်းသန့်တို့၏ဖခင်၊ မချမ်းမြတ်ဖြူစင်၏အဘိုးသည် ၃-၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အင်းတကော်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

တပ်ကြပ်ကြီးချစ်ဝေ

(ဟသ္သာတ)

(မောင်ရွှေလေးချိုင်၊ သံတွဲမြို့)

အသက်(၅၇)နှစ်

ဟင်္သာတမြို့၊ သုံးပင်ကွင်းရပ်နေ (ဦးရွှေ)-ဒေါ်အားစီတို့၏သား၊ သံတွဲမြို့၊ မောင်ရွှေလေးချိုင်နေ ဦးသန်းဖေ-ဒေါ်ညိုတို့၏သားသမက်၊ ရန်ကုန်မြို့နေ ဦးအောင်တင်သန်း (ဦးစီးအရာရှိ၊ ကုသရေးဦးစီးဌာန) - ဒေါ်လှလှကြည် (ရုံးအုပ်၊ ငြိမ်း၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန)တို့၏ညီ၊ ဟသ္သာတမြို့နေ ဦးအောင်သူ-ဒေါ်မော်မော်ဦး [အလပြ၊ အမက(၁၁) သုံးပင်ကွင်း၊ ဟသ္သာတ]၊ (ဦးသန်းဆွေ)၊ ဦးမျိုးဇော်တို့၏အစ်ကို၊ သံတွဲမြို့မောင်ရွှေလေးချိုင်နေ ဒေါ်ရွှေ၏ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်မြတ်ရှိန်း-မဖေမိုးသူ၊ မယွန်းလဲ့ဝေတို့၏ချစ်လှစွာသောဖခင်သည် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ရက်တွင် သံတွဲမြို့၊ မောင်ရွှေလေးချိုင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများနှင့်အတူ သူငယ်ချင်းများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တဝါယမ မဟာထေရ်

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

သက်တော်(၉၈)နှစ်၊ သိက္ခာတော်(၇၉)ဝါ

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ ကန်ဦးကျောင်းတိုက် မဟာစည်သာသနာ့ရိပ်သာဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝါယမ သာသနဓဇသိရီပဝရ ဓမ္မာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာထေရ်မြတ်ကြီးသည်(၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ရက်) ၃-၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ရက်) ၇-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကွင်းကြီးသုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်း ကြားသိစေအပ်ပါသည်။

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများနှင့်

ဈာပနကျင်းပရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းရီ (ပုသိမ်မြို့)

အသက်(၁၀၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်ခွဲ၊ ရွှေနှင်းဆီ(၄)လမ်း၊ အမှတ် ၅၈၉/ခနေ (ဦးရွှေမျှား-ဒေါ်မလေး)တို့၏သမီး၊ (ဦးချစ်ရှိန်)၏ဇနီး၊ ဦးကြည်ဝင်း [(အကြီးပေး) မက်(စ်)မြန်မာကုမ္ပဏီ]-ဒေါ်ခင်မြင့်(အထမြ၊ ငြိမ်း)တို့၏မွေးမိခင်သည် ၃-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Max Myanmar Construction Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းရီ (ပုသိမ်မြို့)

အသက်(၁၀၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်ခွဲ၊ ရွှေနှင်းဆီ(၄)လမ်း၊ အမှတ် ၅၈၉/ခနေ (ဦးရွှေမျှား-ဒေါ်မလေး)တို့၏သမီး၊ (ဦးချစ်ရှိန်)၏ဇနီး၊ ဦးကြည်ဝင်း [(အကြီးပေး) မက်(စ်)မြန်မာကုမ္ပဏီ]-ဒေါ်ခင်မြင့်(အထမြ၊ ငြိမ်း)တို့၏မွေးမိခင်သည် ၃-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Max Myanmar Holding Co.,Ltd.

စန္ဒရား ဦးတင်မောင်ကြည်

မြန်မာနိုင်ငံဂီတအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ် ၄၂နေ (ရုံမှူးကြီး ဦးအုန်းဖေ-ဒေါ်မြစိန်)တို့၏သား၊ အဆိုတော် မောင်ကြည်တိုး (B.Eco) (အငြိမ်းစားရုံးအုပ်)၏အစ်ကို၊ တေးသံရှင် ဝင်းပပ(လယ်စိုက်ရှင်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဘန်ကောက်မြို့နေ ဦးတင်မောင်ဝင်း-မသီရိသဲဖြူဝင်း (ထက်ထက်)၊ စန္ဒရား ပဖော်ဟိန်းတို့၏ဖခင်သည် ၃-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၆ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးလီယူချွန်း(ခ)ဦးဝင်း (မြစ်ကြီးနား)

အသက်(၇၆)နှစ်

ဆားမော်မြို့နေ ဒေါ်လီချုံချွန်း၊ တရုတ်(တိုင်ပေ)နေ ဒေါ်လီရှန်းချွန်း၊ မန္တလေးမြို့၊ ၈၁လမ်းနေ ဒေါ်လီရင်ချွန်းတို့၏မောင်၊ မြစ်ကြီးနားမြို့၊ ဓင်းရပ်၊ အမှတ် ၉နေ ဦးလီကြည်ချွန်း(ခ)ဦးရှင်၊ ဦးလီမြင့်ချွန်း(ခ) YH မြင့်စိန်တို့၏အစ်ကို၊ မြစ်ကြီးနားမြို့၊ ဓင်းရပ်၊ အမှတ် ၉နေ ဦးအေးမြင့်(ဓေတ္တ-မိုးကုတ်မြို့)-ဒေါ်လှလှရင်၊ မန္တလေးမြို့၊ ၂၉လမ်းနေ ဦးဝင်းနိုင်-ဒေါ်နုနုအေး(ပြည့်ဖြိုးစံအထည်ဆိုင်)၊ မြစ်ကြီးနားမြို့နေ ဦးရှင်းဖြူး(ခ)ဦးဇော်ဂျာ-ဒေါ်ကြည်ကြည်အေး(ခ)မဓအေးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ မြစ်ကြီးနားမြို့နေ ဒေါ်ကျန်းမြင့်ကြူ(ခ)ဒေါ်ခင်ကြည်၏ခင်ပွန်းသည် ၃-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၅နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မန္တလေးမြို့၊ လမ်း ၈၀၊ ၃၁×၃၂လမ်းကြား၊ ယူနန်ဘုံကျောင်းမှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဇော်မြင့် အသက်(၆၇)နှစ်

(R.O၊ ဆသရ၊ ငြိမ်း)

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ(ဦးသန်းရွှေ-ဒေါ်လှကြည်)တို့၏သား၊ ရန်ကုန်မြို့၊ သန်လျင်မြို့နေ [ဦးအောင်တင်-ဒေါ်ခင်သန်း(ခ)ဒေါ်ဆာတွတ်]တို့၏ သားသမက်၊ (ဒေါ်သန်းသန်းဝင်း)၏ခင်ပွန်း၊ ခရမ်းမြို့နေ ဦးခင်ရွှေ-ဒေါ်ခင်ဝင်းကြည်၊ ဦးသန်းဦး-ဒေါ်ခင်ဝင်းမူ၊ ဦးခင်မောင်အေး-ဒေါ်ခင်မြတို့၏အစ်ကိုကြီး၊ သန်လျင်မြို့နေ ဦးတင်လှ-ဒေါ်တင်ဝင်း၊ (ဦးထိန်ဝင်း)-ဒေါ်မြင့်မြင့်ဝင်း၊ ဦးအောင်လွင်-ဒေါ်မေစီဝင်း၊ ဦးဇော်ဇော်လတ်-ဒေါ်အေးအေးမူ၊ ဦးတင်ဝင်းလှိုင်-ဒေါ်ခင်ဦးလှိုင်၊ ဦးမောင်မောင်နိုင်-(ဒေါ်ဝင်းဝင်းဌေး)၊ ဦးအောင်မြင့်ဦး-ဒေါ်မြင့်မြင့်ထွေး၊ (ဦးအုန်းလွင်)-ဒေါ်ဥမ္မာမြင့်တို့၏ညီ/အစ်ကို/မောင်၊ ဒေါ်သီတာမြင့်၊ ဦးကျော်ခင်ဝင်း-ဒေါ်ယင်းမာခိုင်၊ ဦးထွန်းဝဏ္ဏလွင်-ဒေါ်စာစာလှိုင်၊ (ဦးသိန်းဇော်၊ ဒု-ဦးစီးမှူး၊ ကြို့ပင်ကောက် ဆည်မြောင်း)-ဒေါ်လှလှသန်း၊ ဦးညီညီမင်း(အင်ဂျင်နီယာ၊ ကမ္ဘောဇ ဘီလပ်မြေစက်ရုံ၊ ဟိုပုံး၊ တောင်ကြီး)-ဒေါ်ထားထားလှိုင်၊ ဗိုလ်ကြီးဝေမိုးဟန်-ဒေါ်အိအိထွေးတို့၏ဖခင်၊ မောင်ရှိုင်းထက်သူ(High Tech)၊ မောင်ကောင်းပြည့်ဝန်း(မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်)၊ မောင်သူရိန်ဇော်၊ မယွန်းဝတီလှိုင်၊ မောင်သူရဇိုးမြင့်တို့၏အဘိုးသည် ၄-၂-၂၀၁၆ရက် နံနက် ၀၀း၅၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၆ရက် မွန်းလွဲ ၁း၃၀နာရီတွင် အမှတ် ၁၈၄/၂၀၇၊ မြတ်ရတနာအိမ်ရာ၊ အောင်ချမ်းသာနေအိမ်မှ အစိုးနီသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သတင်းနှင့်ဓာတ်ပုံ
နေလင်း(ညောင်တုန်း)

ညောင်တုန်းမြစ်ကမ်း ထပ်မံအက်ကွဲနိမ့်ကျ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

ညောင်တုန်း ဖေဖော်ဝါရီ ၄

ညောင်တုန်းမြို့ပတ်ရေကာတာမှာ လွန်ခဲ့သော ဇန်နဝါရီ ၂ ရက်က ညောင်တုန်းမြို့ (၉) လမ်းမှ (၁၁) ကြားရေကာတာတွင် အက်ကွဲနိမ့်ကျပျက်စီးခဲ့ပြီး ဖေဖော်ဝါရီ ၃ ရက်က (၉) လမ်းထိပ်၌ မြစ်ကမ်းအက်ကွဲနိမ့်ကျမှုထပ်မံဖြစ်ပွားခဲ့သည်။

ပထမအကြိမ်နိမ့်ကျစဉ်က အလျားပေ ၃၀၀ ခန့် အက်ကွဲနိမ့်ကျပျက်စီးခဲ့ခြင်းဖြစ်ပြီး ယခုဒုတိယအကြိမ်တွင် (၉) လမ်းထိပ်၌ ပေ ၁၀၀ ခန့် ထပ်မံအက်ကွဲနိမ့်ကျသွားခြင်းဖြစ်သည်။ ညောင်တုန်းမြို့ပတ်ရေကာတာမှာ ဧရာဝတီမြစ်ကြောင်းမှ စတင်ခွဲထွက်လာသော ပန်းလှိုင်မြစ်နှင့် တိုက်ရိုက်ထိတွေ့ကာ *စာမျက်နှာ ၇ ကော်လံ ၁* ◆

မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ကျင်းပ

သတင်း-ညီမြတ်သော်တာ

ရန်ကုန် ဖေဖော်ဝါရီ ၄

Asian Tour & Japan Tour၊ မြန်မာဝီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက စတင်ကာ ရွှေရယ်မင်္ဂလာဒုံဂေါက်ကွင်း၌ ကျင်းပသည်။

ပထမနေ့ပွဲစဉ်များအပြီးတွင် Antonio Lascuna (ဖိလစ်ပိုင်)က ရှစ်ချက်လျှော့ရိုက်ကာ ထိပ်ဆုံး၌ဦးဆောင်နေပြီး Danny Chia (မလေးရှား)က ခုနစ်ချက်လျှော့ရိုက်ပြီး ဒုတိယနေရာတွင် ရပ်တည်နေသည်။ Azuma Yano (ဂျပန်)၊ Shaun Norris(တောင်အာဖရိက)၊ Chawrasia (အိန္ဒိယ)၊ Richard T.Lee(ကနေဒါ)၊ Teunghan Wang (တောင်ကိုရီးယား)နှင့် Sam Brazel (ဩစတြေးလျ)တို့က ခြောက်ချက်လျှော့ရိုက်ကာ နောက်မှလိုက်နေသည်။

စင်ကာပူအိုးဝင်းပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) အမေရိကန် *စာမျက်နှာ ၁၄ ကော်လံ ၅* ●

ထူးခြားသည့်နေ့အပူချိန်များ ၄-၂-၂၀၁၆

ဟားခါးမြို့	၀ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၁ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၃ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၄ ဒီဂရီစင်တီဂရိတ်

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သမိုင်းကျောင်းသင်ခန်းစာပါရှိ

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေရန် ပညာရေးဝန်ကြီးဌာနမှ ရေးသားပြုစုထားသော ကျောင်းသင်ခန်းစာများကို မြန်မာ့အလင်းသတင်းစာတွင် နေ့စဉ်ဘာသာရပ်အလိုက် ဖော်ပြပေးသွားမည်ဖြစ်ရာ ယနေ့တွင် သမိုင်းဘာသာရပ် အထူးကဏ္ဍ အချပ်ပို လေးမျက်နှာပါရှိပါသည်။

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅) ဆက်လက်ကျင်းပမည်

သတင်း-ညီမြတ်သော်တာ » ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅)ကို ဖေဖော်ဝါရီ ၅ ရက်မှ ၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အသင်းကြီးနှစ်သင်းဖြစ်သည့် ဧရာဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၅)အဖြစ် ဖေဖော်ဝါရီ ၅ ရက်တွင် YUSC ကွင်း၌ လက်ရှိချန်ပီယံ ရန်ကုန်အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် ကျောက်တိုင်ကွင်း၌ ဧရာဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ဆောက်သမ်းအသင်းနှင့် ရတနာပုံအသင်း၊ ဖေဖော်ဝါရီ ၇ ရက်တွင် မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် ဇွဲကပင်အသင်း၊ သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် Horizon အသင်း၊ အောင်ဆန်းကွင်း၌ ရခိုင်အသင်းနှင့် မကွေးအသင်းတို့ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ပွဲစဉ်(၄)အပြီးတွင် ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်းတို့က *စာမျက်နှာ ၁၁ ကော်လံ ၅* ❖

ဧရာဝတီနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ၂၀၁၅ ရာသီက တွေ့ဆုံခဲ့စဉ်။

mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာသိကောင်းစရာများ

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် သမိုင်းဘာသာရပ် သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်း သင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကိုကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်တို့ တော်လှန်ခဲ့ကြပုံကို လေ့လာဖို့လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသားစိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့အပိုင်းကိုလေ့လာတဲ့အခါ ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၁၆မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိဖို့လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်၊ သက္ကရာဇ်တိုင်း သိရှိဖို့ မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်၊ သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာကျင်းပတဲ့ ဝိုင်အမ်ဘီအေ ညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်းမပြုတော့တာတွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့နေရာမှာ နိုင်ငံရေးဆောင်ရွက်မည့် အသင်းကြီးတစ်သင်း ထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာ့အသင်းချုပ်ကြီးဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀မှာ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားတယ်။ အဲဒီကာလနယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးများ၏ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အားပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေ အစိတ်အစိတ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီးတစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့အသင်းဟာ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀ မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းမှာ "တို့ဗမာအစည်းအရုံး"ရဲ့ အခန်းကဏ္ဍမှာလည်းအရေးပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ ကာလအပိုင်းအခြားတာ ၁၉၃၀ မှ ၁၉၄၁ အထိ ဖြစ်တယ်ဆိုတာလည်း သိထားသင့်တယ်။

၁၉၃၁ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကိုလက်နက်စွဲကိုင်တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမားအရေးတော်ပုံမှာ အရေးတော်ပုံမတိုင်မီ လယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံ ပေါ်ပေါက်လာရခြင်းတို့ကို သီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေးတွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေးတွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့ သွေးခွဲရေးစီမံချက်တစ်ခုဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်၊ ခရစ်နှစ် ၁၉၃၈ ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံ ဖြစ်ပွားတဲ့ကာလဟာ ခရစ်နှစ်အားဖြင့် ၁၉၃၈-၁၉၃၉ ကာလဖြစ်တယ်ဆိုတာကိုလည်းသိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက်-ဗမာ့အချက်မှုဖြင့် လွတ်လပ်ရေးရရန် ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀-၁၉၄၅ အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကိုတော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြားလေ့လာလို့ရတယ်။ ဥပမာ-ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅)ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့အခြေအနေများ၊ အခြေခံသဘောထားနှင့်အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးရယူခြင်း အပိုင်းကိုလေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင် ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုတယ်။ လွတ်လပ်ရေး အရယူခြင်းခေါင်းစဉ်ရဲ့အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပဇွန်အစည်းအဝေး၊ အောင်ဆန်း-အက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု-အက်တလီစာချုပ် ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ်၊ တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကို လေ့လာရာမှာ ကိုလိုနီခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲလေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ဌာနအုပ်ချုပ်ရေးဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇ အတွင်း အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲ အုပ်ချုပ်ရေးဖြစ်လို့ ပြည်သူတို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ်ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ ဌာနအုပ်ချုပ်ရေးပေါ်လာတယ်။ ဒီ ၉၁ ဌာန အုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်းအုပ်ချုပ်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေး အတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့၊ အမျိုးသားယာယီအစိုးရဆိုပြီး တွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ် အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာမှာ ၁၉၄၈-၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံ သောင်းကျန်းသူများပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်းဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကိုမင်တန်ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရ ပေါ်ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့အောင်မြင်မှုဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂ အထိကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂-၁၉၇၄ အထိ ကာလကို တော်လှန်ရေး ကောင်စီအစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄-၁၉၈၈ အထိ ကာလဟာ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး ယဉ်ကျေးမှု အခြေအနေတွေကို လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။ အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက

- ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ်ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စုအပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း

တို့ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံအကြောင်းရင်းအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက် လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့ အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ်ချုပ်ဆိုထားတဲ့ စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီ အင်အားပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါအချက်များကို ချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာများပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေးလုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်ရုရှနိုင်ငံနဲ့ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှနိုင်ငံအခြေအနေ၊ ၁၉၀၅ တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာတော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒါ့အပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေး ဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှု အပိုင်းတို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်တယ်။

အိန္ဒိယမှာလည်းစစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်၏ ဆွာရာဂျ်ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းမှာလည်း ဂန္ဒီနဲ့ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၀ နောက်ပိုင်းဂန္ဒီ၏ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီး လေ့လာနိုင်တယ်။

အရှေ့တောင်အာရှအမျိုးသားလှုပ်ရှားမှုမှာလည်း နိုင်ငံအလိုက်သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှနိုင်ငံတွေရဲ့ အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေမယ့် မအောင်မြင်ခဲ့တဲ့အခြေအနေကို တွေ့ရတယ်။ ဒါကြောင့်နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်ရဲ့အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကိုလေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလောအကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုတယ်။

စစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံအကြောင်းရင်းများမှာ

- အရင်းရှင်နိုင်ငံအချင်းချင်းပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီးအားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများအပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားလာခြင်း

တို့ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန် ပြည်တွင်းစစ်၊ ဩစတြီးယားကိုသိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကိုသိမ်းပိုက်ခြင်း စသည်တို့ဖြစ်တယ်။ ဒါတွေကို တစ်ခုချင်း လေ့လာရမှာဖြစ်တယ်။ အဆိုပါ ကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ကျူးကျော်လိုက်ရာမှတစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတယ်။

စာမျက်နှာ (၁) သို့

စာမျက်နှာ (က) မှ

ဒုတိယကမ္ဘာစစ်ရဲ့အကျိုးသက်ရောက်မှုတွေကတော့အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သိခြားလေ့လာသိရှိဖို့လိုအပ်တယ်။ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ် ကျယ်ပြန့်လာတယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးစစ်ပွဲများ ဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအားစုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာထူးခြားတဲ့ သမိုင်းဖြစ်ရပ်တစ်ခုဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့စစ်အေးဟာလည်း ထူးခြားတဲ့ သမိုင်းဖြစ်စဉ်တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှကင်းလွတ်ပြီး ထိပ်သီးအင်အားကြီးနိုင်ငံအဖြစ်ရပ်တည်လာနိုင်ခဲ့တယ်။ စစ်ဒဏ်ကြောင့် အင်အားကျဆင်းခဲ့ရတဲ့ ဥရောပအင်အားကြီးနိုင်ငံများဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို စစ်ရေး၊ စီးပွားရေး အကူအညီများပေး၍ ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့ အုပ်စုကို အနောက်အုပ်စု (သို့) အရင်းရှင်အုပ်စု (သို့) လက်ယာအုပ်စုလို့ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီ စတဲ့ အရှေ့ ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး ဆိုဗီယက်ဦးဆောင်တဲ့အုပ်စုကို အရှေ့အုပ်စု (သို့) ကွန်မြူနစ်အုပ်စု (သို့) လက်ဝဲအုပ်စုလို့ခေါ်တယ်။ ဒီအုပ်စုနှစ်စုဟာ နိုင်ငံရေး၊ စီးပွားရေးခံယူချက် တူညီမှုမရှိသတဲ့သို့ အမြင်ချင်းတူညီမှုလည်း မရှိတာကိုတွေ့ရတယ်။

အနောက်ဥရောပနိုင်ငံများအနေနဲ့လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့ -

၁။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂။ အန်ဇတ် (ANZUS)
၃။ အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄။ ဗဟိုစာချုပ်အဖွဲ့ (CENTO)

များဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံများမှာ ဆိုဗီယက်နိုင်ငံကဲ့သို့သော ကွန်မြူနစ်စနစ် အခြေခံသော စီးပွားရေးစီမံကိန်းများချမှတ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဝါဆော(Warsaw) စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများ အပြိုင်အဆိုင်ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင်တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာအရေးအခင်းတွေကတော့

၁။ ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
၂။ ကိုရီးယားစစ်
၃။ စူးအက်အရေးအခင်း
၄။ ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှနိုင်ငံအပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်းခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ခေါင်းစဉ်များဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။

အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို သိရှိရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုများကို လေ့လာသိရှိရမှာဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာမှာ အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း)ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

တက္ကသိုလ်ဝင်စာမေးပွဲ၊ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း(က)၊ အပိုင်း(ခ)၊ အပိုင်း(ဂ)၊ အပိုင်း(ဃ) ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ)၊ ၁။ (ဂ) ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က) မေးခွန်းက 'အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။' ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅) ပုဒ်၊ စုစုပေါင်း (၁၀) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၁၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (က) နံပါတ် ၁။ (ခ) မေးခွန်းမှာ 'အောက်ဖော်ပြချက်များကို **'မှား'** သို့မဟုတ် **'မှန်'** ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်ပြီး **'မှား'** သို့မဟုတ် **'မှန်'** ကိုရေးဖြေရန်ဖြစ်တယ်။ နံပါတ် ၁။ (ခ) မေးခွန်းမှာ မြန်မာ့သမိုင်းမှ (၃) ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှ (၂) ပုဒ်၊ စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (က)၏ နံပါတ် ၁။ (ဂ) မေးခွန်းမှာ 'အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ **အဖြေမှန်တစ်ခု**ကို အဖြေစာအုပ်တွင်ရေးပါ' ဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ နံပါတ် ၁။ (ဂ) မေးခွန်းမှာ မြန်မာ့သမိုင်း (၂) ပုဒ်နဲ့ ကမ္ဘာ့သမိုင်း (၃)ပုဒ်၊ စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ခ)မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို (၄) ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှတ်စုတို (၄) ပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို (၄) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတိုတစ်ပုဒ်ရမှတ်မှာ (၅) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ဂ)မှာ မြန်မာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ ယင်း (၅) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ဃ)မှာ ကမ္ဘာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ ယင်း (၅) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀) မှတ်ဖြစ်တယ်။

ကျောင်းသား ကျောင်းသူများကို မှာချင်တာကတော့

၁။ သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် သမိုင်းစဉ် ဆက်စပ်မှုကို သတိထားရန်
၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်
၃။ ပြဋ္ဌာန်းစာအုပ်ကိုအလေးပေးလေ့လာရန်
၄။ မေးခွန်းကိုသေသေချာချာဖတ်ရန်
၅။ မေးသည်ကိုသာဖြေဆိုရန်

ဖြစ်ကြောင်းတင်ပြရင်းပို့ချချက်ကိုရပ်နားလိုက်ပါတယ်။

ဒေါက်တာမာဂရက်ဝေါင်း
ပါမောက္ခ(ဌာနမှူး)
သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

အမြန်ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၇)လမ်း ဒုတိယထပ်(၁)ခန်း ကျယ်သိန်း(၂၇၀)၊ တတိယထပ်(၂)ခန်း (ဝဲ+ယာ)ကျယ်သိန်း (၂၅၀)စီ၊ ကြမ်းခင်းအားလုံးကြွေပြားခင်းပြီး၊ ဘေစင်၊ မီးဖိုခုံ၊ အိမ်သာ၊ ရေချိုးခန်း၊ ကြွေပြားကပ်ပြီး၊ တရားဝင်ဆောက်လုပ်ခွင့်ရှိပြီး၊ လူနေထိုင်ရန် (BCC)ကျပြီး လူနေရန်အသင့်၊ လမ်းကျယ်/လမ်းသန့်၊ မှတ်တိုင်နီး၊ ငမိုးရိပ်စံပြဈေးနီး၊ ကျောင်းနီးဈေးနှုန်းများအား ညှိနှိုင်းဆောင်ရွက်ပေးပါမည်။အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၄၂၀၂၅၀၅၁၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မအူပင်ခရိုင်တရားရုံးတော်၌
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၇

ဒေါ်ခင်ငြိမ်း နှင့် ဦးနိုင်ဦး ပါ(၁၁)
တရားလို တရားပြိုင်များ

ဧရာဝတီတိုင်းဒေသကြီး၊ ဒေါင်တုန်းမြို့နယ်၊ ကဩင်တောက်ကြီးကျေးရွာအုပ်စု၊ ရိုးကြီးကျေးရွာနေ (၂)တရားပြိုင် ဦးလှဦး(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် (၁၃၇၇ ခုနှစ် တပို့တွဲလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူများ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်ပါသည်။

(ဝင်းမြွေ)
မအူပင်ခရိုင်တရားသူကြီး
မအူပင်ခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၈၅နှင့်ဆက်နွှယ်သည့်
၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၁၉၂

ဦးအောင်ကိုလတ် နှင့် RD ဆင်မြူရယ်
တရားနိုင် တရားရှုံး

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၁၁၁ နေ RD ဆင်မြူရယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၈၅တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးအောင်ကိုလတ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင့်လွင်)
ဒုတိယခရိုင်တရားသူကြီး (၇)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆/မီးရထား၊ မြေကွက်/ဦးပိုင်အမှတ်(၄၀ᵉ/ᵃ)၊ ဧရိယာ ၀ ဒသမ ၂၀၁ ဧကရှိ ဒေါ်စုစုမြိုင်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်အေးမွင့်ဖြူ ၉/ပမန(နိုင်)၁၅၉၇၃၁ (ဘ)ဦးဇင်ဝင်းမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ပုတာအိုမြို့၊ ထ(ခွဲ)လေယာဉ်ကွင်း၊ ပဋ္ဌမတန်းမှ မနိုရီဆိုင်းပန်၏ ဖခင်အမည်မှန်မှာ ဦးမန်ဂျာတန်ဆင်ဆား၏ ၁/ပတအ(နိုင်)၀၃၆၆၇၃ ဖြစ်ပါသည်။

ပတ်စ်ပို့ပျောက်

ကျွန်ုပ်မ ဒေဝင်သီ ၁/ဗမန(နိုင်)၀၅၅၅၅၉၏ ပတ်စ်ပို့အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၉၆၅၀၄၇၈

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်း-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇၅

ဒေါ်ခင်လဲ့ကြူ နှင့် ဦးစိန်မွင့် (ယခုနေရပ်လိပ်စာမသိ)
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇော(၅)လမ်း၊ အမှတ်(၇၂၈)နေ ဦးစိန်မွင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၃ ရက်) နံနက် ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို့စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရွှေပါ နေဝင်း)
ဒုတိယမြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော် (၁၁၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်တွင် တည်ထားသောဆံတော် ၇-ဆူ၊ ဓာတ်တော် ၁၀-ဆူ ကိန်းဝပ်တော်မူသည့် သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်ဆုတောင်းပြည့်စေတီတော်၏ (၁၁၆)ကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၇-ခုနှစ် တပို့တွဲလဆန်း ၁၂ရက်၊ ၂၀-၂-၂၀၁၆ ရက် ညနေ ၄ နာရီတွင် ပွဲတော်ဖွင့်ပွဲအခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ၂၂-၂-၂၀၁၆ ရက်တွင် မြန်မာ့ရိုးရာ နှမ်းမနဲထိုးပွဲ ၂၃-၂-၂၀၁၆ ရက် (တပို့တွဲလပြည့်)နေ့ နံနက် အရုဏ်တက်ချိန် ဗုဒ္ဓရုပ်ပွားတော်များ နှမ်းမနဲဆွမ်း ကပ်လှူခြင်းနှင့် ညနေ ၃ နာရီတွင် ပင့်သံဃာများနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ၍ ညခုနစ်နာရီတွင် မဟာဒုတ်ဘုရားကံစမ်းမဲအလှူရှင် ရွေးချယ်ပွဲကျင်းပပါမည်။

ပါဝင်လှူဒါန်းလိုသော အလှူရှင်များ ဂေါပကရုံး၊ ဖုန်း-၅၆၄၀၈၇၊ ၅၆၄၀၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ကျိုက္ကစံစေတီတော်

ပဌမအကြိမ် ရန်ကုန်တက္ကသိုလ် ရူပဗေဒဆရာကန်တော့ပွဲ

ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အသက် (၆၅ - နှစ်) နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား (တသင်နှစ် အစုလိုက်)နှင့် [illegible] ပဌမအကြိမ် ဆရာကန်တော့ပွဲကို (၂၀၁၆) ခုနှစ် ဖေဖော်ဝါရီ(၆) ရက် (စနေနေ့)၊ နံနက် (၉း၀၀) နာရီအချိန်တွင် ရန်ကုန်တက္ကသိုလ် [illegible] (RC)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

[illegible]

ဆက်သွယ်ရန် - ဒေါက်တာဒေါ်စန်းရီ ပါမောက္ခဌာနမှူး၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်၊ ဖုန်း၊ ၀၁-၅၃၆၇၇၂၊ ၀၉-၇၃၁၁၃၂၈၀

ဆက်သွယ်လှူဒါန်းရန် - ကမ္ဘောဇဘဏ်(ကမာရွတ်-၂)၊ ဘဏ်စာရင်းအမှတ်(160-302-02100209202)၊ ဒေါက်တာမရမ်ထီ

[illegible]

[illegible]

အမှတ် (၁) ဓာသနာကောလိပ် (ရန်ကုန်) (RC I)

ရန်ကုန်တက္ကသိုလ် (ဒိုင်ဘာဆောင်နယ်မြေ) (UHC)
ဒိုင်ဘာဆောင်ကောလိပ် (BC) ပဌမအကြိမ် အာစရိယပူဇော်ပွဲ
ဒုတိယအကြိမ် (၂/၁၆) ညှိနှိုင်းအစည်းအဝေး ဖိတ်ကြားခြင်း

[illegible]

အသက် (၆၀) ပြည့် ဆရာ/ဆရာမများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန်။
- [illegible]

အမှုဆောင်အဖွဲ့

အမှတ် (၁၄) မူလွန်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ (ရေတွင်းကုန်းကျောင်း)

ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ

[illegible]

ဆက်သွယ်လှူဒါန်းရန်
[illegible]

တစ်ဦးတည်းဖြစ်ကြောင်း

ကလေးမြို့၊ အထက(၃)ဆဋ္ဌမတန်းမှ မကြည်ဖြူကိုနှင့် ဒုတိယတန်းမှ မောင်စည်သူစိုင်းတို့၏ ဖခင် ဦးကိုကိုစိုင်း (ခ) ဦးရဲကျော်စွာ ၅/ကလထ(နိုင်)၁၄၀၅၃၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကိုကိုစိုင်း(ခ)ဦးရဲကျော်စွာ

ဖခင်အမည်မှန်

မန်စီမြို့နယ်၊ မိုင်းခေါင်ကျေးရွာအုပ်စု၊ ဂျဲဆောန်းကျေးရွာနေ မနွေးနွေးဇင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးလတ်အောင် ၁/မစန(နိုင်)၀၃၂၃၇၀ ဖြစ်ပါကြောင်း။

ဦးမျိုးလတ်အောင်

အမည်ပြောင်း

ရွှေကူမြို့၊ တောပုန်းကျေးရွာနေ ဦးထွေးမောင်၏သမီး မလှဲ့ဝါ ၈/ရကန(နိုင်)၀၆၀၈၃၄ အား ယနေ့မှစ၍ မလှဲ့ဝါထွေးမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မလှဲ့ဝါထွေးမောင်

ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ ကိုင်း အမက၊ စတုတ္ထတန်းမှ မခင်စန္ဒာသိမ့်၏ ဖခင်အမည်မှန်မှာ ဦးစိုးပိုင် ၉/တသန(နိုင်) ၁၅၁၅၂၆ ဖြစ်ပါကြောင်း။ ဦးစိုးပိုင်

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၁) သတ္တမတန်း (ဃ)မှ မယွန်းစာခြည်လင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသန့်ဇင်လင်း ဖြစ်ပါကြောင်း။

ဦးသန့်ဇင်လင်း ၆/မအရ(နိုင်)၀၀၂၂၃၄

ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက(ခွဲ) နောင်ခဲ၊ အဋ္ဌမတန်းမှ နန်းထန်လာ၏ ဖခင်အမည်မှန်မှာ ဦးဘိုးသာထူးဖြစ်ပါကြောင်း။

ဦးဘိုးသာထူး

ဖခင်အမည်မှန်

အထက တောင်နီ၊ နဝမတန်း (က)မှ စိုင်းစိုင်းဝုန်းလှိုင်၏ ဖခင်အမည်မှန်မှာ စိုင်းနေဝင်းဇော် ဖြစ်ပါကြောင်း။ စိုင်းနေဝင်းဇော်

အမည်ပြောင်း

တောင်ကြီးမြို့နယ်၊ လွယ်တော်ကျေးရွာနေ မောင်ပွဲအား ယနေ့မှစ၍ ခွန်ဝင်းလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။

ခွန်ဝင်းလှိုင်

ဖခင်အမည်မှန်

တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ အမှတ် (၂)၊ ပုန်းထွန်ကျောင်း နဝမတန်း(A)မှ မကြည်ဖြူမိုးသိန်း၊ စတုတ္ထတန်း(A) မှ မသီရိမိုးသိန်း၊ ဒုတိယတန်း(A) မှ မစန္ဒီမိုးသိန်းတို့၏ ဖခင်အမည်မှန်မှာ ဦးမိုးသိန်း MDYSW-025510 ဖြစ်ပါသည်။

ဦးမိုးသိန်း

ကျေးဇူးဆပ်ပါမည်

GILEK INTERNATIONAL COMPANY LIMITED ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မူရင်း) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်-
ဖုန်း-၀၉-၄၅၀၀၅၄၅၅၃

မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဗိုလ်ကုန်းရပ်၊ မင်းကြီးလမ်း၊ ဟံသာဝတီကမ္မဋ္ဌာန်းဓမ္မရိပ်သာကျောင်းတိုက်၌ ကျေးဇူးတော်ရှင် အဂ္ဂအဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၉၅)ကြိမ်မြောက် ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး အလုပ်ပေးတရားစခန်းပွဲကို ၁၀-၄-၂၀၁၆ ရက်မှ ၁၉-၄-၂၀၁၆ ရက်ထိ (၁၀)ရက်တိုင်တိုင်ကျင်းပမည်ဖြစ်ပါ၍ အင်းစိန်မြို့ ဗိုလ်ကုန်းရပ်၊ ဟံသာဝတီကမ္မဋ္ဌာန်းဓမ္မရိပ်သာကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တဝဏ္ဏာစာရ(စူဠကမ္မဋ္ဌာနာစရိယ)ဆရာတော် အရှင်မြတ်အား တရားရေအေးအမြိုက်ဆေးကို ဟောပြောညွှန်ပြဆိုဆုံးမမည်ဖြစ်ပါ၍ ယောဂီဦးရေသတ်မှတ်ထားပါသဖြင့် ၃၁-၃-၂၀၁၆ ရက်နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။ မည်သူမဆို တရားများဝင်ရောက်အားထုတ်နိုင်ပါကြောင်း အကျိုးဆောင်အဖွဲ့မှ အသိပေးနှိုးဆော်အပ်ပါသည်။ (သတ်မှတ်ထားသော ယောဂီဦးရေပြည့်ပါက လက်ခံမည်မဟုတ်ပါ။)

စီးပွားရေးတက္ကသိုလ် (၁၉၆၄-၆၈)နှစ် ဘွဲ့ရသူငယ်ချင်းများ၏ (၁၃)ကြိမ်မြောက် မိတ်ဆုံခရီးစဉ်

ခရီးစဉ် (၁)	-	သန်လျင်မြို့ဘုရားများဖူးရန်
ခရီးစဉ် (၂)	-	သန်လျင်သဒ္ဓမ္မဇောတိကာရုံ(ရွှေကျင်)ကျောင်းမှလတန်းလွှန်ဘ/က ကျောင်းတွင်လှူဒါန်းရန်
ခရီးစဉ် (၃)	-	မြမြင့်မိုရ်ဟိုတယ်ခန်းမ သန်လျင်
ရက်စွဲ	-	၁၂-၂-၂၀၁၆ရက် (ပြည်ထောင်စုနေ့)
အချိန်	-	နံနက် ၇း၀၀နာရီတိတိထွက်ခွာပြီး ညနေ ၅း၀၀နာရီခန့်ပြန်ရောက်ပါမည်။
စုရပ်	-	ပင်မစီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)
မှတ်ချက်။	။	(၁)ဘ/က ကျောင်းသား ကျောင်းသူများအတွက် ငွေ/ကျောင်းသုံးပစ္စည်း/အသုံးအဆောင်များကို ယူဆောင်လှူဒါန်းနိုင်ပါသည်။ (၂)သူငယ်ချင်းများ လက်ဆောင်လဲလှယ်ရန်အတွက် တစ်ဦးချင်းအမှတ်တရပစ္စည်းများ ယူဆောင်လာပါရန်။

လိုက်ပါလိုသူ သူငယ်ချင်းများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁။ ဒေါ်ခင်ဝင်းရီ ဖုန်း-၀၉-၅၄၀၇၇၂၀
၂။ ဒေါ်နန့်မေစန်း ဖုန်း-၀၉-၅၁၈၅၁၁၁

ကိုယ်ပိုင်ကား စီးခွင့်ရတဲ့ အောင်သမာဓိ ဝန်ထမ်းများရဲ့ ကျေးဇူးတင်လွှာ

အောင်သမာဓိ စိန်ရွှေရတနာဆိုင် နှင့် ရွှေသန့်စင်လုပ်ငန်းဝန်ထမ်းများကို (၁.၂.၂၀၁၆)နေ့က ကား(၁)စီး [illegible]

[illegible]

အောင်သမာဓိ စိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်း၏
မန္တလေးမြို့နှင့် ရန်ကုန်မြို့ရှိ ဆိုင်(၄)ဆိုင်မှ ဝန်ထမ်းများအားလုံး

ဖခင်အမည်မှန်

လားရှိုးမြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ သတ္တမတန်း(ခ)တွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ် ၁၇၂၅/၀၈ စိုင်းနော်ခမ်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအောင်ရွှေ ဖြစ်ပါသည်။

မိဘအမည်မှန်

အထကတောင်နီ၊ နဝမတန်း (က) မှ မသက်ထားဇင်၏ မိဘအမည်မှန်မှာ ဦးအောင်မြင့်-ဒေါ်ချိုချိုဝင်း ဖြစ်ပါကြောင်း။

ဦးအောင်မြင့်-ဒေါ်ချိုချိုဝင်း

အမည်မှန်

ရွှေညောင်မြို့၊ အထက၊ နဝမတန်း (D)မှ မောင်မျိုးမင်းသိန်း၏ အမည်မှန်မှာ မောင်မျိုးသိန်း ဖြစ်ပါကြောင်း။

မောင်မျိုးသိန်း

မွေးသက္ကရာဇ်မှန်

ဆီဆိုင်မြို့နယ်၊ နားသံကျေးရွာအုပ်စု၊ နားမွန်းကျေးရွာနေ ဦးမောင်ပဲ(ခ)ဦးထောင်ပိန်နှင့် ဒေါ်နန်းယဉ် (ခ) ဒေါ်မရင်တို့၏သား မောင်ခွန်ထွန်းဝေ၏ မွေးသက္ကရာဇ်မှန်မှာ ၃-၆-၁၉၉၂ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဆီဆိုင်မြို့နယ်၊ နားသံကျေးရွာအုပ်စု၊ နားမွန်းကျေးရွာနေ ဦးကျောင်းစိန္ဒ၏သား ဦးမောင်ပဲနှင့် ဦးထောပိန်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးမောင်ပဲ(ခ)ဦးထောပိန်

တစ်ဦးတည်းဖြစ်ပါကြောင်း

ဆီဆိုင်မြို့နယ်၊ နားသံကျေးရွာအုပ်စု၊ နားမွန်းကျေးရွာနေ ဦးလုံးကြာ၏သမီး ဒေါ်နန်းယဉ်နှင့်ဒေါ်မရင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဒေါ်နန်းယဉ်(ခ)ဒေါ်မရင်

သရက်ခြံ နှစ်ချုပ်ဖြင့် ငှားမည်

၁၀နှစ်သားနှင့် အထက်ရှိသော မန္တလေးရင်ကွဲ အပင် ၁၀၀၊ ၂၀၀နှင့် အထက် ပဲခူးတိုင်းဒေသကြီး၊ မင်းလှ၊ အုတ်ဖိုတွင်ရှိသည်။ အပင်ချုပ်၊ နှစ်ချုပ်ဖြင့် ငှားလိုသူများ အမြန်ဆက်သွယ်ပါ။ ဖုန်း-၀၉-၇၉၃၇၀၇၀၆၉၊ ၀၉-၇၇၉၉၂၄၆၉ Viber ဖြင့်လည်း ဆက်သွယ်နိုင်ပါသည်။

မြေကွက်များ ဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ ဒဂုံတောင်မြို့နယ်များရှိ မြေကွက်များ ဝယ်ယူလိုပါသည်။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊ ၀၉-၂၆၀၆၆၄၄၉၀

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကိုကြွဆံ ဆံတော်ရှင် အရှေ့ဘက်မုခ်ရှိ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာနနာယက "အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သုမင်္ဂလာမဟာထေရ်" ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ နှစ်(၁၀၀) ပြည့်ပူဇော်ပွဲကို အထူးကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ၁၄-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ ၁၂ နာရီတွင် ကျောင်းတိုက်ကြီးအတွင်း၌ ပင့်သံဃာအပါး(၁၅၀)နှင့် သီလရှင်အပါး(၂၀၀) ကျော်တို့အား ပင့်ဖိတ်ပြီး လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းသွားမည်ပါသောကြောင့် ဆရာတော်ကြီး၏ တပည့်ဒါယကာ ဒါယိကာမများ လာရောက်ဆက်သွယ်လှူဒါန်းကြပါရန်နှင့် ၎င်းပွဲကြီးသို့ တက်ရောက်ပူဇော် အတူတကွ ရေစက်ချတရားနာကြရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

လယ်တီအကျိုးဆောင်အဖွဲ့
သုမင်္ဂလာရာမလယ်တီဝိပဿနာ
ကျောင်းတိုက်ကြီး
သဃ်ာန်းကျွန်းမြို့နယ်

ဖုန်း-၀၁-၅၆၀၇၁၀၊ ၀၁-၅၆၄၇၄၃၊ ၀၉-၄၄၈၀၅၂၄၉၃

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀-၂-၂၀၁၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျောက်စိမ်းတွင်းမှော်ရုံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ/အသင်းသားများ မပျက်မကွက်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ (နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါမည်။ ဖိတ်စာသီးခြားမပို့ပါ။)

* အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်သက်ကြီးများ (မှတ်ပုံတင်မိတ္တူပူးတွဲလျက်) ကိုယ်တိုင်တက်ရောက်ကန်တော့ခံကြွရောက်ပါရန်။
* ၂၀၁၄-၂၀၁၅ခုနှစ်၊ တက္ကသိုလ်ဝင်တန်းအောင်(ဂုဏ်ထူး)ရ အသင်းဝင်များ၏ သားသမီးများ (အမှတ်စာရင်းမိတ္တူပူးတွဲလျက်)

  ၁၅-၂-၂၀၁၆ရက်ကို နောက်ဆုံးထား၍ အမည်စာရင်းများပေးပို့ကြပါရန်နှင့် ၎င်းရက်ထက်ကျော်လွန်၍ ရရှိသောအမည်စာရင်းများကို လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။ အလှူငွေများ ကြိုတင်ထည့်ဝင်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(၁)	ဦးစောနွံသန်းစိန်	ဖုန်း-၀၉-၅၀၉၉၁၁၆
(၂)	ဦးတင်မောင်ဝင်း	ဖုန်း-၀၉-၅၄၀၇၄၆၂
(၃)	ဒေါ်ဘောဘီ	ဖုန်း-၀၉-၅၁၇၃၃၇၈
(၄)	ဒေါ်ကြည်ကြည်ဆွေ	ဖုန်း-၀၉-၅၁၆၆၂၄၈
(၅)	ဒေါ်တင်တင်ညွန့်	ဖုန်း-၀၉-၄၅၀၀၂၂၀၈၀
(၆)	ဒေါက်တာအေးအေးစိုး	ဖုန်း-၀၁-၃၉၂၈၈၅
(၇)	ဒေါ်ဥမ္မာအောင်	ဖုန်း-၀၉-၄၃၁၉၀၄၅၆
(၈)	ဒေါ်ကြည်ကြည်နိုင်	ဖုန်း-၀၉-၃၃၂၁၅၃၄၃
(၉)	ဒေါ်လှဲ့လှဲ့ဆွေ	ဖုန်း-၀၉-၅၁၃၄၇၆၆
(၁၀)	ဒေါ်မိမိမူ	ဖုန်း-၀၉-၅၁၅၁၆၇၉
(၁၁)	ဒေါ်နနယဉ်	ဖုန်း-၀၉-၂၅၀၅၃၅၅၇၄
(၁၂)	ဒေါ်ညိုမာသွယ်	ဖုန်း-၀၉-၅၀၂၁၈၁၅

အမှုဆောင်အဖွဲ့

ဖမ်းဆီးရမိသောပုံစံ(ဂ)သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများ ရောင်းချရန် လေလံကြော်ငြာ

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်ရှိ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ပုံစံ(ဂ)ဝင် သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများကို ဒုတိယညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ လားရှိုးမြို့၌ ၁၅-၂-၂၀၁၆ ရက် နံနက် ၁၀ နာရီတွင် မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

(က)	ပိတောက်ဂီတာအိုး	၄ ခု	၀.၀၁၅၂ တန်
(ခ)	ကုက္ကိုလုံးသားအရုပ်	၂၃၉ ခု	၀.၅၉၇၄ တန်
(ဂ)	ပိတောက်သားအချောထည်	၇၀၅ ခု	၀.၂၉၄၀ တန်
(ဃ)	ဇီးမှုန့်	၂၀ အိတ်	၅၀၈ Kg

၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရုံး၊ လားရှိုးမြို့၊ မူဆယ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် မူဆယ်မြို့နယ်၊ ဦးစီးအရာရှိရုံးတို့တွင် ၈-၂-၂၀၁၆ ရက်မှစ၍ ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မူဆယ်မြို့ ဖုန်း-၀၈၂-၅၁၅၉၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အထူးလိုက်လှဲဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့၌ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် သာသနာတော်ဆိုင်ရာ **"သဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော်ကို သဃ်ာန်းကျွန်းမြို့နယ်- ဆံ/က ရပ်ကွက် ကိုကြွဆံဘုရားအရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက် ပဓာနနာယက၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ **"ဆရာတော်ဘဒ္ဒန္တအာသဘ"** အရှင်သူမြတ်အား ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူ ပူဇော်အပ်ပါကြောင်းနှင့် ဆရာတော် သက်ရှည်ကျန်းမာစွာဖြင့် ဗုဒ္ဓသာသနာတော်အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည် အရှင်မြတ်ဘုရား။

သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်မှ
တပည့်ဒါယကာ ဒါယိကာမ အကျိုးဆောင်များ

အထူးလိုက်လှဲဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် သုဓမ္မသိင်္ဂီ ဒေါ်အေးအေးမာ (ဒါရိုက်တာ) သူရိယစန္ဒာဝင်းကုမ္ပဏီလီမိတက်အား **"သီဟသုဓမ္မသိင်္ဂီ"** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလိုက်လှဲ ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် ဘာသာသာသနာအကျိုး၊ နိုင်ငံနှင့်လူမျိုးအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အထူးမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်
ပဓာနနာယကဆရာတော်နှင့်
တပည့်ဒါယကာ အကျိုးဆောင်များ

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း(B) မှ မောင်သိန်းထွန်း၏ဖခင်အမည်မှန်မှာ ဦးလီဆင်းချန်(ခ)ဦးလီစီးချန် ၁၃/လရန(နိုင်)၁၀၂၃၈၂ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အထက (၇)၊ နဝမတန်း (B) မှ မောင်လောက်ဖင်(ခ)မောင်ကျော်ဇင်ထွန်း (ဘ)ဦးရှောက်လီ E-၁၃/သနန(ယ)၀၀၃၇၇၆ ဖြစ်ပါကြောင်း။

အမည်ပြောင်း

အမှတ် 39 A၊ ပထမထပ်၊ လမ်း ၉၀ ကန်တော်လေး မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးထွန်းထွန်းနိုင်-ဒေါ်သင်းနန္ဒာဆုတို့၏သား IILBCစမ်းချောင်း Epcတန်းမှ မောင်ကောင်းထက်သီဟအား မောင်ကောင်းသုတဟု ပြောင်းလဲခေါ်ပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ဇင်မင်းဖြိုး ၁၀/သထန(နိုင်)၁၆၉၀၈၇ ၏ Passport (No-မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၁၈၂၇၀၀

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ဝင်း ၁၀/ကမရ(နိုင်)၁၀၃၈၅၃ ၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၈၂၁၀၃၅

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်အောင်မိုးကျော် ၁၄/ပသန(နိုင်)၁၈၅၆၆၂၏ Passport (No. မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၁၈၂၇၀၀

မြန်မာ့အလင်း
ဂျာနယ်
အားကစား

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ သောကြာနေ့။

ပြည်တွင်းရေးရာ

လွမ်းလို့နေရပါသည် • • •
နာဂမြေ

စာ - ၃

ဘိုင်ယန်မြူးနစ်မှာတော့ ခက်ခဲမှုတွေရှိနေဦးမယ့် ဂွာဒီယိုလာ

စာ - ၂

ကမ္ဘာ့အလိုချင်ဆုံးနည်းပြတစ်ဦးလို့ နာမည်တွင်ခဲ့တဲ့ စပိန်နိုင်ငံသား ဂွာဒီယိုလာဟာ လာမယ့်ရာသီအတွင်းမှာတော့ ပရီမီယာလိဂ်ပြိုင်ပွဲကြီးကို ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ သူ့ရဲ့ တရားဝင်ထုတ်ဖော်ပြောဆိုမှုတွေအရတော့ ဂွာဒီယိုလာဟာ ပရီမီယာလိဂ်ထိပ်တန်းကလပ် မန်စီးတီးအသင်းနဲ့ လက်တွဲသွားမှာဖြစ်တယ်လို့ ဆိုထားခဲ့တာပါ။ ဒီလိုအတည်ပြုသတင်းတွေ ထွက်ပေါ်လာခဲ့ပြီးနောက်မှာတော့ နည်းဗျူဟာပိုင်း အလွန်ပိုင်နိုင်လှတဲ့ နည်းပြဂွာဒီယိုလာဟာ မန်စီးတီးအသင်းမှာ ဘယ်လိုကမ္ဘာကျော်ကစားသမားတွေကို ခေါ်ယူသွားကာ အသင်းကို ဘယ်လိုပြင်ဆင်သွားနိုင်တယ်ဆိုတဲ့ ထင်ကြေးပေးသတင်းတွေကလည်း ကမ္ဘာ့တစ်ဝန်းက မီဒီယာတွေမှာ မပြတ်ချင်အဆုံးအထိကို ဖြစ်ခဲ့ရပါတယ်။

ဘိုင်ယန်မြူးနစ်မှာတော့

ခက်ခဲမှုတွေရှိနေဦးမယ့် ဂွာဒီယိုလာ

ဂွာဒီယိုလာရဲ့ကစားသမားခေါ်ယူလိုမှု ရာနှုန်းပြည့်အောင်မြင်ပါ့မလား

ဒီလိုထင်မြင်သုံးသပ်မှုတွေမှာ အမှန်တကယ်ဖြစ်ပေါ်လာနိုင်စရာတွေရှိနေပေမယ့်လည်း ဂွာဒီယိုလာကိုယ်တိုင် တည်ဆောက်သွားမယ့် အသင်းတစ်သင်းဖြစ်သွားဖို့ကတော့ ရာနှုန်းပြည့်မသေချာနိုင်ဘူးဆိုတာ စဉ်းစားစရာတွေ ရှိနေခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် ကမ္ဘာတစ်ဝန်းက အားကစားမီဒီယာ အစုံအလင်ရဲ့ ဖော်ပြမှုတွေကတော့ ဘောလုံးကျွမ်းကျင်သူ ဂွာဒီယိုလာဟာ ကမ္ဘာ့အကျော်အမော်တွေဖြစ်နေတဲ့ မက်ဆီ၊ ပေါ့ဂ်ဘာ၊ လီဝန်ဒေါ့စကီး၊ ဒန်နီအဲဗက်စ်၊ ဂျွန်စတုန်းစတဲ့ လက်ရှိဘောလုံးလောကမှာ ထိပ်တန်းခြေစွမ်းပြသနေတဲ့ ကစားသမားတွေကို မန်စီးတီးအသင်းထံ အရခေါ်ယူသွားမယ်ဆိုတဲ့ ဖော်ပြမှုတွေကို ပြုလုပ်နေခဲ့ကြတာဖြစ်ပါတယ်။ ဗြိတိန် နာမည်ကျော်သတင်းစာတစ်စောင်ကဆိုရင် ဂွာဒီယိုလာအနေနဲ့ မန်စီးတီးအသင်းမှာ ကစားသမားခေါ်ယူမှုတွေ ပြုလုပ်သွားဖို့ ပေါင်သန်း ၁၅၀ အထိ အသုံးပြုခွင့် ရရှိထားခဲ့ပြီလို့တောင် ဖော်ပြထားခဲ့ပါတယ်။ ဒီလိုငွေကြေးပမာဏတစ်ခုဟာ ဂွာဒီယိုလာ အသုံးပြုသွားနိုင်တဲ့ ပမာဏတစ်ခုဖြစ်နေပေမယ့်လည်း သူခေါ်ယူလိုတဲ့ ကစားသမားတိုင်းကို မိခင်ကလပ်တိုင်းက ထုတ်ရောင်းလိုတဲ့ဆန္ဒရှိနေဦးမှသာ ဂွာဒီယိုလာရဲ့ ဆန္ဒတွေ ပြည့်မြောက်နိုင်မှာလည်း ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကမ္ဘာ့ခြေစွမ်းအထက်ဆုံး ကစားသမားတွေဖြစ်နေတဲ့အတွက်ကြောင့် ဒီကစားသမားတွေရဲ့ မိခင်ကလပ်တွေကလည်း သူတို့ရဲ့ကစားသမားကို အသင်းမှာဆက်ရှိစေချင်မှာ သေချာနေတဲ့အတွက်ကြောင့်ပါ။

ဒါကြောင့် ဂွာဒီယိုလာအနေနဲ့ မန်စီးတီးအသင်းမှာ ဘယ်လိုကစားသမားတွေနဲ့အသင်းကို ဘယ်လောက်အထိ အောင်မြင်သွားအောင် စွမ်းဆောင်ပြနိုင်မလဲဆိုတဲ့ အချက်တွေကို ကြိုတင်သုံးသပ်နေခြင်းက ဝေးကွာတဲ့သုံးသပ်မှုတစ်ခုကို ပြုလုပ်နေသယောင်ဖြစ်စေမှာပါ။

ဂွာဒီယိုလာနဲ့ဘိုင်ယန်မြူးနစ်

ဒီရာသီမှာ ဘယ်လောက်အထိ အောင်မြင်မလဲ

ကမ္ဘာ့နည်းစနစ်အကျွမ်းကျင်ဆုံး နည်းပြတစ်ဦးလို့တောင် အများကသတ်မှတ်ခြင်းကို ခံထားရတဲ့ ဂွာဒီယိုလာဟာ လက်ရှိတာဝန်ယူနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဒီရာသီမှာ ဘယ်လိုအောင်မြင်မှုတွေ ရယူသွားနိုင်မလဲဆိုတာကသာ လက်တွေ့ကျပြီး လက်တွေ့ဆန်တဲ့ စဉ်းစားသုံးသပ်မှုတစ်ခုဖြစ်နိုင်ပါလိမ့်မယ်။ ဒီလိုအသင်းတစ်သင်းကို ကူးပြောင်းတော့မယ်လို့ တရားဝင်ထုတ်ပြောထားတဲ့ နည်းပြတစ်ဦးရဲ့ ကိုင်တွယ်တာဝန်ယူမှုတွေကို ဘိုင်ယန်မြူးနစ်ကစားသမားတွေကရော ရာသီကုန်ခရီးဆုံးချိန်ထိ ဘယ်လောက်အထိ ဆက်ခံနားထောင်သွားမလဲဆိုတာကလည်း စဉ်းစားစရာတစ်ခုဖြစ်နေခဲ့ရပါတယ်။ ဂွာဒီယိုလာအနေနဲ့ ရာသီကုန်မှာ ဘိုင်ယန်ကနေထွက်တော့မယ်လို့ တရားဝင်ပြောခဲ့တဲ့ အချိန်ကစလို့ ဘိုင်ယန်မြူးနစ်အသင်းကြီးရဲ့ကစားအားတွေကတော့ အမှန်တကယ် ကျဆင်းသွားခဲ့တာအမှန်ပါပဲ။ ဂွာဒီယိုလာဟာ အသင်းကထွက်တော့မယ်လို့ စပြောခဲ့တဲ့ ပြီးခဲ့တဲ့ဒီဇင်ဘာလအတွင်းကစလို့ ဘိုင်ယန်အသင်းရဲ့ခြေစွမ်းတွေကို လေ့လာကြည့်မယ်ဆိုရင်တော့ တန်းတက်အသင်းတွေဖြစ်တဲ့ အင်ဂိုဆတတ်ကို အိမ်ကွင်းမှာ ၂-၀ ဂိုး၊ ဒမ်စတက်လို အသင်းကို ၁-၀ ဂိုး၊ ဟန်နိုဗာလို အမှတ်ပေးဇယားအောက်ဆုံး ရောက်နေတဲ့အသင်းကို ဝ-၁ ဂိုး၊ ဟမ်းဘတ်ကို ၁-၂ ဂိုး၊ ဟော့ဖန်ဟိန်းကို ၂-၀ ဂိုးစတဲ့ ရလဒ်တွေနဲ့သာ ခရီးဆက်နေခဲ့တာပါ။ ရာသီအစပိုင်းမှာ အံ့မခန်းခြေစွမ်းတွေကို ပိုင်ဆိုင်ခဲ့ပြီး ပြိုင်ဘက်အသင်းတိုင်းကို အနည်းဆုံး သုံးဂိုးနဲ့အထက် သွင်းနိုင်ခဲ့တဲ့ ဘိုင်ယန်မြူးနစ်အသင်းရဲ့ ခြေစွမ်းတွေဟာ ဂွာဒီယိုလာ အသင်းကထွက်ခွာတော့မယ်ဆိုတဲ့ ကြေညာချက်နောက်ပိုင်းမှာ ထွက်ပေါ်လာတဲ့ခြေစွမ်းတွေနဲ့တော့ တကယ့်ကိုကွာခြားနေခဲ့တာလည်းအမှန်ပါပဲ။ တစ်ပွဲတစ်မျိုး နည်းစနစ်အပြောင်းအလဲတွေကို ပြုလုပ်နေခဲ့တဲ့ ဂွာဒီယိုလာရဲ့ နည်းစနစ်တွေကို နောက်ပိုင်းပွဲစဉ်တွေမှာရော ဘိုင်ယန်မြူးနစ်ကစားသမားတွေ ဘယ်လောက်အထိ လိုက်ကစားနိုင်မလဲဆိုတာကလည်း သံသယဖြစ်စရာတွေရှိနေခဲ့ရတာပါ။ ချန်ပီယံလိဂ်ပြိုင်ပွဲကြီးမှာ ဘိုင်ယန်အသင်း ဆုဖလားအောင်မြင်မှုရယူနိုင်တယ်လို့ အများက ထင်မှတ်ထားခဲ့မှုတွေဟာလည်း သံသယဖြစ်စရာတွေရှိလာခဲ့ရပါတယ်။ ဒီလိုကျဆင်းစပြုလာတဲ့ ခြေစွမ်းတွေကိုတော့ ဂွာဒီယိုလာကိုယ်တိုင်က အသင်းရဲ့ ခံစစ်ကစားသမားတွေ ဒဏ်ရာရပြဿနာများပြားနေခဲ့တဲ့အတွက်ကြောင့်သာ ဖြစ်တယ်လို့ ကာကွယ်ထားခဲ့ပါတယ်။ ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှာတော့ ရမှတ် ရှစ်မှတ်ဖြတ်ထားနိုင်ခဲ့တဲ့ ဘိုင်ယန်ဟာ ဆုဖလားဆွတ်ခူးနိုင်တဲ့ အနေအထားတစ်ခုကို ပိုင်ဆိုင်ထားပြီလို့ ဆိုနိုင်နေပေမယ့်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲကြီးမှာတော့ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်၊ အက်သလက်တီကို၊ ဂျူဗင်တပ်စ် စတဲ့အသင်းကြီးတွေကိုကျော်ဖြတ်ပြီး ဆုဖလားဆွတ်ခူးပြနိုင်ဖို့ကတော့ တကယ့်ကို သံသယဖြစ်စရာပါ။ ချန်ပီယံလိဂ်ရှုံးထွက် ၁၆ သင်းအဆင့်မှာလည်း အံ့မခန်းခြေစွမ်းကောင်းတွေကို တောက်လျှောက်ပြသနေခဲ့တဲ့ ဂျူဗင်တပ်စ်လိုအသင်းမျိုးနဲ့ ဆုံတွေ့နေခဲ့ခြင်းက ဂွာဒီယိုလာအတွက် ကြီးမားတဲ့အခက်အခဲတစ်ခုဖြစ်နေခဲ့ရပါတယ်။ ဂျူဗင်တပ်စ်ဆိုတာကလည်း ပြီးခဲ့တဲ့ရာသီမှာ နာမည်ကျော် ရီးရဲမက်ဒရစ်လိုအသင်းကို ဆီမီးမှာကျော်ဖြတ်ပြီး ဖိုင်နယ်တက်နိုင်ခဲ့တဲ့အသင်း ဖြစ်နေခဲ့ပါတယ်။ ဒါကြောင့် ဂွာဒီယိုလာနဲ့ ဘိုင်ယန်မြူးနစ်တို့ရဲ့ အောင်ပွဲဟာ ပြည်တွင်းဖလားအောင်မြင်မှုနဲ့သာ အဆုံးသတ်ရဖို့ များနေတယ်လို့သာ ဆိုချင်ကြောင်း။

■ အောင်က

ဂျွန်တယ်ရီအား

ချယ်လ်ဆီးအနေဖြင့်

စာချုပ်သစ်

ချုပ်ဆိုသင့်ကြောင်း

ခံစစ်မှူး

ဇူးမားပြောဆို

ယခုနှစ် ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းတွင် ဗဟိုခံစစ်မှူး ဂျွန်တယ်ရီ ကစားနေသည့်ခြေစွမ်းကြောင့် ချယ်လ်ဆီးအသင်းအနေဖြင့် တယ်ရီအား စာချုပ်သစ်ချုပ်ဆိုသင့်သည်ဟု ယူဆကြောင်း ချယ်လ်ဆီးအသင်း လူငယ် ဗဟိုခံစစ်မှူး ဇူးမားက ထုတ်ဖော်ပြောဆိုလိုက်သည်။

အင်္ဂလန် ဗဟိုခံစစ်မှူး ဂျွန်တယ်ရီနှင့် ချယ်လ်ဆီးအသင်းတို့ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းက အသင်းကပ္ပတိန်ဖြစ်သူ ဂျွန်တယ်ရီအား စာချုပ်သစ် ချုပ်ဆိုတော့မည်မဟုတ်ကြောင်း အသိပေးအကြောင်းကြားခဲ့ပြီးနောက် ဂျွန်တယ်ရီ(၃၅နှစ်)က ယခုနှစ်ဘောလုံးရာသီပြီးဆုံးချိန်တွင် ချယ်လ်ဆီးမှ ထွက်ခွာမည်ဟု ချယ်လ်ဆီးက အမ်ကေဒွန်းအသင်းကို ၅-၁ ဖြင့် အနိုင်ရရှိခဲ့သော အက်ဖ်အေဖလားပွဲအပြီးတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။

ပြင်သစ်ကစားသမား ဇူးမားက "ချယ်လ်ဆီးကနေထွက်ခွာမယ်လို့ ဂျွန်တယ်ရီ ကြေညာခဲ့တဲ့အတွက် အံ့အားသင့်ရပါတယ်။ သူဟာ နောက်ထပ် တစ်ရာသီ၊ နှစ်ရာသီလောက် ဆက်ပြီးကစားနိုင်စွမ်းရှိသေးသူမို့ သူဘာဆက်လုပ်မလဲဆိုတာကို စောင့်ကြည့်ရတော့မှာပါ။ ဂျွန်တယ်ရီကို ဆုံးရှုံးရမယ်ဆိုတဲ့ခံစားချက်က ပြီးခဲ့တဲ့နွေရာသီမှာ ဒရော့ဘာကို ဆုံးရှုံးခဲ့ရစဉ်က ခံစားရမှုမျိုးအတိုင်းပါပဲ။ ဒီလို ကစားသမားတွေ အသင်းကထွက်ခွာသွားချိန်မှာ သူတို့နေရာကို အစားထိုးမှုတွေ ပြုလုပ်ပေမယ့် တယ်ရီရဲ့နေရာကို ဘယ်လိုအစားထိုးမှုပြုလုပ်မလဲဆိုတာ မသိသေးပါဘူး။ တယ်ရီဟာ ထိပ်တန်းအဆင့်ခြေစွမ်းမျိုးနဲ့ ကစားနေနိုင်ဆဲ ဖြစ်ပါတယ်။ သူဟာ ခြေစွမ်း ဆိုးဆိုးရွားရွားပုံစံနဲ့ ကစားတာကို မမြင်တွေ့ဖူးပါဘူး။ ဒါက အမှန်ပြောတာပါ။ တယ်ရီဟာ အခြားသူတွေကိုလည်း ကူညီတတ်သူဖြစ်ပါတယ်။ တယ်ရီဟာ ဦးဆောင်မှုကောင်းကောင်းပေးနိုင်သူလည်းဖြစ်ပါတယ်"ဟု ပြောသွားသည်။

ခံစစ်မှူး ဂျွန်တယ်ရီသည် ချယ်လ်ဆီးလူငယ်ကစားသမားတစ်ဦးဖြစ်ပြီး ၁၉၉၈ ခုနှစ်ကတည်းက ချယ်လ်ဆီးပထမအသင်းတွင် ပါဝင်ကစားနေသူဖြစ်သည်။ ချယ်လ်ဆီးအသင်းအတွက် စုစုပေါင်း ၆၉၆ ပွဲ ပါဝင်ကစားထားပြီး ၆၆ ဂိုး သွင်းယူထားသူ တယ်ရီသည် ပရီမီယာလိဂ်သွင်းဂိုး ၄၀ သွင်းယူထားကာ ပရီမီယာလိဂ်ပြိုင်ပွဲတစ်လျှောက် ခံစစ်ကစားသမားများအနက် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် စံချိန်တင်ထားသူဖြစ်သည်။

ခရစ္စတဲလ်ပဲလေ့စ်အသင်းမန်နေဂျာ အလန်ပါဂျူးက ချယ်လ်ဆီးမှ ဂျွန်တယ်ရီ ထွက်ခွာချိန်တွင် တယ်ရီအား ပဲလေ့စ်အသင်းနှင့် စာချုပ်ချုပ်ဆိုရန် တိုက်တွန်းမည်ဟု ပြောဆိုခဲ့သည်။

သို့သော်လည်း တယ်ရီကမူ ပရီမီယာလိဂ်ပြိုင်ပွဲတွင် ဆက်လက်ကစားတော့မည်မဟုတ်ဘဲ ပြည်ပလိဂ်ပြိုင်ပွဲတစ်ခုသို့သာ ပြောင်းရွှေ့မည်ဖြစ်ကြောင်း အတည်ပြုပြောဆိုထားသည်။

လွမ်းလို့နေရပါသည်...နာဂမြေ

နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် တွေ့မြင်ရသည့် နာဂပျိုမေများ။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁၅ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ဖြစ်ပါသည်။ အချိန်ကာလအားဖြင့် အတန်ငယ်ကြာသွားပြီဖြစ်လင့်ကစား ကျွန်တော်၏ စိတ်အာရုံထဲမတော့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိလာသော နိုင်ငံတော်သမ္မတကြီးနှင့် ဧည့်သည်တော်များအား ဒေသခံ နာဂတိုင်းရင်းသားသွေးချင်းများက ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲကြိုဆိုနေကြသည့် မြင်ကွင်းပုံရိပ်များကို မြင်ယောင်နေဆဲဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားတွင် နန်းယွန်းမြို့နယ်၊ လဟယ်မြို့နယ်၊ လေရှီးမြို့နယ်တို့တွင်နေထိုင်ကြသော နာဂတိုင်းရင်းသား ပြည်သူများအတွက် သီတဂူဆရာတော်ကြီးက ပေးပို့ထောက်ပံ့သည့် အဝတ်အထည်များ၊ နိုင်ငံတော်သမ္မတကြီးက လှူဒါန်းသော ဘုရားဆင်းတုတော် ၁၀၀ အပါအဝင် စောင်နှင့် အနွေးထည်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထောက်ပံ့သော အဝတ်အထည်မျိုးစုံ၊ နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့သည့် သွပ် ၈၂၂၇ ချပ်နှင့် ဆိုလာမီးအိမ် အလုံး ၁၅၀၀၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကထောက်ပံ့သည့် SKY NET အစုံ ၅၀၊ စက်သုံးဆီ၊ အထပ်သားများ၊ လက်တွန်းထွန်စက်ခြောက်စီး၊ ခြေလှေ့စက်ခြောက်စီး၊ ဆိုလာမီးအိမ်၊ စောင်နှင့် မီးသတ်ဝတ်စုံများ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနကထောက်ပံ့သည့် မျိုးစပါးနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကထောက်ပံ့သည့် စောင်များ၊ အားကစားဝန်ကြီးဌာနက ထောက်ပံ့သည့် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းလုံးများနှင့်ပိုက်များ၊ တိုင်းဒေသကြီးသမဦးစီးဌာနက ထောက်ပံ့သည့် ဗလာစာအုပ်များ၊ ဒိုင်းမွန်းပဲလေ့စ်ကုမ္ပဏီကလှူဒါန်းသည့် ဗလာစာအုပ်၊ ခဲတံ၊ ပေတံနှင့် ရေဒီယိုများကို ပေးအပ်ခဲ့ကြရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြသည်။

ယမန်နှစ်က နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို လေရှီးမြို့၌ ကျင်းပခဲ့ရာ ကျွန်တော်တို့ တည်းခိုနေထိုင်သည့် နေရာနှင့် အနည်းငယ်အလှမ်းကွာဝေးသည်။ ယခု လဟယ်မြို့တွင်မူ ကျွန်တော်တို့အဖွဲ့က အခမ်းအနားကျင်းပသည့် ကွင်းအနီးရှိ မိတ်ဆွေကြီးဦးဆားမူအိမ်၌ တည်းခိုခဲ့သည် ဖြစ်ရာ နံနက်စောစော ပြတင်းတံခါးကို ဖွင့်လိုက်သည်နှင့် မြူနှင်းများဖုံးလွှမ်းနေသော မာလာတောင်၏အလှက မြင်ကွင်းထဲသို့ တိုးဝင်လာသည်။ ထို့အပြင် အိမ်ပေါ်က လှမ်းကြည့်နေရုံမျှဖြင့် ကွင်းအတွင်း၌ ရိုးရာတံခွန်တိုင်နှင့် ဆုတောင်းတိုင်များ စိုက်ထူခြင်း၊ ရိုးရာပန်တုံးတီးခတ်ခြင်း၊ ပြခန်းများပြင်ဆင်နေခြင်း၊ ရိုးရာအဝတ်အထည်နှင့် လက်မှုပစ္စည်းများရောင်းချရန် အရောင်းဆိုင်ခန်းများ ဆောက်လုပ်နေခြင်း၊ အထက (လဟယ်)မှ ကျောင်းသား ကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့ လေ့ကျင့်တီးမှုတ်နေခြင်း၊ တဖွဲဖွဲရောက်ရှိလာသော နာဂရိုးရာယဉ်ကျေးမှုအဖွဲ့များက ကွင်းအတွင်းဝင်ရောက်၍ အကများ လေ့ကျင့်ခြင်းတို့ကို အတိုင်းသားမြင်နေရသည်။ နာဂတေး သီချင်းသံများကိုလည်း ယခုထိ ပြန်လည်ကြားယောင်နေဆဲ။ နာဂလုလင်ပျိုလေးများ၏ လဟယ်မှ စံပြကျေးရွာအထိ အသွားအပြန် ၁၂ မိုင် မီနီမာရသွန်အပြေးပြိုင်ပွဲကို အားပေးသံများ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲများတွင် **(အောက်ပုံ)** အုန်းအုန်းကျွက်ကျွက် အားပေးနေသည့် အသံများကလည်း ယနေ့အထိ တိုးတိတ်မသွားခဲ့။

ပြန်လည်တွက်စစ်ကြည့်လိုက်တော့ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ထိုကဲ့သို့ တစ်စုတစ်ဝေး ကျင်းပလာခဲ့သည်မှာ (၂၆) ကြိမ်မြောက်ရှိသွားပြီဖြစ်သည်။ ထို့အပြင် နာဂတိုင်းရင်းသားများသည် ၎င်းတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်ကို ရှေးဝဝေသဏီကတည်းက နေထိုင်ရာရွာအသီးသီး၌ ကျင်းပခဲ့သည့် အစဉ်အလာရှိကြောင်း၊ ကျင်းဝသည့်ရက်မတူညီဘဲ အဆင်ပြေသလိုလှည့်လည်သွားလာ၍ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း၊ များသောအားဖြင့် မိရိုးဖလာတောင်ယာလုပ်ငန်းလယ်ယာလုပ်ငန်းခွင်များမှ ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးနောက် လာမည့်နှစ်သစ် လုပ်ငန်းခွင်မဝင်မီ ကျင်းပလေ့ရှိကြောင်း လေ့လာသိရှိခဲ့ရသည်။ နှစ်သစ်ကူးပွဲတွင် တွေ့ဆုံခိုက် တစ်နှစ်ပတ်လုံး တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများကို ပြောဆိုဆွေးနွေးကြ၊ လာမည့်နှစ်သစ်တွင် လုပ်ကိုင်ကြမည့် လုပ်ငန်းဆောင်တာများအတွက် ညှိနှိုင်းတိုင်ပင်ကြ၊ ပေးရန်ရရန်ရှိသော ကြွေးမြီများကို ပေးချေရှင်းလင်းကြရင်း လာမည့်နှစ်သစ်တွင် ရာသီဥတုကောင်းမွန်၍ ကောက်ပဲသီးနှံများ ပေါများပါစေကြောင်း၊ လူတိုင်းလူတိုင်းဖျားနာကင်းဝေးပြီး ချမ်းသာသုခ ပြည့်ဝကြစေရန် ဆုမွန်ကောင်းများတောင်း၍ ရိုးရာယဉ်ကျေးမှု သီချင်းနှင့်အကများကို ပျော်ရွှင်စွာ သီဆိုကပြကြကြောင်းသိရသည်။ နှစ်သစ်ကူးပွဲတော်၏ အကျိုးရလဒ်များစွာထဲက ကျွန်တော်နှစ်ခြိုက် သဘောအကျဆုံးအချက်မှာ ပွဲတော်တွင် ရင်းနှီးချစ်ကြည်စွာ တခုန်ရင်း၊ နောက်ပြောင်ကျီစယ်ရင်းဖြင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ရွာနှင့် တစ်ရွာ မပြေမလည်ဖြစ်ခဲ့သော ပြဿနာကြီးငယ်များကို ပြေလည်သွားအောင်၊ ပျောက်သွားအောင် ဖြေရှင်း ဆောင်ရွက်နိုင်ခဲ့ကြသည်ဆိုခြင်းကိုပင်။ သည့်အတွက်ကြောင့်လည်း နာဂရိုးရာနှစ်သစ်ကူးပွဲတော်သည် အမုန်းတရားများ ကွယ်ပျောက်၍ နာဂတိုင်းရင်းသားသွေးချင်းများအတွက် စည်းလုံးညီညွတ်မှုခွန်အားကို တည့်ဆောက်နိုင်သော ပွဲတော်ကြီးတစ်ခုဆိုလျှင် မှားအံ့မထင်။

ယင်းကဲ့သို့ နာဂရိုးရာနှစ်သစ်ကူးပွဲတော်များကို တစ်ရွာလျှင်တစ်ရက်ကျ အဆင်ပြေသလို ကျင်းပနေကြရာမှ ၁၉၅၆-၁၉၅၇ ခုနှစ်ခန့်မှစတင်ကာ ကျေးရွာများ စုပေါင်း၍လည်းကောင်း၊ မြို့နယ်အဆင့် စုပေါင်း၍လည်းကောင်း ကျင်းပလာခဲ့ကြသည်။ ပွဲတော်ရက်ကို အလျဉ်းသင့်သလို သတ်မှတ်ခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်မှစတင်၍ မြို့နယ်အသီးသီးရှိ နာဂမျိုးနွယ်စုအကြီးအကဲများ ညှိနှိုင်းဆွေးနွေးတိုင်ပင်ခဲ့ကြပြီး နှစ်စဉ် ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပရန်ဆုံးဖြတ်ခဲ့ကြသည်။ နိုင်ငံတော်အကြီးအကဲများကလည်း ၁၉၉၃ ခုနှစ်မှစ၍ တက်ရောက်ဆင်နွှဲခဲ့ကြပြီး ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ကူညီဆောင်ရွက်ခဲ့ကြသည်။ ယခုဆိုလျှင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်၊ လဟယ်မြို့နယ်၊ လေရှီးမြို့နယ်တို့၌ အလှည့်ကျကျင်းပလာခဲ့သည်မှာ နှစ်မနည်းတော့ပေ။ ယခုနှစ်ပွဲတော်သို့ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ တက်ရောက်ချီးမြှင့်၍ ပါဝင်ဆင်နွှဲခဲ့ခြင်းဖြစ်ရာ ဒေသခံနာဂတိုင်းရင်းသား သွေးချင်းများအားလုံးက များစွာဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြသည်။

ယင်းပွဲတော် ကာလအတွင်းမှာပင် လဟယ်မြို့ကို ၂၄ နာရီ လျှပ်စစ်မီးရရှိစေမည့် ကျလွှေချောင်းရေအားလျှပ်စစ် စက်ရုံဖွင့်ပွဲအခမ်းအနားကို ကျင်းပနိုင်ခဲ့သည်။ ယင်းစက်ရုံကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၂၇၀ ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီ ၁၆ ရက်က လဟယ်မှ အပြန်ခရီးတွင် ကံအားလျော်စွာ ရဟတ်ယာဉ်ဖြင့် လိုက်ပါခွင့်ရခဲ့သဖြင့် တောင်စဉ်တောင်သွယ်အထပ်ထပ်ပေါ်၌ ဖောက်လုပ်ထားသော ခန္တီး-ဆင်သေ-လဟယ်ကားလမ်းကို လေ့လာကြည့်ရှုခွင့်ရခဲ့သည်။ စတုတ္ထအကြိမ်အဖြစ် ဖြတ်ကျော်ခွင့်မရခဲ့သော ထိန်ညိုတောင်ရှိရာသို့လည်း မှန်းမျှော်ကြည့်ရှု၍ ငေးမောခဲ့ရသေး၏။ နာဂမြေကို ဝေဟင်မှကြည့်ရှုနေရစဉ် ကျွန်တော့်နားထဲမှာ ကြားယောင်လာသည်က နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဆုတောင်းသံများ-

* နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေ၊
* နိုင်ငံတော်အကြီးအကဲနှင့် ဧည့်သည်တော်များ၊ နာဂတိုင်းရင်းသားသွေးချင်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊
* နှစ်သစ်မှာ ရာသီဥတုကောင်းမွန်ပြီး ဆန်ရေစပါး ပေါများကြွယ်ဝကြပါစေ၊
* အဖျားအနာကင်းဝေးပြီး ကြီးပွားချမ်းသာ တိုးတက်ကြပါစေ.....

...ဟူ၍။

■ မြင့်စိုး(နတလ)

မကွေးတိုင်းဒေသကြီး

ကျေးလက်လမ်းတံတားများ ဆောက်လုပ်မှုကြောင့် ထီးလင်းမြို့နယ်သားများ ဆက်သွယ်မှုလွယ်ကူလာ

ထီးလင်းမြို့နယ်သည် တောင်ကုန်း၊ တောင်တန်းဝေါများပြီး ချောင်းငယ်များသော မြို့နယ်တစ်ခုဖြစ်သည်။ မိုးရာသီရောက်လျှင် အနောက်ဘက်ချင်းတောင်တန်းမှ ချောင်းဖျားခံကာ စီးဆင်းလာသော မောချောင်းရေသည် မြို့နယ်အတွင်းစီးဆင်းလာသော ချောင်းရေများဖြင့် ပေါင်းဆုံကာ ရေကြီးလာသည်။ ရေကြီးလာလျှင် မောချောင်းအနောက်ဘက်ရှိ ကျေးရွာများနှင့် ထီးလင်းမြို့တို့ ဆက်သွယ်သည့်လမ်းများ ပြတ်တောက်သွားသည်။ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများ အခက်ကြုံကြသည်။

ယခုအခါတွင် နိုင်ငံတော်ထောက်ပံ့မှုဖြင့် သရခါရွာနှင့် တောင်ဘက်ရွာတို့သို့ သွားလာနိုင်ရန် စတီးကြိုးသွယ်တန်းလျက် လှေဖြင့် ကူး၍ရအောင် ဆောင်ရွက်ပေးထားသည်။ ထီးလင်းနှင့် ထလင်းရွာကို ကြိုးတံတားဖြင့် ကူးနိုင်ပြီး ဟင်းခွက်ကုန်းရွာနှင့် ညောင်ကန်ရွာကိုလည်း ကြိုးတံတားဖြင့်ကူးနိုင်ပြီဖြစ်သည်။ ကန်စွန်းထောင့်ရွာကိုလည်း သံကူကွန်ကရစ်တံတားဖြင့် ကူးနိုင်ပြီဖြစ်သည်။

ယခင်က မောချောင်းအနောက်ဘက်ရှိ တောရောင်းကျေးရွာသည် အိမ်ခြေ ၅၀ သာရှိပြီး မောရေကျလာလျှင် ကျေးရွာနေပြည်သူများ အရှေ့ဘက်ကမ်း ထန်းပင်ကုန်းရွာသို့ မကူးနိုင်တော့ပါ။ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့တို့ ကွင်းဆင်းကြည့်ရှုပြီး တောရောင်းကျေးရွာနှင့် ထလင်းကျေးရွာတို့သို့ ဆက်သွယ်ပေးထားသည့် အကျယ် ၁၈ပေ၊ အရှည်တစ်မိုင်လေးဖာလုံရှိ မြေလမ်းကိုသဲကြမ်းများခင်းပြီး အဆိုပါကျေးရွာနှစ်ရွာကို ဆက်သွယ်ပေးခဲ့သည်။ **(အပေါ်ပုံ)** ထို့အပြင် အရှည် ၂၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ သစ်သားတံတားကိုလည်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောက်လုပ်ပေးခဲ့သဖြင့် ချောင်ပိတ်နေသည့် တောရောင်း ကျေးရွာလေးမှာ ထလင်းကြိုးတံတားကို ဖြတ်၍ ရာသီမရွေး ထီးလင်းမြို့သို့ သွားလာနိုင် ပြီဖြစ်သဖြင့် သွားလာဆက်သွယ်မှု လွယ်ကူလာခဲ့ပြီဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်း တက်မြောက်ပြီးသူ ကျေးလက်ပျိုမေများ ဝင်ငွေရရှိအဆင်ပြေ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် ကျေးလက်နေပျိုမေများ အိုးမကွာ အိမ်မကွာဖြင့် အခြေခံစက်ချုပ် (မော်တာ) သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်ခွဲနှင့် စင်မတော်ကျေးရွာတွင် နိုင်ငံတော်စရိတ်ဖြင့် သင်ထောက်ကူပစ္စည်းများဖြင့် အခမဲ့ သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို ၂၀၁၅ ခုနှစ် ဩဂုတ်လကစ၍ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသူ ၁၈၀ ကျော် မော်တာစက်ချုပ်ပညာ တတ်ကျွမ်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ သင်တန်းမှ တက်မြောက်ပြီးသူအချို့မှာ သီလဝါအထူးစီးပွားရေးစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နေကြသလို အချို့မှာလည်း မိမိတို့ကျေးရွာများတွင် အပ်ထည်များလက်ခံချုပ်ပေးနိုင်သည့်အတွက် မိသားစုဝင်ငွေတစ်ဖက်တစ်လမ်းက ရရှိသဖြင့် စီးပွားရေးအဆင်ပြေကြောင်း သိရသည်။

အေးအေးကြူ(ကျေးလက်ဦးစီး)

အမြို့မြို့အနယ်နယ်ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

မြန်မာ့အလင်း
၅-၂-၂၀၁၆ (သောကြာနေ့)

ဧရာဝတီတိုင်းဒေသကြီး

ဇလွန်မြို့နယ်၌ ရေကြီးနစ်မြုပ်မှုမှကင်းဝေးရေး ဧရာဝတီမြစ်ဖြတ်တူးမြောင်း တူးဖော်မည်

တူးမြောင်းတူးဖော်မည့် စက်ယန္တရားများကိုတွေ့ရစဉ်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဖေဖော်ဝါရီ ၂ ရက်က ဇလွန်မြို့နယ် ငါးဆယ်ကျွန်းမှ ရွှေဟသာတကျွန်းသို့ ဧရာဝတီမြစ်ဖြတ် တူးမြောင်းတူးဖော်မည့် ကျေးရွာများရှိ ဒေသခံပြည်သူများနှင့် ရေလယ်သောင်လေး ရွှေတမံလေး ကျေးရွာတွင် တွေ့ဆုံခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီမြစ်ဖြတ် တူးမြောင်းတူးဖော်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရရှိလာမည့် ဒေသတွင်းအကျိုးကျေးဇူးများကို ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဆည်မြောင်းဦးစီးဌာန ဦးစီးမှူး ဦးဖြိုးမြင့်က ဖြတ်မြောင်းတူးဖော်ရာတွင် ပါဝင်သည့် ဒေသခံတောင်သူများ နစ်နာဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံတောင်သူများ၏ ဆွေးနွေးတင်ပြချက်များကို ပြန်လည်ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံကျေးရွာများ မီးလင်းရေးအတွက် မီးစက်များ လှူဒါန်းခဲ့ပြီး စက်ယန္တရားများဖြင့် ဖြတ်မြောင်းတူးဖော်မည့်နေရာကို ကြည့်ရှုခဲ့သည်။

ဇလွန်မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ဖြတ်တူးမြောင်းကို ပျမ်းမျှအနက် ပေ ၃၀၊ အရှည် ၅ ဒသမ ၅ မိုင် ၊ ထိပ်ဝအကျယ် ပေ ၁၇၀ တူးဖော်မည်ဖြစ်ပြီး အဆိုပါ မြစ်ဖြတ်တူးမြောင်း တူးဖော်ပြီးစီးပါက ဇလွန်မြို့နယ်နှင့် ဆက်စပ်လျက်ရှိသော ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူး တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအုပ်စုများနှင့် ဇလွန်မြို့နယ် အရှေ့ဘက်ကမ်းရှိ သာခုချောင်းတိုက်နယ်၊ ရေလဲတိုက်နယ်၊ အနောက်ဘက်ကမ်းရှိ ဒေါင့်ကြီးတိုက်နယ်၊ ဒူးယားတိုက်နယ်ရှိ လယ်သမားများ ပြည်သူများ တစ်နှစ်တစ်ကြိမ် စိုးရိမ်နေရသည့် ရေကြီးနစ်မြုပ်မှုမှကင်းဝေးပြီး ကမ်းပြိုကမ်းစားခြင်း ကင်းဝေးမည်ဖြစ်ကြောင်း သိရသည်။

◆ ငွေသန်း(ဇလွန်)

အမေရိကန်တစ်ဝှမ်း ကျောင်းသားအများဆုံးဖြေဆိုသည့် American College Test (ACT) မှ Grade (12) လက်မှတ်ထုတ်ပေးမည့်

AMERICAN UNIVERSITY FOUNDATION PROGRAM

- အမေရိကန်၊ ဩစတြေးလျ၊ ကနေဒါ၊ အင်္ဂလန်၊ စင်ကာပူ၊ မလေးရှား နှင့် ထိုင်းနိုင်ငံတို့ရှိ ကျော်ကြား တက္ကသိုလ်ကြီးများသို့ Foundation ထပ်မံ တက်ရောက်ရန် မလိုဘဲ ပညာသင်ထောက်ပံ့ကြေးဖြင့် တက်ရောက်နိုင်မည်။
- GCE'A' Level, Grade 12 တို့အပြင် SAT နှင့် တူညီပြီး အမေရိကန်တက္ကသိုလ်ကြီးများသို့တိုက်ရိုက်ဝင်ခွင့်ရရှိပါသည်။
- IGCSE လက်မှတ်ရ ကျောင်းသားများ အဆိုပါ ပရိုဂရမ် တက်ရောက်ပြီးပါက Grade 12ဖြင့် လက်ခံသည့် အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျ တက္ကသိုလ်တိုင်းသို့ ကျယ်ပြန့်စွာ လျှောက်ထားနိုင်ပါသည်။
- အမေရိကန်တက္ကသိုလ်များစွာမှ 39 Credit points အထိ အသိအမှတ်ပြုပေးပါသည်။
- မြန်မာနိုင်ငံတွင် (၁၀)လသာ သင်ယူရပြီး အင်္ဂလန်၊ ဩစတြေးလျတက္ကသိုလ် ဘွဲ့များကို စင်ကာပူတွင် (၂)နှစ် တက်ရောက်ရုံဖြင့် ရရှိမည်ဖြစ်ပါသည်။
- International ကျောင်းများမှ Sec 4 / Grade 10 ကျောင်းသားများ ဝင်ခွင့်ဖြေဆိုလျှောက်ထားနိုင်ပါသည်။

SEMINAR
Feb 7
2 pm - 4 pm
CROWN
Edu: Center

ACT နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို www.acteducationsolutions.com/en/gac တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

CROWN EDUCATION

ACT

Call us: 01 527 838, 09 450 200 030, 09 450 200 040

မန္တလေးတိုင်းဒေသကြီး

သာစည်မြို့နယ် ကျေးလက်ဒေသများ၌ ကျေးလက်အိမ်ရာများ မဲစနစ်ဖြင့် ဆောက်လုပ်ပေး

ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လူနေမှုအဆင့်မြင့်မားရေး၊ ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှု ကွာခြားမှုမရှိစေရေးတို့အတွက် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးလက်အိမ်ရာလုပ်ငန်းများအဖြစ် မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အိမ်ရာတစ်လုံးလျှင် ငွေကျပ် ၂ ဒသမ ၉၉ သန်းတန်ဖိုးရှိ အိမ်ရာများကို ဆင်းရဲနွမ်းပါးသူ ကျေးလက်ပြည်သူများအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ ကော်မတီများနှင့် ညှိနှိုင်း၍ မဲစနစ်ဖြင့် ဆောက်လုပ်ပေးလျက်ရှိသည်။

သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စု ကျောက်ပြားတောင်ကျေးရွာ၌ ကျေးလက်အိမ်ရာ ငါးလုံးကို တည်ဆောက်လျက်ရှိရာ တည်ဆောက်နေမှုနှင့် ပြီးစီးမှု အခြေအနေ၊ သတ်မှတ်ရက်အတွင်း ပြီးစီးနိုင်ရေး၊ အရည်အသွေးပြည့် တည်ဆောက်နိုင်ရေးတို့အတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးသိန်းထွန်းဦး (ဦးစီးအရာရှိ-နည်းပညာ)သည် ဖေဖော်ဝါရီ ၃ ရက်တွင် အဆိုပါ တည်ဆောက်မှုလုပ်ငန်းခွင်သို့ သွားရောက်၍ ကြီးကြပ်စစ်ဆေးခဲ့သည်။

ယခု ဆောက်လုပ်လျက်ရှိသော ကျေးလက်အိမ်ရာ အဆောက်အအုံမှာ အလျား ၂၄ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၉ ပေရှိပြီး ကွန်ကရစ် အုတ်တာ၊ သွပ်မိုး၊ ထုံးကွန်ကရစ်ခင်း၊ သံဖရိန်အမျိုးအစား ဖြစ်သည်။

အဆိုပါ ကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးရာတွင် ကျောက်ပြားတောင်ကျေးရွာ၌ ငါးလုံး၊ နှမ်းကန်ကျေးရွာ၌ ငါးလုံး၊ ယင်းမာပင်ကျေးရွာ၌ ငါးလုံး၊ ကျွဲတပ်ဆုံကျေးရွာ၌ ငါးလုံးနှင့် ပြည်ညောင်ကျေးရွာတို့တွင် ငါးလုံး စုစုပေါင်း အိမ်ရာ ၂၅ လုံးတို့ကို Unique Super Power ကုမ္ပဏီက တာဝန်ယူ၍ ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

မောင်ကို(သာစည်)

နေပြည်တော်ကောင်စီနယ်မြေ

စိုက်ပျိုးသူ၊ စားသုံးသူနှင့် ပိုးသတ်ဆေးအန္တရာယ်

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေတောင်သူလယ်သမားများ ဖြစ်ကြသည်။ ၎င်းတို့သည် မိမိတို့စိုက်ပျိုးထားသော သီးနှံများ ဖြစ်ထွန်းအောင်မြင်ရေး၊ သီးနှံပျက်စီးမှုမရှိစေရေး၊ ပိုးမွှားအန္တရာယ် မကျရောက်စေရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ထုတ်လုပ်သော ပိုးသတ်ဆေးများအသုံးပြုမှုများဖြင့် နေ့စဉ်အလုပ်လုပ်နေကြရသည်။ အဆိုပါ ပိုးသတ်ဆေးအသုံးပြုမှုကြောင့် မူးဝေအော့အန်ခြင်းတို့အပြင် အသက်ဆုံးခြင်းများအထိ ဖြစ်နိုင်သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း သတင်းစာများထဲတွင် ပိုးသတ်ဆေးဖျန်းနေစဉ် မူးမေ့လဲကျမှု၊ တောင်သူတစ်ဦးသည် ၎င်း၏ စိုက်ခင်းအတွင်း ပိုးသတ်ဆေးဖျန်းနေစဉ် လေအောက်၌ရှိသော အလုပ်လုပ်နေသည့် စိုက်ခင်းအလုပ်သမများ မူးမေ့လဲပြီး ဆေးရုံသို့ တင်ပို့လိုက်ရသည့် သတင်းတစ်ပုဒ် ဖတ်ရှုခဲ့ရသည်။ နောက်တစ်ပုဒ်ကတော့ တောထဲတွင် ထမင်း၊ ဟင်းချက်စရာရေမရှိ၍ ပိုးသတ်ဆေးထည့်သည့်ဘူးဖြင့် မိုးရေခံပြီး ချက်ပြုတ်စားသောက်ရာမှ လူသုံးဦး သေဆုံးခဲ့သည့် သတင်းဖြစ်သည်။ ထိုသတင်းများ ဖတ်ရှုခဲ့ပြီးနောက် စိုက်ပျိုးသူ၊ စားသုံးသူနှင့် ပိုးသတ်ဆေးအန္တရာယ်သည် လူ့အသက်ကိုပင် ဆုံးရှုံးနိုင်ကြောင်း သတိပြုစရာဖြစ်ခဲ့သည်။

"ကျွန်တော်တို့ကတော့ မိရိုးဖလာဖြစ်တဲ့ တောင်သူလုပ်ငန်းကို လုပ်နေတော့ ပိုးသတ်ဆေးနဲ့လည်း မစိမ်းတော့ဘူး။ အခုလိုဆောင်းသီးနှံဖြစ်တဲ့ ပန်းဂေါ်ဖီ၊ ပန်းမုန်လာ စတဲ့သီးနှံတွေဆို တစ်ပတ်ကို ပိုးသတ်ဆေး တစ်ကြိမ်၊ နှစ်ကြိမ်လောက် ဖျန်းရပါတယ်။ ပိုးသတ်ဆေးအန္တရာယ်လည်း သိပါတယ်။ မသုံးလို့ကလည်း မရဘူးဆိုတော့ အမြဲသုံးနေရတယ်။ လက်နှိပ်ဆေးပုံးတွေက ဆေးဖျန်းရင် ဆေးရည်ဖိတ်စဉ်တာတွေရှိတော့ကျောပြင်တွေမှာ အနီဖုတွေ၊ ယားယံတာတွေနဲ့ မူးမေ့လဲတာတွေတော့ အများကြီးဖြစ်တာ ခဏခဏကြုံရတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကြုံတွေ့ခဲ့ပါတယ်။ ကျွန်တော်တို့ တောင်သူတွေဟာ ဟင်းသီး၊ ဟင်းရွက်တွေကို မခူးဆွတ်မီ ၁၅ ရက်လောက်ကစပြီး ပိုးသတ်ဆေး လုံးဝမဖျန်းတော့ပါဘူး။ ဒါကြောင့် စားသုံးသူတွေအနေနဲ့ ဘေးဥပဒ်အန္တရာယ်မဖြစ်နိုင်ပါဘူး"ဟု တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာမှ ပန်းဂေါ်ဖီစိုက်တောင်သူတစ်ဦးက ပြောပြသည်။

ခေတ်စနစ် ပြောင်းလဲလာမှုကြောင့် တောင်သူများ ပိုးသတ်ဆေးဖျန်းရာတွင် အချိန်ကုန်သက်သာပြီး ပိုမိုမြန်ဆန်ထိရောက်စွာ အသုံးတည့်သည့် ဆေးဖျန်းစက်ကို တွင်ကျယ်စွာအသုံးပြုလာရာ အန္တရာယ်လည်း ပိုမိုများလာသည်ကိုတွေ့ရသည်။ ယင်း ဆေးဖျန်းပုံးများဖြင့် ပက်ဖျန်းရာတွင် လည်ရှည်ဖိနပ်၊ နေကာမျက်မှန်နှင့် အပေါ်ထည်အင်္ကျီများ စနစ်တကျဝတ်ဆင်မှသာ ပိုးသတ်ဆေးအန္တရာယ်မှ ကင်းဝေးမည် ဖြစ်သည်။ တချို့တောင်သူများသည် ပိုးသတ်ဆေးဖျန်းရာတွင် ဆေး၊ ပစ္စည်းကိုင်တွယ်ပုံကို သေချာမလေ့လာဘဲ ဖြီးစလွယ် အသုံးပြုနေခြင်းကြောင့် မလိုလားအပ်သော အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း ဆရာဝန်တစ်ဦးက မှတ်ချက်ပြုပြောပြသည်။

ဟင်းသီးဟင်းရွက်၊ သီးနှံများစားသုံးခြင်းသည် ကျန်းမာရေးအတွက် အထူးကောင်းမွန်ကြောင်း၊ အသားအရေများ ချောမွေ့လှပကြောင်း ဆေးပညာရှင်တို့၏ ပြောပြချက်အရ သိရသည်။ သို့သော် ဟင်းသီးဟင်းရွက်များကို မစားသုံးမီ ရေဖြင့်စင်ကြယ်စွာဆေးကြောပြီးမှ စားသုံးရန်သင့်ကြောင်း၊ ယခုအချိန်တွင် ဓာတုပိုးသတ်များ အလုံးအရင်းဖြင့် ဝင်ရောက်လျက်ရှိရာ စားသုံးသူနှင့် စိုက်ပျိုးသူများအတွက် များစွာ အန္တရာယ်ရှိနေပါသည်။

"ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မြို့ပေါ်မှာရှိတဲ့ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ အရောင်းဆိုင်တွေကို စစ်ဆေးရေးအဖွဲ့တွေက ဥပဒေနဲ့အညီ ရောင်းချမှု ရှိ၊ မရှိ လစဉ်စစ်ဆေးလျက် ရှိပါတယ်။ အဓိကစစ်ဆေးတာကတော့ အရောင်းလိုင်စင်မရှိဘဲ ရောင်းချမှုရှိ၊ မရှိ၊ အသိအမှတ်ပြုလက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူ သင်တန်းတက်ရောက်မှု **CPA(Certified Pesticide Applicator)** ရှိ၊ မရှိ၊ နောက်ပြီး မှတ်ပုံတင်မဲ့ ပိုးသတ်ဆေးတွေ၊ မြေဩဇာတွေ ရောင်းချမှု ရှိ၊ မရှိ စတာတွေကို စစ်ဆေးတာ ဖြစ်ပါတယ်။

"နောက်ပြီးကျေးရွာအရောက် ကွင်းဆင်းကာ ပိုးသတ်ဆေးအကြောင်းတွေကို ပညာပေးဆွေးနွေးမှုတွေပြုလုပ်ပါတယ်။ ဒါ့အပြင် လက်တွေ့သရုပ်ပြသမှုတွေအပြင် ပိုးသတ်ဆေးဖျန်းနေစဉ် နှာခေါင်း၊ ပါးစပ် ဖုံးအုပ်နိုင်ဖို့ မျက်နှာဖုံးစည်းများ အခမဲ့ပေးတာတွေ ပြုလုပ်ပါတယ်။ တချို့တောင်သူတွေဟာ ရှေးရိုးစွဲ အယူအဆတွေကြောင့် နည်းစနစ်တကျမလုပ်ဘဲ ဖြစ်သလိုဆေးဖျန်းတာကြောင့် အန္တရာယ်မဖြစ်သင့်ဘဲ ဖြစ်နေကြရပါတယ်" ဟု တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြောပြသည်။

ဇန်နဝါရီ ၂၀ ရက်က ပိုးသတ်ဆေးဥပဒေပြဋ္ဌာန်းလိုက်ပြီဖြစ်သောကြောင့် ပိုးသတ်ဆေး ဖော်စပ်ရောင်းချခွင့်၊ ပြန်လည်ထုပ်ပိုးရောင်းချခွင့်နှင့် ပိုးသတ်မှိုင်းတိုက်ခြင်းလိုင်စင်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ပိုးသတ်ဆေး လက်လီ လက်ကား ရောင်းချခွင့်လိုင်စင်ရရှိသူတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ပိုးသတ်ဆေးသုံးစွဲသူ လိုက်နာရမည် စည်းကမ်းများ စသည်တို့ကို ပြဋ္ဌာန်းလိုက်ပြီ ဖြစ်သည်။ ဆေးနှင့်မြေဩဇာအရောင်းဆိုင်ပိုင်ရှင်အားလုံးကို နေပြည်တော်ရှိ စိုက်ပျိုးရေးတိုင်းဒေသကြီးဦးစီးရုံး၌ အဆိုပါ ပိုးသတ်ဆေး ဥပဒေအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ပိုးသတ်ဆေးသုံးစွဲသူ တောင်သူလယ်သမားများနှင့် ထုပ်ပိုးရောင်းချသူများအနေဖြင့် ပိုးသတ်ဆေးဥပဒေကို အသေးစိတ် လေ့လာဖတ်ရှုကြရန် လိုအပ်ပေသည်။

သတင်းဆောင်းပါး
ကျော်သူဝင်း(မြန်မာ့အလင်း)
ဓာတ်ပုံ-သက်ထက်

မကွေးတိုင်းဒေသကြီး

ကျေးရွာမီးလင်းရေးဆိုလာပြားများပေးအပ်

ပခုက္ကူမြို့နယ် မြို့ခင်းသာကျေးရွာအုပ်စု ထန်းပင်ကန်ကျေးရွာ၌ မကွေးတိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးရွာမီးလင်းရေးအတွက် ဆိုလာပြားပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပခုက္ကူမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က အမှာစကားပြောကြားပြီး အိမ်ထောင် ၅၂ စုကို ဆိုလာပြား ၅၂ စုံ ပေးအပ်သည်။

အဆိုပါဆိုလာပြား ၅၂ စုံ သည် မကွေးတိုင်းဒေသကြီးရန်ပုံငွေဖြင့် ၈၂ သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဒေသခံပြည်သူများကသိန်း ၂၀ပေးအပ်ခဲ့ကြောင်းသိရသည်။

ကျေးလက်ဒေသမီးလင်းရေးအတွက် ဆိုလာမီးပေးအပ်ခြင်းကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုအတွက် အထောက်အကူရရှိပြီဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

ဒီနှစ် အင်္ဂလန်ပရီမီယာလိဂ်မှာ ချယ်လ်ဆီးက ပွဲစဉ် (၂၃) အပြီးတိုက်စစ်က ၃၂ ဂိုးသာ သွင်းထားနိုင်တယ်။ ဒီသွင်းဂိုးအရေအတွက်ဟာ မန်ယူ၊ လီဗာပူး၊ စတုတ်၊ ဝက်ဖို့ဒ်၊ ပဲလေ့စ်၊ ဝက်စ်ဘရွန်း၊ ထွမ်ဆီး၊ ဘုန်းမောက်၊ နော့ဝစ်ချ်၊ကာဆယ်၊ ဆန်းဒါးလန်း၊ ဗီလာတို့ထက် များပြားတဲ့ သွင်းဂိုးအရေအတွက်ဖြစ်သော်ငြားလက်စတာ၊ စပါး၊ ဝက်စ်ဟမ်း၊ အဲဗာတန်တို့ထက် နည်းပါးသလို ဆောက်သမ်တန်နဲ့တောင်မှ အရေအတွက်ချင်းအတူတူဆိုတော့ ဒီရာသီမှာ ချယ်လ်ဆီးတိုက်စစ်ဟာ အောင်မြင်မှုရနိုင်လောက်တဲ့အထိ ပြည့်ဝမှုမရှိဘူးဆိုတာ မြင်သာလွန်းပါတယ်။

ပါတိုနှင့် သူ၏ဝိငရောဝိ

ပြောမယ်ဆိုရင်၊ ချယ်လ်ဆီးဟာ ပြီးခဲ့တဲ့ရာသီမှာ စုစုပေါင်း ၇၃ ဂိုးသွင်းနိုင်တယ်။ တစ်ပွဲချင်းပျမ်းမျှ နှစ်ဂိုးနဲ့ အထက်ရှိသလို မနှစ်ကရာသီ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ချယ်လ်ဆီးဟာ ဂိုးမသွင်းနိုင်တဲ့ပွဲဆိုလို့ နှစ်ပွဲသာရှိခဲ့သော်ငြား ဒီရာသီမှာ ချယ်လ်ဆီးဟာ ပွဲစဉ် ၂၃ ပွဲအပြီးမှာတင် ဂိုးမရတဲ့ပွဲ ငါးပွဲအထိ ရှိခဲ့တဲ့ အပြင် တစ်ဂိုးထက် ပိုမသွင်းနိုင်တဲ့ ပွဲကလည်း ရှစ်ပွဲအထိ ရှိခဲ့တယ်ဆိုတော့။ ဒီရာသီမှာ ချယ်လ်ဆီးရဲ့ တိုက်စစ်စွမ်းဆောင်ရည်ဟာ တော့နပ်လောက်ဖွယ် အဆင့်တစ်ရပ်မှာ ရှိမနေဘူးဆိုတာ ထင်ရှားလွန်းလှပါတယ်။

အထူးသဖြင့် ပေါ့။ ချယ်လ်ဆီးအနေနဲ့ ဒီလို တိုက်စစ်ပိုင်းမှာ ချို့ယွင်းချက်တွေ ဖြစ်ပေါ်လာရခြင်းဟာ တိုက်စစ်ပိုင်းအတွက် ထိရောက်တဲ့ အားဖြည့်မှုမျိုးကို နွေရာသီဈေးကွက်မှာ လုပ်ဆောင်ခဲ့ခြင်းမရှိခဲ့မှုကြောင့်အဖြစ် ကျွမ်းကျင်သူတွေက ထောက်ချက်ဆွဲကြတယ်။ ပြောမယ်ဆိုရင် ချယ်လ်ဆီးဟာ မနှစ်ကရာသီမှာ ဒီယေဂိုကော်စတာ ခြေစွမ်းပြသမှုနဲ့အတူ တိုက်စစ်ပိုင်းစွမ်းဆောင်ရည် အကောင်းဆုံးအခြေအနေမှာ ရှိခဲ့ပေမယ့်လည်း ဒီယေဂိုကော်စတာဟာ ဒီရာသီရဲ့ အစောပိုင်း ပွဲစဉ်တွေမှာတော့ ဘောလုံးပွဲစဉ်တွေအပေါ် အာရုံစူးစိုက်မှုလျော့နည်းခြင်းနဲ့အတူ ဂိုးသွင်းခြေစွမ်းပါ ကျဆင်းခဲ့ရပါတယ်။ ဒီယေဂိုကော်စတာဟာ ပြီးခဲ့တဲ့ ပထမရာသီဝက်အတွင်းမှာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ငါးဂိုးသာ သွင်းယူနိုင်ခဲ့တဲ့အထိ ခြေစွမ်းကျဆင်းခဲ့မှုနဲ့အတူ နွေရာသီ ဈေးကွက်မှာ တိုက်စစ်ပိုင်းကို ထိထိမိမိ အားမဖြည့်နိုင်တဲ့ လိုအပ်ချက်က ပေါ်လွင်ထင်ရှားလာခဲ့တာ ဖြစ်ပါတယ်။

ပြောရရင် မန်နေဂျာဟောင်း မော်ရင်ညိုဟာ နွေရာသီဈေးကွက်အတွင်း တိုက်စစ်ကို အားဖြည့်နိုင်ဖို့အတွက် ဖယ်လ်ကာအိုကို အငှားနဲ့ ခေါ်ယူခဲ့သလို ဘာစီလိုနာ တောင်ပံတိုက်စစ်ကစားသမားပက်ဒရိုကိုလည်း အပြီးသတ်ခေါ်ယူခဲ့ပေမယ့် ဖယ်လ်ကာအိုဟာ ခြေစွမ်းပြသနိုင်ခြင်း မရှိသလို ဒဏ်ရာပြဿနာတွေနဲ့ ရုန်းကန်နေခဲ့ရတာကြောင့် ချယ်လ်ဆီးတိုက်စစ်အတွက် အထောက်အကူ မရခဲ့ပါဘူး။ ဒါ့အပြင် ပီဒရိုဟာလည်း ပုံမှန်ခြေစွမ်းမပြနိုင်ခဲ့သလို ရှိရင်းစွဲ ရီမီဟာလည်း ပွဲကစားခွင့်နည်းပါးမှုနဲ့အတူ ဂိုးသွင်းစွမ်းရည်တွေပျောက်ဆုံးခဲ့ရတာကြောင့် ဒီယေဂိုကော်စတာ ခြေစွမ်းကျဆင်းသွားချိန်မှာ ချယ်လ်ဆီးတိုက်စစ်ဟာ ဂိုးတစ်ဂိုးရဖို့အတွက် ခက်ခဲစွာ ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။

ဒါကြောင့်လည်း လက်ရှိ ယာယီမန်နေဂျာ ဟစ်ဒင့်ဟာ ချယ်လ်ဆီးကို ဝင်ရောက်ကိုင်တွယ်စဉ်ကတည်းက တိုက်စစ်ပိုင်းကို အားဖြည့်ဖို့လိုအပ်ပါတယ်ဆိုပြီး ပြောဆိုခဲ့သလို တိုက်စစ်မှူးတစ်ဦးခေါ်ယူမယ်လို့လည်း ကတိပေးခဲ့တဲ့အတိုင်း လက်ရှိအချိန်မှာတော့ တစ်ချိန်ကနာမည်ကြီးခဲ့တဲ့ ကိုရင်သီယန် တိုက်စစ်မှူး ပါတိုကို ရာသီကုန်အထိ အငှားနဲ့ ခေါ်ယူအားဖြည့်ခဲ့ပါတယ်။ အထူးသဖြင့် လက်ရှိအချိန်မှာ ဒီယေဂိုကော်စတာဟာ ဟစ်ဒင့်လက်အောက်မှာ ဘောလုံးပွဲတွေအပေါ် အာရုံစူးစိုက်မှု ပြန်လည်ကောင်းမွန်လာပြီး သွင်းဂိုးတွေလည်း သွင်းယူလာနိုင်ပေမယ့် ဒီယေဂိုကော်စတာသာ ဒဏ်ရာပြဿနာမျိုးနဲ့ ကြုံလာခဲ့ရရင် အရန်သင့်အစားထိုးနိုင်ရေးအတွက် ဟစ်ဒင့်က လုပ်ဆောင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ချယ်လ်ဆီးရဲ့ အခုလို ပါတိုကို ခေါ်ယူခြင်းဟာ အနည်းငယ်တော့ သံသယရှိစရာကောင်းနေတယ်လို့ တချို့က ယူဆကြပါတယ်။ အထူးသဖြင့် ပါတိုဟာ အေစီမီလန်မှာရှိစဉ်ကတည်းက ထင်သလောက် ဂိုးသွင်းစွမ်းရည်ထက်မြက်ခဲ့သူ တစ်ဦးမဟုတ်ပါဘူး။ ပါတိုအနေနဲ့ လူငယ်ကစားသမားဘဝမှာ ဂိုးသွင်းစွမ်းရည်ထက်မြက်ခဲ့ပြီး အသက် ၂၀ အရွယ်မှာတင် အေစီမီလန်အသင်းအတွက် စုစုပေါင်း ၁၈ ဂိုး သွင်းယူပေးနိုင်ခဲ့ပေမယ့်လည်း အဲ့ဒီနောက်ပိုင်းမှာ ပါတိုရဲ့ ဂိုးသွင်းစွမ်းရည်ဟာ ကျဆင်းလာခဲ့ကာ ၂၀၁၂-၁၃ ဘောလုံးရာသီအကုန်မှာ ဘရာဇီးကို ပြန်လည်ပြောင်းရွှေ့သွားခဲ့ရတာဖြစ်ပါတယ်။

အရှင်းဆုံးပြောရရင်ပါတိုဟာ အေစီမီလန်မှာ ကစားခဲ့စဉ်က ဂိုး ၂၀ ပြည့်အောင် သွင်းယူနိုင်တဲ့ ရာသီတစ်ရာသီမှမရှိခဲ့သလို နောက်ပိုင်းမှာ အေစီမီလန်ရဲ့ ပထမ ကစားသမားအဖြစ် ကနေတောင် ဖယ်ထုတ်ခံခဲ့ရပြီး ဥရောပကလပ်အသင်းတွေရဲ့ စိတ်ဝင်စားမှုကိုပါ ဆုံးရှုံးခဲ့ရတဲ့ ကစားသမား ဖြစ်ပါတယ်။ ဒါကြောင့်ပဲ ပါတိုကို ခေါ်ယူမှုဟာ လက်ရှိအချိန်မှာ ဟာဇက်၊ ပက်ဒရိုတို့ အပါအဝင် တိုက်စစ် ကစားသမားအများစု ခြေစွမ်းကျဆင်းနေပြီး ဒီယေဂိုကော်စတာ တစ်ဦးတည်းအပေါ်မှာသာ အမှီပြုနေရတဲ့ ချယ်လ်ဆီး တိုက်စစ်အတွက် ကောင်းမွန်တဲ့ဖြည့်တင်းမှုတစ်ခု ဖြစ်နိုင်ပါ့မလားလို့ သံသယရှိလာကြတာ ဖြစ်ပါတယ်။

ဒါပေမယ့် ပါတိုဟာ ဘရာဇီးကို ပြန်လည်ရောက်ရှိပြီးတဲ့ နောက်မှာတော့ ခြေစွမ်းကောင်းတွေ ပြန်လည် ပြသနေနိုင်တာကိုတော့ သတိပြုရမှာဖြစ်ပါတယ်။ အေစီမီလန်ကနေ ပြောင်းရွှေ့ပြီးတဲ့နောက် ပထမဆုံး ရာသီမှာတင် ကိုရင်သီယန်အတွက် ၁၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာ ကိုရင်သီယန်ကနေ ဆာအိုပေါ်လိုမှာ အငှားသွားရောက် ကစားခဲ့ရာမှာလည်း ပထမဦးဆုံး ရာသီမှာ ၁၂ ဂိုး သွင်းယူနိုင်ခဲ့သလို နောက်ဆုံးရာသီမှာလည်း ၂၆ ဂိုးအထိ သွင်းယူပေးတာ ဂိုးသွင်းခြေစွမ်းပိုင်း ပြန်လည်ထက်မြက်နေတဲ့တိုက်စစ်မှူး တစ်ဦးဖြစ်ပါတယ်။ ဒါ့အပြင် ပါတိုဟာ ဥရောပအတွေ့အကြုံပြည့်ဝသူ တစ်ဦးဖြစ်ပြီး အေစီမီလန်နဲ့အတူ ချန်ပီယံလိဂ်လို ပြိုင်ပွဲတွေမှာ ဝင်ရောက် ကစားခဲ့ဖူးသူ တစ်ဦးဖြစ်ကာ အသက်အရွယ် အပိုင်းအခြားအရလည်း ၂၆ နှစ်သာရှိသေးတာကြောင့် ပါတိုဟာ ချယ်လ်ဆီးရဲ့ တိုက်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သူအဖြစ် ရှုမြင်စရာ ဖြစ်နေပြန်ပါတယ်။ ပါတိုဟာ လျင်မြန်မှုရှိတဲ့ တိုက်စစ်မှူးဖြစ်တာကြောင့် ပရီမီယာလိဂ်ရဲ့ ကစားဟန်နဲ့လည်း လိုက်လျောညီထွေ ရှိနိုင်တယ်။ ချယ်လ်ဆီးအနေနဲ့လည်း ပါတိုကို အပြီးသတ်ခေါ်ယူခဲ့တာမျိုးမဟုတ်တဲ့အခါ ပါတိုကိုခေါ်ယူမှုဟာ ချယ်လ်ဆီးအတွက် သင့်တင့်တဲ့ လုပ်ဆောင်မှုတစ်ခုအဖြစ်သာ ယူဆရမှာဖြစ်ပါတယ်။ အထူးသဖြင့် ပင်ကိုယ်အရည်အသွေးကောင်းတွေရှိပြီး အသက်အရွယ်အရလည်း အကောင်းဆုံးအချိန်ဖြစ်လာတဲ့ ပါတိုကိုရရှိခြင်းဟာ ချယ်လ်ဆီးအတွက်တော့ တိုက်စစ်အရန်အင်အားစုကောင်းကို ဖန်တီးလိုက်နိုင်ခြင်းရယ်လို့ သုံးသပ်ရမှာပဲဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် ဩစတြေးလျအိုးပင်း အမျိုးသားတစ်ဦးချင်း ချန်ပီယံဆု ဂျိုကိုဗစ် ဆွတ်ခူး

၂၀၁၆ ခုနှစ် ဩစတြေးလျအိုးပင်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၏ ဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့် ၁ နိုဗက်ဒီဂျိုကိုဗစ်နှင့် ကမ္ဘာ့အဆင့် ၂ အင်ဒီမာရေးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က ၆-၁၊ ၇-၅၊ ၇-၆(၇-၃) ဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

၂၀၁၆ ခုနှစ် ဩစတြေးလျအိုးပင်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ချန်ပီယံဆုသည် ဆားဘီးယားတင်းနစ်သမား ဂျိုကိုဗစ်အတွက် (၆)ကြိမ်မြောက် ဩစတြေးလျအိုးပင်း တစ်ဦးချင်းချန်ပီယံဆု ဆုဖြစ်ပြီး ၁၁ ခုမြောက် ဂရင်းဆလမ် တစ်ဦးချင်း ချန်ပီယံဆုလည်း ဖြစ်သည်။

ဂျိုကိုဗစ်က "အကောင်းဆုံး ဗိုလ်လုပွဲတစ်ပွဲဖြစ်လာအောင် ကစားခဲ့တဲ့ မာရေးကို လေးစားပါတယ်။ သူဟာ ထိပ်တန်းချန်ပီယံပါ။ ဒါ့အပြင် ကျွန်တော့်ရဲ့ မိတ်ဆွေကောင်းဖြစ်ပြီး ပရော်ဖက်ရှင်နယ်တင်းနစ်သမားကောင်းလည်းဖြစ်ပါတယ်"ဟု ပြောသွားသည်။

ဩစတြေးလျအိုးပင်း တစ်ဦးချင်းပြိုင်ပွဲ၏ ဗိုလ်လုပွဲများသို့ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၃ နှင့် ၂၀၁၅ ခုနှစ်များတွင် တက်ရောက်နိုင်ခဲ့သော်လည်း ချန်ပီယံဆု ရရှိခဲ့ခြင်းမရှိသူ မာရေးက "ဂျိုကိုဗစ်အတွက် ဂုဏ်ယူပါတယ်။ ဩစတြေးလျအိုးပင်း တစ်ဦးချင်းချန်ပီယံဆုကို ခြောက်ကြိမ် ရယူနိုင်တာဟာ မယုံကြည်စရာ စွမ်းဆောင်နိုင်မှုပါ။ အခုနှစ် ဩစတြေးလျအိုးပင်းပြိုင်ပွဲမှာ ဗိုလ်လုပွဲအဆင့်အထိ ကျွန်တော်တက်ရောက်လာနိုင်အောင် ကူညီပေးခဲ့တဲ့ ကျွန်တော့်ရဲ့ နည်းပြအဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်။ ချန်ပီယံဖြစ်တဲ့အထိ စွမ်းဆောင်နိုင်ခြင်းမရှိခဲ့တာကြောင့် သူတို့ကို တောင်းပန်ပါတယ်။ ကျွန်တော့်ကို အားပေးခဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောသွားသည်။

မာရေးသည် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် ငါးကြိမ်အနက် လေးကြိမ်တွင် ဂျိုကိုဗစ်နှင့် ဆုံတွေ့ခဲ့ပြီး ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဂျိုကိုဗစ်နှင့် မာရေးတို့သည် စုစုပေါင်း (၃၁) ကြိမ် ဆုံတွေ့ခဲ့ပြီး ဂျိုကိုဗစ်က (၂၂)ကြိမ် အနိုင်ရကာ မာရေးက ကိုးကြိမ်သာ အနိုင်ရခဲ့သည်။

မာရေးသည် အိုင်ဗန်လန်ဒီလ်ပြီးနောက် ဂရင်းဆလမ်ပြိုင်ပွဲများတွင် ပရော်ဖက်ရှင်နယ်တင်းနစ်သမားများ စတင်ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် ၁၉၆၈ ခုနှစ်နောက်ပိုင်း ဂရင်းဆလမ်ပြိုင်ပွဲတစ်ခုတည်း၌ ဗိုလ်လုပွဲတွင် ငါးကြိမ် ရှုံးနိမ့်ခဲ့ရသည့် ဒုတိယမြောက် တင်းနစ်သမားဖြစ်လာခဲ့သည်။ မာရေး၏ နည်းပြဟောင်းဖြစ်သူ လန်ဒီလ်သည် ၁၉၈၂၊ ၁၉၈၃၊ ၁၉၈၄၊ ၁၉၈၈ နှင့် ၁၉၈၉ ခုနှစ် အမေရိကန်အိုးပင်းတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲများတွင် ဗိုလ်လုပွဲများသို့ တက်ရောက်နိုင်ခဲ့သော်လည်း ရှုံးပွဲများ ကြုံတွေ့ခဲ့ရသည်။

၂၀၁၆ ခုနှစ် ဩစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဂျာမနီနိုင်ငံသူ ကာဘာက အမေရိကန်နိုင်ငံသူ ဆီရီနာဝီလီယံကို ၆-၄၊ ၃-၆၊ ၆-၄ ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

မြန်မာ့အလင်း
၅-၂-၂၀၁၆ (သောကြာနေ့)

PREMIER LEAGUE

ပရီမီယာလိဂ်ပွဲစဉ် (၂၅) ကို လာမယ့် ဖေဖော်ဝါရီ ၆ ရက်၊ ၇ ရက်၊ ၉ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်ဟာ ပွဲစဉ် (၂၄)နဲ့ နီးကပ်နေတာကြောင့် အရန်အင်အားနည်းပါးနေတဲ့ အသင်းတွေ ပွဲပန်းမှုဒဏ်ခံရနိုင်တာကို သတိပြုရမှာပါ။ အထူးသဖြင့် ပွဲစဉ် (၂၄)မှာ လီဗာပူးနဲ့ ရင်ဆိုင်ခဲ့ရတဲ့ လက်စတာဟာ ဒီပွဲစဉ် (၂၅) မှာလည်း မန်းစီးတီးနဲ့ ရင်ဆိုင်ရမှာဖြစ်လို့ တောင့်ခံနိုင်မလား ဆိုတာကို အထူးပြုပြီး စောင့်ကြည့်သွားဖို့ရှိနေပါတယ်။

ပရီမီယာလိဂ်ပွဲစဉ်(၂၅)

စနေနေ့ (၆-၂-၁၆)				
ည	၇:၁၅	မန်စီးတီး	-	လက်စတာ
ည	၉:၃၀	ဆွမ်ဆီး	-	ပဲလေ့စ်
ည	၉:၃၀	စတုတ်	-	အဲဗာတန်
ည	၉:၃၀	ဗီလာ	-	နော့ဝှစ်ချ်
ည	၉:၃၀	လီဗာပူး	-	ဆန်းဒါးလန်း
ည	၉:၃၀	စပါး	-	ဝက်ဖို့ဒ်
ည	၉:၃၀	ကာဆယ်	-	ဝက်စ်ဘရွန်း
နံနက်	၀၀:၀၀	ဆောက်သမ်တန်	-	ဝက်စ်ဟမ်း
တနင်္ဂနွေနေ့ (၇-၂-၁၆)				
ည	၈:၀၀	ဘုန်းမောက်	-	အာဆင်နယ်
ည	၁၀:၃၀	ချယ်လ်ဆီး	-	မန်ယူ

CHELSEA | KICK-OFF :: 22:30 | VS | DATE :: 22 | MANCHESTER UNITED

စိတ်ဝင်စားဖို့ကောင်းတဲ့ ပွဲတစ်ပွဲဖြစ်ပါတယ်။ ပထမအကျော့ကို အိုးလ်ထရက်ဖို့ဒ်မှာ ယှဉ်ပြိုင်ကစားခဲ့တုန်းက မန်ယူဟာ ချယ်လ်ဆီးကို အနိုင်မယူနိုင်ခဲ့ပါဘူး။ အဲဒီပွဲစဉ်ဟာ ဟစ်ဒင့်ရဲ့ ချယ်လ်ဆီးကို တာဝန်ယူတဲ့ ဒုတိယမြောက်ပွဲစဉ်ဖြစ်ပြီး အဆိုပါပွဲစဉ်မှာ ချယ်လ်ဆီးဟာ မန်ယူကို တစားကွက်ပိုင်းမှာ မယှဉ်နိုင်ခဲ့ဘဲ မန်ယူရဲ့ ဖိအားပေးမှုကို ခံခဲ့ရတာ မန်ယူရဲ့တိုက်စစ်က အဆုံးသတ်ပိုင်းအားနည်းခဲ့လို့သာ ဂိုးမရှိသရေကျခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီ နောက်ပိုင်းမှာ ချယ်လ်ဆီးရဲ့ခြေစွမ်းပိုင်းက တိုးတက်လာခဲ့ပြီး ရလဒ်တွေလည်း ကောင်းမွန်လာခဲ့ပါတယ်။ အထူးသဖြင့် ဟစ်ဒင့်လက်အောက်မှာ ဒီယေဂိုကော်စတာဟာ ပုံမှန်ဂိုးသွင်းခြေပြန်လည်ရရှိလာခဲ့တာကြောင့် တိုက်စစ်က ဂိုးသွင်းနှုန်းမြင့်မားလာပါတယ်။ မန်ယူကတော့ အဲဒီပွဲ နောက်ပိုင်းမှာ ခြေက သိသိသာသာတိုးတက်ပြောင်းလဲလာမှု မရှိသေးပါဘူး။ ရှန်းနေ ဂိုးသွင်းခြေရလာတယ်ဆိုပေမယ့် မန်ယူရဲ့တိုက်စစ်ကစားဟန်ကတော့ ဂိုးရယူနိုင်ဖို့ တည်ငြိမ်မှုမရှိသေးတာ တွေ့ရပါတယ်။ အထူးသဖြင့် မန်ယူဟာ မာမာထန်ထန် ထိန်းချုပ်ကစားတဲ့ အသင်းတွေနဲ့ဆုံရတဲ့ ပွဲစဉ်တွေမှာ တိုက်စစ်က ဂိုးကန်သွင်းခွင့်ရဖို့တောင် ခက်ခက်ခဲခဲရုန်းကန်ရလေ့ရှိတာကို သတိပြုရမှာပါ။ ချယ်လ်ဆီးကတော့ အိမ်ကွင်းဖြစ်ပြီး အမှတ်ဆုံးရှုံးမှုတွေများခဲ့တဲ့အတွက် ပွဲတိုင်းကို အာရုံစိုက်ကစားနေသလို ဒီပွဲမှာလည်း အားစိုက်ကစားလာမှာပါ။ ဒါကြောင့် မန်ယူတို့ စပါးကို ရမှတ်မကွာအောင် ဖိအားပေးနိုင်ဖို့ ကြိုးစားကစားလာမှာ ဖြစ်ပေမယ့် ချယ်လ်ဆီးကို အသာမရနိုင်ဘဲ အမြင့်ဆုံးသရေလောက်ပဲကစားနိုင်မယ်။

ဆောက်သမ်တန် VS ဝက်စ်ဟမ်း

ဝက်စ်ဟမ်းက အခုရာသီမှာ ခြေစွမ်းပိုင်း ကောင်းမွန်နေပေမယ့် ဆောက်သမ်တန်ကလည်း အခုနောက်ပိုင်း ခံစစ်ကစားပုံရော အသင်းလိုက်ကစားပုံပါထက်မြက်မှုရှိလာသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဝက်စ်ဟမ်းတို့ အမြင့်ဆုံးသရေပဲ ရယူနိုင်ဖို့ရှိတယ်။

ဘုန်းမောက် VS အာဆင်နယ်

ဘုန်းမောက်ဟာ တန်းဆင်းဇုန်ထဲက အသင်းတွေနဲ့ အမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် တန်းမဆင်းရဖို့ အာမခံချက် မရှိသေးသလို ပွဲတိုင်းကို အမှားမခံဘဲ အားစိုက်ကစားနေပါတယ်။ ဒါပေမယ့် အာဆင်နယ်ကလည်း ဒီနောက်ပိုင်းပွဲတွေမှာ အမှတ်ဆုံးရှုံးမှုတွေများခဲ့တာကြောင့် အားစိုက်ကစားလာမှာသေချာပါတယ်။ အာဆင်နယ် ကပ်နိုင်မယ်။

ကာဆယ် VS ဝက်စ်ဘရွန်း

နယူးကာဆယ်က ဒီနောက်ပိုင်းပွဲစဉ်တွေမှာ တန်းမဆင်းရဖို့ ခြေကုန်ထုတ်ကစားနေပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းဖြစ်တာကြောင့် အမှတ်ရရှိရေးအားစိုက်လာဦးမှာဖြစ်သလို ဝက်စ်ဘရွန်းနဲ့ အမှတ်ကွာဟမှုကလည်း ကျဉ်းမြောင်းတာကြောင့် ကာဆယ်တို့ပိုမိုအားစိုက်ပါလိမ့်မယ်။ ဝက်စ်ဘရွန်းခြေကလည်း အခုနောက်ပိုင်းကျဆင်းနေလို့ ကာဆယ်ကပ်နိုင်မယ်။

ဗီလာ VS နော့ဝှစ်ချ်

တန်းမဆင်းရဖို့ ရုန်းကန်နေတဲ့ ဗီလာဟာ အခုနောက်ပိုင်းမှာ ပွဲတိုင်းကို အာရုံစိုက်ကစားနေသလို အသင်းလိုက်ကစားပုံလည်း ပိုမိုကောင်းမွန်လာပါတယ်။ ဒီပွဲစဉ်ကလည်း အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် အမှတ်ရရှိဖို့ ဗီလာတို့အားစိုက်ကစားလာမှာပါ။ နော့ဝှစ်ချ်ကတော့ အဝေးကွင်းပွဲစဉ်တွေမှာ ခြေကသာမန်ထက်မပိုပါဘူး။ ဗီလာတို့ အနိမ့်ဆုံးသရေလောက်ရမှာပါ။

စတုတ် VS အဲဗာတန်

အဲဗာတန်ဟာ အသင်းကောင်းတစ်သင်းဖြစ်ပေမယ့် ခံစစ်ကစားပုံကတော့ တည်ငြိမ်မှုမရှိပါဘူး။ အထူးသဖြင့် စတုတ်က အိမ်ကွင်းကစားအားကောင်းမွန်တဲ့ အသင်းဖြစ်သလို တိုက်စစ်ပိုင်းက တိုးဖောက် ကစားပုံမြန်ဆန်ပြီး ထက်မြက်တာကြောင့် အားနည်းတဲ့ အဲဗာတန်ခံစစ်ကို ဖိအားပေးခြိမ်းခြောက်သွားနိုင်မှာ သေချာပါတယ်။ အဲဗာတန် သရေလောက်ပဲကစားနိုင်မယ်။

မန်စီးတီး VS လက်စတာ

လက်စတာဟာ အခုအချိန်မှာ ခြေစွမ်းပိုင်း ကောင်းမွန်နေသလို ဒီပွဲစဉ်မှာလည်း အားစိုက်ကစားလာမှာ သေချာတယ်။ ဒါပေမယ့် လက်စတာဟာ ကြားပွဲစဉ်အဖြစ် လီဗာပူးနဲ့ ရင်ဆိုင်ခဲ့ရမှာဖြစ်လို့ ပွဲကြီးပွဲကျပ်တွေ ဆက်နေပြီး ပွဲပန်းလာနိုင်ပါတယ်။ ဒ့ါအပြင် မန်စီးတီး ကလည်း ဒီလိုအရေးပါတဲ့ ပွဲစဉ်မှာ အမှားခံမှာ မဟုတ်သလို အိမ်ကွင်းလည်း ဖြစ်နေတယ်။ မန်စီးတီးနိုင်မယ်။

ဆွမ်ဆီး VS ပဲလေ့စ်

ပဲလေ့စ်က အခုနောက်ပိုင်းပွဲစဉ်တွေမှာ ခြေက ကျဆင်းလာပါတယ်။ အထူးသဖြင့် ခံစစ်ကစားပုံ အားနည်းမှုတွေရှိလာတာ အဝေးကွင်းမှာဆိုရင်လည်း ခံကစားပုံကျဆင်းတတ်ပါတယ်။ ဆွမ်ဆီးကတော့ အခုနောက်ပိုင်း ပွဲစဉ်တွေမှာ အသင်းလိုက်ကစားပုံကောင်းမွန်နေသလို တန်းဆင်းဇုန်နဲ့လည်းကပ်နေတာကြောင့် အားစိုက်ကစားလာမှာပါ။ ဆွမ်ဆီးကသာ ကပ်နိုင်သွားဖို့ရှိပါတယ်။

လီဗာပူး VS ဆန်းဒါးလန်း

ဆန်းဒါးလန်းက တန်းဆင်းဇုန်အတွင်းမှာရှိနေတာကြောင့် အခုနောက်ပိုင်းပွဲစဉ်တွေမှာ ပွဲတိုင်းကို အာရုံစိုက်ကစားနေသလို ခြေစွမ်းပိုင်းလည်း ထက်မြက်လာပါတယ်။ ဒါပေမယ့် ဆန်းဒါးလန်းရဲ့ခံစစ်ကတော့ အခုအချိန်အထိ အမှားများနေဆဲပါ။ ဒါကြောင့် လီဗာပူးရဲ့အိမ်ကွင်းအားနဲ့ ဖိအားပေးမှုကို ပွဲချိန်ပြည့်တောင့်ခံဖို့ ခက်ပါတယ်။ လီဗာပူးပဲ အနိုင်ရမယ်။

စပါး VS ဝက်ဖို့ဒ်

စပါးက အခုနောက်ပိုင်းမှာ ကစားပုံကောင်းမွန်မှု ရှိပါတယ်။ အိမ်ကွင်းဖြစ်တဲ့အပြင် မန်ယူရဲ့ဖိအားပေးမှုကြောင့်လည်း စပါးတို့ အမှားအယွင်းအဖြစ်ခံမှာ မဟုတ်ပါဘူး။ ဝက်ဖို့ဒ်ကတော့ အသင်းလိုက်ကစားပုံမဆိုးပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းကျဆင်းတတ်သလို တိုက်စစ်ကလည်း ဂိုးသွင်းခြေမငြိမ်ပါဘူး။ စပါးကသာ အိမ်ကွင်းမှာ နိုင်ပွဲရသွားမှာပါ။

ယခုနှစ်ရာသီတွင် ဆုဖလား လေးလုံးရရှိရန် အခွင့်အရေးရှိနေသည်ဟု မန်စီးတီးကစားသမား ဖာနန်ဒို ယုံကြည်ထား

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် သမိုင်းဝင်အောင်မြင်မှုအဖြစ် အဓိကပြိုင်ပွဲ လေးခုစလုံးတွင် အောင်မြင်မှုရရှိရန် အခွင့်အရေးရှိနေသည်ဟု ယုံကြည်ထားကြောင်း မန်စီးတီးကွင်းလယ်ကစားသမား ဖာနန်ဒိုက ထုတ်ဖော်ပြောဆိုလိုက်သည်။

မန်စီးတီးအသင်းသည် ၂၀၁၅-၁၆ ခုနှစ် ဘောလုံးရာသီ၏ ချန်ပီယံလိဂ် ပြိုင်ပွဲတွင် ၁၆ သင်း နော့ကောက်အဆင့်သို့ တက်ရောက်ခွင့် ရရှိထားပြီး အဆိုပါအဆင့်တွင် ဒိုင်နမိုကိဗ်အသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ယခုနှစ် အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း မန်စီးတီးအသင်းသည် ပဉ္စမအဆင့်သို့ တက်ရောက်ခွင့်ရရှိထားကာ အဆိုပါအဆင့်၌ ချယ်လ်ဆီးနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး ပရီမီယာလိဂ်ပြိုင်ပွဲတွင်လည်း အမှတ်ပေးဇယားထိပ်ပိုင်း၌ ရပ်တည်နေသည့် အသင်းဖြစ်သည်။ ထို့အပြင် မန်စီးတီးအသင်းသည် တက်ပီတယ်ဝမ်းပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲသို့ တက်ရောက်ထားနိုင်ပြီး ဖေဖော်ဝါရီ ၂၈ ရက်တွင် ဝင်ဘလေကွင်း၌ လီဗာပူးနှင့် ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။

ဘရာဇီးကစားသမား ဖာနန်ဒို (၂၈ နှစ်)က မန်စီးတီးအသင်းအနေဖြင့်အဝေးကွင်းပွဲစဉ်များတွင်ရလဒ်များ ပိုမိုကောင်းမွန်စေရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း ဆက်လက်ပြောဆိုခဲ့သည်။

"အင်္ဂလန်မှာက ကစားရတဲ့ပွဲတိုင်းဟာ အလွန်ခက်ခဲပါတယ်။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာပေါ့။ ဘာကြောင့်လဲဆိုတော့ အိမ်ရှင်အသင်းတွေဟာ အမြဲတမ်းလိုလို အကောင်းဆုံးပုံစံနဲ့ စတင်ကစားနိုင်ကြတာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အဝေးကွင်း စွမ်းဆောင်ရည် ပိုမိုတိုးတက်လာအောင် လုပ်ဆောင်ဖို့ ရည်ရွယ်ထားပြီး အဝေးကွင်းမှာ နိုင်ပွဲတွေ ရရှိဖို့လည်း မျှော်လင့်ထားပါတယ်။ တကယ်လို့ မန်စီးတီးရဲ့ အဝေးကွင်း စွမ်းဆောင်ရည်တိုးတက်လာပြီး ဂိုးအများအပြားသွင်းယူခံရခြင်းမရှိဘူးဆိုရင် ဒါဟာ မန်စီးတီးအသင်းကို ဆုဖလားတွေ ရယူနိုင်ဖို့ အကူအညီဖြစ်လာမှာပါ။ မန်စီးတီးဟာ အသင်းကောင်းတစ်သင်းဖြစ်ပြီး ကစားသမားတွေအားလုံးကလည်း အသင်းအတွက် အာရုံစိုက်ထားကြပါတယ်။ ဒါကြောင့် မန်စီးတီးဟာ အခုနှစ်ဘောလုံးရာသီမှာ ဆုဖလား လေးလုံးစလုံး ရယူနိုင်ဖို့ အခွင့်အရေးရှိနေတယ်လို့ကျွန်တော်ထင်တယ်။ ကျွန်တော်တို့ဟာ မြင့်မားတဲ့ ရည်ရွယ်ချက်ထားရှိပြီး ရည်မှန်းချက်ရောက်အောင်လည်း ကြိုးစားနေပါတယ်"ဟု ဖာနန်ဒိုက ပြောသွားသည်။

မန်စီးတီးအသင်းသည် လာမည့် နွေရာသီအတွင်း မန်နေဂျာ ပယ်လီဂရီနီ၏ နေရာတွင် ဘာစီလိုနာအသင်း နည်းပြဟောင်းဖြစ်သူ ဂွာဒီယိုလာအား သုံးနှစ်သက်တမ်းရှိ စာချုပ်ဖြင့် အစားထိုး ခန့်အပ်သွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့် တနင်္လာနေ့က သတင်းထုတ်ပြန် ကြေညာခဲ့သည်။ လက်ရှိအချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် တာဝန်ယူနေသူ ဂွာဒီယိုလာသည် ယခုနှစ် ဘောလုံးရာသီ ပြီးဆုံးချိန်တွင် ဘိုင်ယန်မှ ထွက်ခွာမည်ဟု ပြီးခဲ့သည့် ဒီဇင်ဘာလကတည်းက ကြေညာထားသူ ဖြစ်သည်။ ■